# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ချမ်းသာခြင်းအကြောင်းတရား**

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏၊ အခိုင်အမြဲတည်သော သဒ္ဓါတရားရှိခြင်းသည် ချမ်းသာ၏၊ အသိဉာဏ်ပညာကို ရခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကို မပြုခြင်းသည် ချမ်းသာ၏။

နာဂဝဂ်(ဓမ္မပဒ-၃၃၃)


၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်၊ အင်္ဂါနေ့။ Tuesday, 28 November 2023 ၁၁၂၉၃


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ခြင်းအခမ်းအနားအား စည်ကားသိုက်မြိုက်စွာဖြင့် ဆက်လက်ကျင်းပပြုလုပ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည့်ရှုအားပေး



**နေပြည်တော် နိုဝင်ဘာ ၂၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ခြင်းအခမ်းအနားကို နိုဝင်ဘာ ၂၅ ရက်မှ စတင်၍ ကျင်းပပြုလုပ်လျက်ရှိပြီး ယနေ့ တန်ဆောင်မုန်းလပြည့်နေ့ ညနေပိုင်းတွင် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ ဆက်လက်ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့နှင့်အတူ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊


**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐**


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများက မီးပုံးပျံငယ်များ လွှတ်တင်ပူဇော်ကြစဉ်။

**ယနေ့ ဖတ်စရာ**

**တန်ဆောင်မုန်းလပြည့်နေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ ကုသိုလ်ဒါန ပြုကြသူများဖြင့် စည်ကား**


စာမျက်နှာ » ၁၀


**မြန်မာ့ကော်ဖီ ဖွံ့ဖြိုးမှုမှသည် နိုင်ငံ့စီးပွား တိုးပွားစေမည်**


ဆောင်းပါး စာမျက်နှာ » ၂၂




**ပြည်ပဈေးကွက်အထိ ထိုးဖောက် အောင်မြင်နေသည့် (555) အမှတ်တံဆိပ်ဆေးတံနှင့် သစ်သားပန်းပုလုပ်ငန်း**


တွေ့ဆုံမေးမြန်း စာမျက်နှာ » ၂၄

ကြေးမုံ

# အားနည်းသူများအပေါ် စာနာထောက်ထား

အားနည်းသူများအပေါ် အလေးထားဖေးမကူညီခြင်းသည် မင်္ဂလာတရားနှင့် အညီ ဆောင်ရွက်ခြင်းဖြစ်သည့်အပြင် လူ့အခွင့်အရေးကိုတန်ဖိုးထားပြီး လူသား အချင်းချင်းစာနာထောက်ထားသည့် ကောင်းမြတ်သောအမူပင်ဖြစ်သည်။ အားနည်း သူဆိုသည်မှာ ကလေးသူငယ်၊ အမျိုးသမီး၊ သက်ကြီးရွယ်အို၊ ဆင်းရဲနွမ်းပါးသူနှင့် မသန်စွမ်းသူ စသည့်ခံစားထိခိုက်လွယ်သော လူအုပ်စုများဖြစ်သည်။ ယင်းတို့တွင် အမျိုးသမီးများမှာ ကာယအားဖြင့်လည်းကောင်း၊ ရပ်တည်နေထိုင်မှုအားဖြင့် လည်းကောင်း လိုအပ်ချက်များရှိသဖြင့် အားနည်းသောအုပ်စုတွင် ထည့်သွင်းထား သည်။

သာမန်အားဖြင့်ကြည့်လျှင် အမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူ ရပ်တည်နိုင်သည်ဟု ထင်မြင်ရသော်လည်း ကမ္ဘာတစ်ဝန်းလုံးအနေဖြင့် အမျိုးသမီး သုံးဦးလျှင် တစ်ဦးမှာ အကြမ်းဖက်ခံနေရသည်ဟု ကုလသမဂ္ဂက မှတ်ချက်ပြုထား သည်။ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှုနှင့်ပတ်သက်၍ လိင်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် စီးပွားရေးပိုင်းဆိုင်ရာ အကြမ်း ဖက်မှု စသည့်အသွင်သဏ္ဍာန်မျိုးစုံဖြင့် တွေ့မြင်နိုင်သည်။ အထူးသဖြင့် အိမ်တွင်း အကြမ်းဖက်မှု၊ အဓမ္မပြုကျင့်မှု၊ ခြိမ်းခြောက်မှု၊ ကာယိန္ဒြေနှောင့်ယှက်မှုနှင့် လူကုန် ကူးခံရမှုများမှာ ထင်ရှားသည်။

အမျိုးသမီးများအနေဖြင့် ထိုသို့အကြမ်းဖက်မှု ခံရနိုင်ခြေများရှိသဖြင့် နှစ်စဉ် နိုဝင်ဘာလ ၂၅ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများအပေါ် အကြမ်းဖက် မှုပပျောက်ရေးနေ့ အထိမ်းအမှတ်နေ့အခမ်းအနားများကို နိုင်ငံများ၌ လူထုလှုပ်ရှား မှုအသွင်အမျိုးမျိုးဖြင့်ဆောင်ရွက်ကာ အသိပေးလှုံ့ဆော်လျက်ရှိသည်။ အပြည်ပြည် ဆိုင်ရာအမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနေ့နှင့် တစ်ဆက်တည်း တွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားများကို မြန်မာနိုင်ငံအပါအဝင် ကမ္ဘာပေါ်ရှိနိုင်ငံများတွင် ကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်လာသည်ကို သတိပြုမိသည်။

မြန်မာနိုင်ငံအနေဖြင့် လူ့အခွင့်အရေးနှင့်ဆက်စပ်သည့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းတွင် ပါဝင်လက်မှတ်ရေးထိုးထားပြီး အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကို ဥပဒေနှင့် အညီ ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲမှုလုပ်ငန်း အဖွဲ့ကို ဖွဲ့စည်း၍ ကလေးသူငယ်ဆိုင်ရာကိစ္စရပ်များသာမက ကျား၊ မအခြေပြု အကြမ်းဖက်မှုကိစ္စရပ်များကိုပါ ပူးပေါင်းဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။ အမျိုးသမီးရေးရာကော်မတီအဆင့်ဆင့်မှလည်း အမျိုးသမီးများအပေါ် နည်းလမ်း မျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေး၊ ဥပဒေကြောင်းအရ ပိုမိုအကာအကွယ်ပေးနိုင်ရေးနှင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးဆောင်ရွက်လျက်ရှိသည်။

မြန်မာတို့၏ ဘာသာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများအရ ကျား၊ မ မခွဲခြားဘဲ တန်းတူရည်တူရှိပြီး အားနည်းသူများအပေါ်တွင် မေတ္တာတရားဖြင့် အလေးထား ဆက်ဆံကြသည်။ သို့သော် လူမှုဘဝနယ်ပယ်တွင် အိမ်တွင်းအကြမ်းဖက်မှုဖြစ်စဉ် များ ဖြစ်ပေါ်လေ့ရှိပြီး ယင်းဖြစ်စဉ်များကို လူ့အခွင့်အရေးချိုးဖောက်မှု၊ အကြမ်းဖက် မှုအဖြစ် ရှုမြင်မှုအားနည်းနေသည်။ အမျိုးသမီးများအနေဖြင့်လည်း အရှက် အကြောက်တရားကြောင့် ဥပဒေနှင့်အညီ ပြန်လည်တုံ့ပြန်နိုင်မှုတွင်လည်း အားနည်းနေသည်။ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအနှံ့အပြားတွင် ဖြစ်ပေါ်သည့် ပဋိပက္ခများတွင် အမျိုးသမီးများမှာ ပို၍ထိခိုက်လွယ်သည်ကိုတွေ့ရသည်။ မြန်မာ နိုင်ငံလူဦးရေ၏ ၅၀ ရာခိုင်နှုန်းကျော်သည် အမျိုးသမီးများဖြစ်၍ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်တားဆီးနိုင်ပါက နိုင်ငံသားများကို အကြမ်းဖက်မှုမှ အကာအကွယ်ပေးရာရောက်သည်။ အိမ်တွင်းအကြမ်းဖက်မှုသည် မိသားစုအသိုင်း အဝိုင်းအတွင်း ဖြစ်ပေါ်တတ်သဖြင့် အခြားထက်ပိုမိုများပြားနိုင်သည်ကို သတိပြု ရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ကောက်ယူခဲ့သော စစ်တမ်းတစ်ခုအရ အသက် (၁၅) နှစ်မှ (၄၉) နှစ်ကြား အိမ်ထောင်ကျဖူးသူ အမျိုးသမီးများ၏ ၂၅ ရာခိုင်နှုန်းသည် ၎င်းတို့၏ ဘဝတစ်လျှောက်တွင် အရင်းနှီးဆုံးအဖော်ဖြစ်သူ(ခင်ပွန်း)၏ အကြမ်းဖက်မှုပုံစံ တစ်မျိုးမျိုးကို ကြုံတွေ့ခံစားခဲ့ရဖူးပြီး များသောအားဖြင့် မည်သည့်အကူအညီ ကယ်တင်မှုတစ်ခုမျှ မရရှိခဲ့ကြဟုသိရသည်။ အမျိုးသမီးအိမ်တွင်းအကြမ်းဖက်မှု နှင့်ပတ်သက်၍ ကာယကံရှင်များအနေဖြင့် ထုတ်ဖော်ပြောဆိုရန် မလွယ်ကူကြ သည်ကိုတွေ့ရသည်။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုသည် အမျိုးသမီးများ ၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာထိခိုက်ခံစားရမှုများကို ဖြစ်စေနိုင်ပြီး အချို့ အမျိုးသမီးငယ်များမှာ အဆိုးရွားဆုံးအခြေအနေများတွင် အသက်သေဆုံးသည်အထိ ဖြစ်နိုင်သည်ကိုတွေ့ရသည်။

သို့ဖြစ်ရာ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အကြမ်းဖက်မှုပုံစံအမျိုးမျိုးမှ ကင်းဝေးနိုင်အောင် နိုင်ငံတော်နှင့်သက်ဆိုင်ရာအဖွဲ့အစည်းများက ဆောင်ရွက်နေ သော်လည်း လက်တွေ့တွင် အမျိုးသမီးများ၏ မိဘများ၊ ညီအစ်ကိုမောင်နှမများ၊ ဆွေမျိုးသားချင်းများကိုယ်တိုင် အလေးထားလုပ်ဆောင်ခြင်းသည် အရေးကြီးသည့် အချက်ဖြစ်၍ အမျိုးသမီးများနှင့်မိန်းကလေးငယ်များနှင့်အတူ အမျိုးသားများနှင့် ယောကျ်ားလေးများ အတူတကွပူးပေါင်းပါဝင်လုပ်ဆောင်မှသာ အားနည်းသူ အပေါ် စာနာထောက်ထား အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၃ ခုနှစ်၊ (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

**ပြည်ထောင်စုငြိမ်းချမ်းရေးမှသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးဆီသို့။**

၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်

(၇-၁၂-၂၀၂၃)

## ၂၀၂၃ ခုနှစ်၊ (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ တိုင်းရင်းသားအားလုံး၏ ညီညွတ်သော စုပေါင်းအင်အားဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

★ လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ် အကောင်အထည်ဖော်ဆောင်ရေး။

★ ဗလငါးတန်နှင့် ပြည့်စုံသည့် မျိုးချစ်စိတ်ရှိသော လူငယ်များ ပြုစုပျိုးထောင်ရေး။

★ စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ရေး။

# မိုင်းရှူးမြို့နယ် နားနိမ်ကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှု စစ်ဆေး

**မိုင်းရှူး နိုဝင်ဘာ ၂၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူး မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနက မော်မေ့ကျေးရွာအုပ်စု နားနိမ်ကျေးရွာ၌ ကျေးလက်ရေရရှိရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေ များကို ယနေ့ နံနက်ပိုင်းက ခရိုင်ဦးစီးမှူး နှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေး သည်။



### ကြည့်ရှုစစ်ဆေး

ထိုသို့စစ်ဆေးရာတွင် မိုင်းရှူးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာမင်း၊ မြို့နယ်ဦးစီးမှူး ဦးမင်းဦးနှင့် အင်ဂျင် နီယာဝန်ထမ်းများသည် နားနိမ့်ကျေးရွာ တွင် အရှည် သုံးဖာလုံရှိ စိမ့်စမ်းရေ သွယ်ယူခြင်းလုပ်ငန်းနှင့် ဂါလန် ၅၀၀၀ ဆံ့ ရေစုကန် တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက တာဝန်ရှိသူများနှင့်တွေ့ဆုံကာ လိုအပ် သည်များ ဆွေးနွေးမှာကြားသည်။

အဆိုပါလုပ်ငန်းများကို ပြည်နယ် (မူလ)ခွင့်ပြုရန်ပုံငွေကျပ် ၁၆ ဒသမ ၀၄ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာ ဝန်ထမ်းများနှင့် ကျေးရွာသူ ကျေးရွာ သားများ ပူးပေါင်း၍ ဇူလိုင်လ ဒုတိယ ပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ အားလုံး၏ ၈၀ ရာခိုင်နှုန်းခန့် ဆောင်ရွက် ပြီးစီးပြီဖြစ်ပြီး ရာနှုန်းပြည့် ဆောင်ရွက် ပြီးစီးပါက အဆိုပါကျေးရွာရှိ အကျိုးပြု အိမ်ခြေ ၂၈ အိမ်၊ လူဦးရေ ၁၉၄ ဦးတို့ အတွက် နွေရာသီရေရှားပါးသည့် ပြဿနာ များ ပြေလည်ကာ သန့်ရှင်းသော သောက်သုံးရေများ ရာသီမရွေး ဖူလုံစွာ ရရှိမည်ဖြစ်ကြောင်း သိရသည်။ ၂၂၂

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | | |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးကျော်သူရနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုစဉ်။





❒ ရှေ့ဖုံးမှ

ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများကလည်း စည်ကားများပြားစွာ လာရောက်ကြည့်ရှုကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မီးရှူးမီးပန်းများဖြင့် ပူဇော်မှုများနှင့် မီးပုံးပျံများ လွှတ်တင်မှုကို ကြည့်ရှုကြသည်။ မီးရှူးမီးပန်းများ ပစ်ဖောက်ပူဇော်ချိန်နှင့် မီးပုံးပျံများ လွှတ်တင်ချိန်၌ မီးပုံးပျံငယ်များကိုလည်း တစ်ချိန်တည်း လွှတ်တင်ကြသည်။


ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်းနှင့် ဆီမီးများ ကပ်လှူပူဇော်ကာ ရင်ပြင်တော်ကြီးပေါ်၌ လှည့်လည် ဖူးမြော်ကြည်ညို၍ တက်ရောက်လာကြသူများနှင့် အတူ ဆီမီး ၉၀၀၀ ကို အတူတကွ ထွန်းညှိပူဇော်၍ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော်သို့ လာရောက်ကြသူများနှင့် ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများအား ခင်မင်ရင်းနှီးစွာဖြင့် နှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပထမအကြိမ်မသိုးရွှေကြာသင်္ကန်း ရက်လုပ်ကပ်လှူပူဇော်ရာတွင် ပါဝင်ခဲ့သည့် ရက်ကန်းအဖွဲ့ ကိုးဖွဲ့ကို ချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်သည်။

စာမျက်နှာ ၄ သို့ »»







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မီးရှူးမီးပန်းများဖြင့် ပူဇော်မှုများနှင့် မီးပုံးပျံများလွှတ်တင်မှုကို ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော်သို့ လာရောက်ကြသူများနှင့် ဘုရားဖူးလာရဟန်းရှင်လူပြည်သူများအား ခင်မင်ရင်းနှီးစွာနှုတ်ဆက်ကြစဉ်။

»»» စာမျက်နှာ ၃ မှ

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မီးရှူးမီးပန်းများဖြင့် ပူဇော်ခြင်းနှင့် ညမီးကြီးမီးပုံးပျံများ၊ စိန်နားပန်မီးပုံးပျံများ လွှတ်တင်မှုများကို မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့ လာရောက်ကြသည့် ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများနှင့်အတူ ကြည့်ရှုအားပေးကြသည်။

**မီးပုံးပျံငယ်များ လွှတ်တင်ပူဇော်**

မီးပုံးပျံများ လွှတ်တင်မှုအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနားတက်ရောက် လာကြသူများသည် မီးပုံးပျံငယ်များ လွှတ်တင်ပူဇော်ခဲ့ကြသည်။

ပြည်ထောင်စု နယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ တန်ဆောင်တိုင်ပွဲတော် အခါသမယအဖြစ် တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို နိုဝင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ပွဲတော်ကာလအတွင်း ဆီမီး ၉၀၀၀ ကပ်လှူပူဇော်ခြင်း၊ အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်စဉ်များဖြင့် ပူဇော်ခြင်း၊ မီးရှူးမီးပန်းများ ပစ်လွှတ်ပူဇော်ခြင်း၊ ပထမအကြိမ် မသိုးသင်္ကန်း ရက်လုပ်ကပ်လှူပူဇော်ခြင်းနှင့် အလှညမီးကြီးမီးပုံးပျံများနှင့် စိန်နားပန်မီးပုံးပျံများကို ခမ်းနားထည်ဝါစွာ လှပစွာဖြင့် လွှတ်တင် ပူဇော်ခြင်းများကို ဆောင်ရွက်ခဲ့သည့်အပြင် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း LED မီးများဖြင့် အလှဆင်ပူဇော်ခြင်း၊ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများ၏ ဒေသထွက်ကုန်၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းအရောင်းဆိုင်ခန်းများ၊ ဒေသထွက် မြန်မာ့ရိုးရာမုန့်ဆိုင်များ ခင်းကျင်းပြသရောင်းချခြင်းများနှင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး မြဝတီတေးဂီတအဖွဲ့တို့မှ အနုပညာရှင်များနှင့် ပြင်ပအနုပညာရှင်များက ယိမ်းအကအလှများ၊ တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေမှုများကို ဆောင်ရွက်ခဲ့ပြီး ရဟန်းရှင်လူ ဘုရားဖူးပြည်သူများ စည်ကားသိုက်မြိုက်စွာ လာရောက်ဖူးမြော် ကြည်ညိုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်လာကြသူများနှင့်အတူ ဆီမီး ၉၀၀၀ ကို အတူတကွ ထွန်းညှိပူဇော်စဉ်။





မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော်သို့ လာရောက်ကြသူများနှင့် ဘုရားဖူးလာရဟန်းရှင်လူပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။


# တန်ဆောင်မုန်းလပြည့်နေ့(သာမညဖလအခါတော်နေ့)တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညို၊ တန်ဆောင်တိုင်မီးထွန်းပွဲတော်များ ကျင်းပပြုလုပ်

နေပြည်တော် နိုဝင်ဘာ ၂၇

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ်များအနက် တစ်ရက်ဖြစ်သည့် တန်ဆောင်မုန်းလပြည့် သာမညဖလ အခါတော်နေ့ဖြစ်သည်နှင့်အညီ တန်ဆောင်တိုင်ပွဲတော်၊ မီးထွန်းပွဲတော်တို့ကို မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကောင်းတစ်ရပ်အဖြစ် ထိန်းသိမ်းလက်ဆင့်ကမ်းပြီး နှစ်စဉ်ကျင်းပပြုလုပ်ကြသည်။

အဆိုပါ နေ့ထူးနေ့မြတ်တွင် ဗုဒ္ဓဘာသာဝင်များ အနေဖြင့် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဥပုသ်သီလ ဆောက်တည်ခြင်း၊ ပဋ္ဌာန်းဒေသနာတော်နှင့် ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ခြင်း၊ ဘုန်းတော်ကြီးကျောင်းများ၌ ကထိန်လျာသင်္ကန်း ကပ်လှူခြင်း၊ ကထိန်ခင်းခြင်း၊ ဒါနသီလဘာဝနာကုသိုလ်ယူ ဆည်းပူးပွားများခြင်းစသည့် သူတော်ကောင်းတရားများကို ကြိုးစားအားထုတ်ဆောင်ရွက်ကြပြီး ဘုရား၊ စေတီ၊ ပုထိုးများ၌လည်း စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုခြင်းများကို ပြုလုပ်ကြသည်။

ထိုသို့မြန်မာ့ယဉ်ကျေးမှုပွဲတော်ကို ထိန်းသိမ်းဆင်နွှဲလျက်ရှိကြရာ နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အတွင်းရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတွင်လည်း ယနေ့ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ **စာမျက်နှာ ၆ သို့** ■



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အတွင်းရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတွင် ဆီမီးတစ်ထောင် ထွန်းညှိပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတွင် ဆီမီးတစ်ထောင် ထွန်းညှိပူဇော်စဉ်။



ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်း၌ ရောင်စုံမီးအလှများဖြင့် မီးထွန်းပွဲတော်ကို သာယာလှပစွာ ပြုလုပ်ထားသည်ကို တွေ့ရစဉ်။









တန်ဆောင်မုန်းလပြည့်နေ့(သာမညဖလအခါတော်နေ့)တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုလျက်ရှိသည်ကို တွေ့ရစဉ်။

■ စာမျက်နှာ ၅ မှ

ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ဇနီးများက ဆီမီးများ၊ ရောင်စုံမီးအလှများဖြင့် ထွန်းညှိပူဇော်ခြင်း၊ ပန်း၊ ရေချမ်း ကပ်လှူပူဇော်ခြင်း၊ ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်ခြင်းများ ပြုလုပ်ခဲ့ကြပြီး တန်ဆောင်မုန်းလပြည့် သာမညဖလအခါတော်နေ့ တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို ပျော်ရွှင်ကြည်နူးစွာဆင်နွှဲခဲ့ကြသည်။

**ပျော်ရွှင်ကြည်နူးစွာဆင်နွှဲ**

အလားတူ တန်ဆောင်တိုင်မီးထွန်းပွဲတော် အထိမ်းအမှတ်အဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်း၌ လည်းလမ်း၊ အဆောက်အအုံများ၊ ပန်းအလှသစ်ပင်များတွင် ရောင်စုံမီးအလှများဖြင့် မီးထွန်းပွဲတော်ကို သာယာလှပစွာ ပြုလုပ်ထားရှိပြီး ပျော်ပွဲရွှင်ပွဲများကိုလည်း ပြုလုပ်ထားရှိရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများက စိတ်နှလုံးအေးချမ်းစွာဖြင့် ပျော်ရွှင်ကြည်နူးစွာ ဆင်နွှဲခဲ့ကြသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်း၌ ရောင်စုံမီးအလှများဖြင့် မီးထွန်းပွဲတော်ကို သာယာလှပစွာပြုလုပ်ထားသည်ကို တွေ့ရစဉ်။

ထို့အတူ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိဘုရား၊ စေတီ၊ ပုထိုးများ၌ တန်ဆောင်တိုင်မီးထွန်းပွဲတော်များ၊ ရှင်ဥပဂုတ္တ မထေရ်မြတ်ပူဇော်ပွဲနှင့် မီးမျှောပူဇော်ပွဲများကို ကျင်းပကြရာ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ထွန်းညှိပူဇော် ဖူးမြော်ကြည်ညိုကြပြီး နိဗ္ဗာန်ဈေးပွဲတော်များတွင်လည်း ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသူများဖြင့် စည်ကားသိုက်မြိုက်လျက်ရှိသည်။

အလားတူ တန်ဆောင်တိုင်ရုံးပိတ်ရက်ကာလ ဖြစ်သည်နှင့်အညီ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ အပန်းဖြေစခန်းများ၊ ကမ်းခြေများ၊ အများပြည်သူနှင့် သက်ဆိုင်သည့် ပန်းခြံများ၌ လာရောက်အပန်းဖြေကြသူများနှင့် အထူးစည်ကားလျက်ရှိကာ တန်ဆောင်မုန်းလပြည့်နေ့ အခါသမယကို အများပြည်သူများ အနေဖြင့် ပျော်ရွှင်ကြည်နူးစွာ ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

❖ **တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ တန်ဆောင်တိုင်မီးထွန်းပွဲတော်များ၊ ရှင်ဥပဂုတ္တ မထေရ်မြတ်ပူဇော်ပွဲနှင့် မီးမျှောပူဇော်ပွဲများကို ကျင်းပကြရာ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ထွန်းညှိပူဇော် ဖူးမြော်ကြည်ညိုကြပြီး နိဗ္ဗာန်ဈေးပွဲတော်များတွင်လည်း ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြသူများဖြင့် စည်ကားသိုက်မြိုက်လျက်ရှိ**

# လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်

ပြည်ထောင်စုနယ်မြေ နေပြည်တော်ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဉယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တန်ဆောင်တိုင် မီးထွန်းပွဲတော်၊ မီးပုံးပျံလွှတ်တင် ပူဇော်ခြင်းအခမ်းအနားကို နိုဝင်ဘာ ၂၅ ရက်မှ ၂၇ ရက်နေ့အထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပ ပူဇော်နိုင်ခဲ့ရာတွင် ပါဝင်ခဲ့ကြသော အောက်ဖော်ပြပါ အဖွဲ့အစည်း အသီးသီးအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်-

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
၂။ ပြန်ကြားရေးဝန်ကြီးဌာန
၃။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန
၄။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
၅။ ကျန်းမာရေးဝန်ကြီးဌာန
၆။ ဆောက်လုပ်ရေးဝန်ကြီးဌာန
၇။ နေပြည်တော်ကောင်စီ/စည်ပင်
၈။ ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ်ရုံး
၉။ ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံး
၁၀။ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
၁၁။ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး
၁၂။ စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး
၁၃။ ထောက်ပံ့နှင့်ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံး
၁၄။ စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံး
၁၅။ နေပြည်တော်တိုင်းစစ်ဌာနချုပ်
၁၆။ မြန်မာစီးပွားရေးကော်ပိုရေးရှင်း
၁၇။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး(ဂေါပကရုံးအဖွဲ့)
၁၈။ မီးသတ်ဦးစီးဌာန
၁၉။ ကြက်ခြေနီအသင်း
၂၀။ မြန်မာနိုင်ငံရဲတပ်ဖွဲ့
၂၁။ မီးပုံးပျံအဖွဲ့(တောင်ကြီး)
၂၂။ ရွှေတိဂုံရက်ကန်းအဖွဲ့
၂၃။ အင်းဝဘဏ်
၂၄။ ဝန်ကြီးဌာနအသီးသီးမှ ဝတ်အသင်းအဖွဲ့များ
၂၅။ နေပြည်တော်ကောင်စီမှ ဝတ်အသင်းအဖွဲ့များ
၂၆။ နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ ဝတ်အသင်းအဖွဲ့များ
၂၇။ ပြန်ကြားရေးဝန်ကြီးဌာနမှ အနုပညာရှင်များ
၂၈။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များ
၂၉။ မြဝတီရုပ်မြင်သံကြားမှ အနုပညာရှင်များ
၃၀။ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ အနုပညာရှင်များ
၃၁။ ကာကွယ်ရေးဦးစီးချုပ်ရုံး(စခန်းရုံး)ဝတ်အသင်း

**မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓဉယျာဉ်တော် တန်ဆောင်တိုင်ပွဲတော် ဖြစ်မြောက်ရေးကော်မတီ**



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မီးရှူးမီးပန်းများဖြင့် ပူဇော်မှုများနှင့် မီးပုံးပျံများလွှတ်တင်မှုကို ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများက ကြည့်ရှုစဉ်။ (သတင်း-ရှေ့ဖုံး)

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပထမအကြိမ် မသိုးရွှေကြာသင်္ကန်းတော် ဆက်ကပ်လှူဒါန်းခြင်း မဟာမင်္ဂလာအခမ်းအနား ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၂၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဉယျာဉ်တော်ဝတ္ထုကံတော်အတွင်းရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပထမအကြိမ် မသိုးရွှေကြာသင်္ကန်းတော် ဆက်ကပ်လှူဒါန်းခြင်း မဟာမင်္ဂလာ အခမ်းအနားကို ယနေ့နံနက် အရုဏ်တက်မင်္ဂလာအချိန်တွင် ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောနှင့် တာဝန်ရှိသူများက မသိုးရွှေကြာ သင်္ကန်းတော်ကို ဆက်ကပ်လှူဒါန်းကြသည်။

**တက်ရောက်**

အဆိုပါ မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဝတ်အသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို နမော တဿ သုံးကြိမ်ရွတ်ဆို ဘုရားရှိခိုး၍ ဖွင့်လှစ်ကြပြီး ဗုဒ္ဓ သရဏံ ဂစ္ဆာမိ အစချီသည့် အရိယာသာ ဝိတ္ထိ ဂါထာတော်ကို သံပြိုင်ညီညာသုံးကြိမ် ရွတ်ဆိုပူဇော်ကြသည်။

ထို့နောက် တက်ရောက်လာကြသူများက မသိုးရွှေကြာသင်္ကန်းတော် ကိုးထည်ကို ဒေဝါဝင်း၊ ရာဇာဝင်းများခြံရံ၍ ရေပန်းရင်ပြင်တော်မှ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်ပေါ်သို့ ပင့်ဆောင်သည်။ ယင်းနောက် ဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ကာ ဆက်ကပ် ပူဇော်မည့်နေရာသို့ ပင့်ဆောင်ကြသည်။ ထိုသို့ ပင့်ဆောင်နေချိန်၌ ဝတ်အသင်းအဖွဲ့များက ဘုရားဂုဏ်တော် ကိုးပါးပါဠိကို ရွတ်ဆိုပူဇော်ကြသည်။

ထို့နောက် မသိုးရွှေကြာသင်္ကန်းတော် ကိုးထည်ကို လေးခေါက်ခေါက်ခြင်း၊ ထပ်၍စုစည်းခြင်းများကိုဆောင်ရွက်ကြပြီးနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့က မသိုးရွှေကြာသင်္ကန်းတော် ကိုးထည်ကို ဆက်ကပ်လှူဒါန်းပြီး ဥပါသကာများက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ လက်တော်ပေါ်သို့ ဆက်လက်ဆက်ကပ်ပူဇော်သည်။ ထိုသို့ ဆက်ကပ်ပူဇော်နေချိန်တွင် အခမ်းအနားမှူးက မသိုးရွှေကြာသင်္ကန်း ကပ်လှူပူဇော်ခြင်း မင်္ဂလာစာတမ်းကို ရွတ်ဖတ်ပူဇော်သည်။



**ကုသိုလ်အမျှပေးဝေ**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောနှင့် တက်ရောက်လာကြသူများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီး မြသပိတ်ဆွမ်းတော်၊ သစ်သီးပန်းမန်၊ ရေချမ်းနှင့် ဆီမီးများ ကပ်လှူပူဇော်ကာ သမ္မာဒေဝနတ်ကောင်း နတ်မြတ်များနှင့် ၃၁ ဘုံသားတို့အား မေတ္တာပြု၍ ကုသိုလ်အမျှပေးဝေကြသည်။

ထို့နောက် အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ရုပ်သိမ်းခဲ့ကြသည်။

ဗုဒ္ဓဘာသာမြန်မာလူမျိုးများ၏ ထုံးတမ်းစဉ်လာတွင် မသိုးသင်္ကန်း ရက်လုပ် ဆက်ကပ်လှူဒါန်းခြင်းများကို တန်ဆောင်မုန်းလ အခါသမယတွင် ကျင်းပလေ့ရှိပြီး လပြည့်နေ့မတိုင်မီ အဖိတ်နေ့ ညနေပိုင်းတွင် သင်္ကန်းတော်များကို စတင်ရက်လုပ်၍ လပြည့်နေ့ အရုဏ်မတက်မီ အပြီးချုပ်လုပ်ကာ မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ကပ်လှူပူဇော်ကြခြင်း ဖြစ်ကြောင်း၊ မသိုးသင်္ကန်းရက်လုပ် ဆက်ကပ် လှူဒါန်းခြင်းများကို နှစ်စဉ် အမြဲ့မြဲ့အနယ်နယ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြပြီး ယခုနှစ်တွင် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်များအနက် ဉာဏ်တော်အမြင့်ဆုံး ဖြစ်တော်မူသည့် မာရဝိဇယစေတီတော်မြတ်ကြီး၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မိသားစု အမှူးပြုသည့် ခုနစ်ရက်သားသမီးများက ပထမဦးဆုံးအကြိမ် ဆက်ကပ်လှူဒါန်း ပူဇော်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အောင်ပါစေ

❖ အမှောင်ကို ခွင်း၊ အလင်းကို ဆောင်
လ တန်ဆောင်တိုင်၊ မြိုင်မြိုင်ဆိုင်သို့
ဒို့နိုင်ငံကြီး၊ ရွှေ့ခရီးသည်
ရန်မီးခပ်သိမ်း၊ ကင်းလွတ်ငြိမ်း၍
ငြိမ်းချမ်း သာယာ ပါစေသတည်း။

❖ တန်ဆောင်တိုင်ပွဲ၊ ဝှဲချီးနွဲ့ကာ
ပျော်ပွဲရွှင်ပွဲ၊ ခြိမ့်ခြိမ့်သဲသို့
လှည်းနေ လှေအောင်း၊ မြင်းဇောင်းမကျန်
ဝန်းရံပြည်သူ၊ အေးရိပ်ယူလျက်
များလူ အေးချမ်းပါစေသတည်း။

❖ တန်ဆောင်တိုင်လ၊ လပြည့်ည ပမာ
ကြယ်ခစုံညီ၊ ပြည့်စုံသည်သို့
ပြည်သူစိတ်ဝမ်း၊ မညှိုးနွမ်းအောင်
ဆောင်မြန်းသမျှ၊ အစစသည်
ဓမ္မအစစ်၊ ကေန်ဖြစ်၏
စစ်မှန်နီစွေး၊ မျိုးချစ်သွေးဖြင့်
ပြည့်ရေးပြည့်ရာ၊ အဖြာဖြာကို
တာဝန်ထမ်းနေ၊ ပြည့်သားတွေလျှင်
အောင်စေ အမှု၊ အောင်မြေထုဝယ်
အောင်ဆုပိုင်ပိုင် နိုင်စေသတည်း။ ။

**မျိုးမြတ်မြတ်မြင့်မောင်**

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ကျပ် ၅၀၀၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် နိုဝင်ဘာ ၂၇**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိက ထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

**ထုတ်ပြန်ကြေညာ**

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ နိုဝင်ဘာ ၂၈ ရက်မှ ဒီဇင်ဘာ ၃ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ကျပ် ၅၀၀၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

**ဝင်ရောက်ကြည့်ရှုနိုင်**

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

ပြည့်ဝဆီများကို
တတ်နိုင်သမျှ
လျှော့စား၍
အသွင်ပြောင်းဆီများ
စားသုံးခြင်းကို
လုံးဝရှောင်ကြဉ်ကြပါစို့

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တန်ဆောင်တိုင်မီးထွန်းပွဲတော် အောင်မြင်စွာကျင်းပပြီးစီး အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ တစ်ခဲနက်ပါဝင်ဆင်နွှဲခဲ့ကြ

**နေပြည်တော် နိုဝင်ဘာ ၂၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထား ပူဇော်အောင်မြင်ခဲ့သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် တန်ဆောင်တိုင်မီးထွန်းပွဲတော် နောက်ဆုံးနေ့ကို ယနေ့ စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပရာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ တစ်ခဲနက် ပါဝင်ဆင်နွှဲကြသည်။



### အထူးစည်ကား

ယနေ့သည် တန်ဆောင်မုန်းလပြည့်နေ့နှင့် တန်ဆောင်တိုင်မီးထွန်းပွဲတော်ကြီး၏ နောက်ဆုံးရက်ဖြစ်သည်နှင့်အညီ ဘုရားမုခ်ဦးအပြင် ကားရပ်နားရာ နေရာများ၌ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးကားများ ပြည့်လျက်ရှိပြီး ယာဉ်ထိန်း ရဲတပ်ဖွဲ့ဝင်များက ဘုရားအဝင်၊ အထွက်လမ်းကြောင်းများ ပိတ်ဆို့မှုမရှိစေရေးအတွက် စနစ်တကျ ဆောင်ရွက်ပေးကာ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း မီးထွန်းပွဲတော်ကြီး၌ တပျော်တပါးပါဝင်ဆင်နွှဲရန် ရောက်ရှိလာကြသည့် ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်ကို ကြည်နူးဖွယ်ရာတွေ့မြင်ရသည်။

ဘုရားမုခ်ဦးများ ရှေ့၌လည်း တန်ဆောင်တိုင် မီးထွန်းပွဲတော်လာ ဘုရားဖူးပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် စိတ်လက်အေးချမ်းစွာ ဘုရားဖူးမြော်ပါဝင်ဆင်နွှဲနိုင်ရေးအတွက် တာဝန်ရှိသူများက လုံခြုံရေးအရ လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ပေးပြီး ပွဲတော်အတွင်း ကုသိုလ်ပြုဆီမီးထွန်းညှိနိုင်မည့်နေရာများ၊ မီးပုံးပျံလွှတ်တင်ပူဇော်မည့်နေရာများ၊ ဈေးပွဲတော်နေရာများနှင့် အခြား သွားရောက်လေ့လာနိုင်မည့်နေရာများကို အလွယ်တကူ သွားရောက်နိုင်ရေး အတွက် လမ်းညွှန်ပြသပေးကြသည်။

ထို့နောက် တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့ လာရောက်ကြသည့် ဘုရားဖူးလာ ရဟန်းရှင်လူ ပြည်သူများသည် စိတ်အေးချမ်းသာစွာဖြင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်အတွင်း ဆီမီးကပ်လှူပူဇော်ခြင်း၊ အသံမစဲပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ခြင်းနှင့် ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်စဉ်များဖြင့် ပူဇော်ခြင်းတို့ကို ဆောင်ရွက်ကြရာ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း မြတ်စွာဘုရားရှင်၏ တရားဓမ္မသံများဖြင့် စိတ်ကြည်နူးဖွယ်ရာ ဖုံးလွှမ်းလျက်ရှိသည်။

မြတ်စွာဘုရားရှင်အား မီးပုံးပျံလွှတ်တင်၍ ပူဇော်မည့်နေရာ အသီးသီး၌လည်း ဘုရားဖူးလာပြည်သူများက ကြိုတင်စောင့်ဆိုင်းရောက်ရှိနေကြပြီး မီးပုံးပျံ အောင်မြင်စွာ လွှတ်တင်နိုင်ရေး အတွက် တာဝန်ရှိသူများ ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို အထူးစိတ်ဝင်တစား ကြည့်ရှုလေ့လာကြသည်။

ထို့နောက် မီးပုံးပျံလွှတ်တင်၍ မြတ်စွာဘုရားရှင်အား ပူဇော်မည့်အချိန် ရောက်ရှိသည့်အခါတွင် ဘုရားဝင်းအတွင်း သတ်မှတ်နေရာများအလိုက် မီးရှူး၊ မီးပန်းများ ပစ်ဖောက်ခြင်း၊ မီးပုံးပျံအသေးများ၊ အလှညမီးကြီးနှင့် စိန်နားပန်မီးပုံးပျံကြီးများအား ကောင်းကင်ယံထက်သို့ အောင်မြင်စွာလွှတ်တင်ပူဇော်ကြရာ ဘုရားဖူးလာပြည်သူများ၏ ကြည်နူးပီတိ လက်ခုပ်သံများသည်လည်း နေပြည်တော် တန်ဆောင်မုန်းလ၏ ညအလှကို ပိုမိုပေါ်လွင်စေခဲ့သည့် အပြင် အဆိုပါမီးပုံးပျံလွှတ်တင်ပူဇော်မှုများကို နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် တိုက်ရိုက်(Live) ထုတ်လွှင့်ပြသခဲ့ရာ အကြောင်းအမျိုးမျိုးကြောင့် မလာရောက်နိုင်သည့် ပြည်သူများ ရုပ်မြင်သံကြားတို့မှတစ်ဆင့် ပူဇော်ခွင့်ရရှိခဲ့ကြသည်။

### ဖူးမြော်ကြည်ညိုလေ့လာနိုင်

ထို့ပြင် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော် အတွင်း၌ LED မီးများဖြင့် အလှဆင် ပူဇော်ထားရှိသည့်အတွက် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် ဘုရား၊ စေတီ၊ ပုထိုးများ၏ သပ္ပာယ်မှုများနှင့် အံ့မခန်းဗိသုကာလက်ရာများကိုလည်း ဘုရားဖူးလာပြည်သူများအနေဖြင့် တစ်နှစ်တွင် တစ်ကြိမ်သာ ကြုံတွေ့ရမည့် တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့်ယှဉ်တွဲ၍ ဖူးမြော်ကြည်ညိုလေ့လာနိုင်ကြမည်ဖြစ်သည်။

ဆက်လက်၍ ကျောက်စာရုံစေတီတော်၊ မုစလိန္ဒကန်၊ နဂါးရုံဘုရားများ၊ ဂန္ဓကုဋိတိုက်များ၊ သုဓမ္မာဇရပ်များ၊ မာရဝိဇယ ကျောင်းတော်နှင့် အဂ္ဂါမိပတိ သာသနာ့ ဗိမာန်တော်ကြီးသို့ သွားရောက် ဖူးမြော်ကြည်ညိုလေ့လာကြသည့် ဘုရားဖူးလာ ပြည်သူများနှင့် ရေပန်းရင်ပြင်နှင့် ရေပန်းဝိုင်းအကြီး၊ ရေပန်းဝိုင်း အသေးနေရာများ၌လည်း မိသားစုအလိုက်သော် လည်းကောင်း၊ မိတ်ဆွေသူငယ်ချင်း အစုအဖွဲ့လိုက်သော်လည်းကောင်း ပျော်ရွှင်စွာ အမှတ်တရဓာတ်ပုံရိုက်ကြသည့်ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။



ထို့အတူ ပွဲတော်လာပြည်သူများအတွက် ဖျော်ဖြေရေးအစီအစဉ်ကောင်းများအဖြစ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး မြဝတီတေးဂီတအဖွဲ့တို့၏ တီးခတ်မှုနှင့်အတူ နိုင်ငံကျော်တေးသံရှင်များကလည်း တေးသီချင်းကောင်းများဖြင့် သီဆိုဖျော်ဖြေကြရာ လာရောက် အားပေးနားဆင်ကြသည့် တေးချစ်သူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။

အလားတူ ဘုရားဖူးလာပြည်သူများ ဒေသထွက် လက်ဆောင်အဖြစ် ဝယ်ယူနိုင်ရန်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများ၏ ဒေသထွက်ကုန်၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များ ဖွင့်လှစ်၍ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိရာ ဘုရားဖူးပြည်သူများ စိတ်ဝင်တစားဖြင့် ကြိတ်ကြိတ်တိုးဝယ်ယူလျက်ရှိကြသည့်အပြင် ဒေသထွက်မြန်မာ့ရိုးရာမုန့်ဆိုင်များ၌လည်း မြန်မာမုန့်များအား နှစ်သက်စွာဝယ်ယူအားပေးကြသူများကိုလည်း တွေ့မြင်ရသည်။

### ကလေးကစားကွင်း ထားရှိ

ထို့ပြင် ဘုရားဖူးလာ ကလေးငယ်များအတွက်လည်း ကလေးကစားကွင်း ထားရှိပေးထားရာ ကစားနည်းများအလိုက် စိတ်ပျော်ရွှင်ချမ်းမြေ့စွာ ကစားနေကြသည့်ကလေးငယ်များဖြင့်လည်း အထူးစည်ကားလျက်ရှိသည်။

တန်ဆောင်တိုင်မီးထွန်းပွဲတော်လာ ပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ကုသိုလ်ကောင်းမှုပြုလုပ်ကြပြီး ပွဲတော်ကို ဆင်နွှဲနိုင်ရေးအတွက် တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့က ဘုရားပရိဝုဏ်အတွင်း စနစ်တကျလိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသည့် အပြင် ဘုရားဖူးလာပြည်သူများ ကျန်းမာရေးကိစ္စ တစ်စုံတစ်ရာဖြစ်ပေါ်လာပါက အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန် အတွက် ကျန်းမာရေး စောင့်ရှောက်မှုဆေးခန်းများ ဖွင့်လှစ်ထားရှိသည်ကို တွေ့မြင်ရသည်။

အဆိုပါ တန်ဆောင်တိုင် မီးထွန်းပွဲတော်အား နိုဝင်ဘာ ၂၅ ရက်မှ ယနေ့အထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့ပြီး အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများအနေဖြင့်လည်း ပွဲတော်ကြီးအား စိတ်အားထက်သန်စွာ တစ်ခဲနက်ပါဝင်ဆင်နွှဲခဲ့ကြသည့်အတွက် အထူးစည်ကားများပြားခဲ့ကာ တန်ဆောင်တိုင်ည၏ အလှနှင့် ရသကို အပြည့်အဝခံစားနိုင်ခဲ့ရကြောင်း သိရသည်။



**သတင်း - မျိုးဆက်သစ်**
**ဓာတ်ပုံ - ထိန်အေး**

# တန်ဆောင်မုန်းလပြည့်နေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ ကုသိုလ်ဒါနပြုကြသူများဖြင့် စည်ကား

**နေပြည်တော် နိုဝင်ဘာ ၂၇**

တန်ဆောင်မုန်းလပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ်ဖြစ်သကဲ့သို့ မြန်မာ့ယဉ်ကျေးမှုဓလေ့နှင့် မြန်မာတို့၏ စိတ်ရင်းကို ဖော်ညွှန်းပြသနေသည့် မြန်မာ့ ၁၂ လရာသီပွဲတော်များအနက် တန်ဆောင်မုန်းပွဲတော်သည် မြန်မာတို့၏ အလှူသဒ္ဓါ တရားထက်သန်မှု၊ ဘာသာတရားကိုင်းရှိုင်းမှုတို့ကို အထင်အရှားမြင်တွေ့ရသည့် ပွဲတော်တစ်ခုဖြစ်သည်။

ယနေ့ ကျရောက်သည့် ၁၃၈၅ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့ (သာမညဖလအခါတော်နေ့) တွင် နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ ဘုရား၊ စေတီ၊ ပုထိုးများနှင့် ဘုန်းတော်ကြီးကျောင်းများတွင် ဘုရားဖူးလာရောက်ကြသူများ၊ ပဋ္ဌာန်းဒေသနာတော်နှင့် ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ကြသူများ၊ ဥပုသ်သီလ ဆောက်တည်ကြသူများ၊ ကထိန်လျာ သင်္ကန်းကပ်လှူကြသူများ၊ ကုသိုလ်ဒါနသီလပွားများကြသူများဖြင့် စည်ကားလျက်ရှိသည်။

နံနက်ပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၁၅) ကြိမ်မြောက် တန်ဆောင်တိုင် ရွှေကြာသင်္ကန်းကပ်လှူပူဇော်ပွဲ အခမ်းအနားကို အဆိုပါ စေတီလိုဏ်ဂူတော်အတွင်း၌ ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက စေတီတော်လိုဏ်ဂူတော်အတွင်းရှိ ဗုဒ္ဓပဋိမာရုပ်ပွားဆင်းတုတော်များနှင့် စေတီတော်အရှေ့မြောက်ထောင့်ရှိ မဟာဆုတောင်းပြည့် ဘုရားကြီးအား တန်ဆောင်တိုင် ရွှေကြာသင်္ကန်း ကပ်လှူပူဇော်ပြီး ရုပ်ပွားတော်များအား မြသပိတ်တော်ဖြင့် ဆွမ်း၊ သစ်သီး၊ ပန်းမန်နှင့် သောက်တော်ရေချမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နေပြည်တော် လယ်ဝေးမြို့ အင်းသာအရှေ့ကျောင်းတိုက် ပဓာနနာယက၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပဏ္ဍိတထံမှ ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့်ဇနီး၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင်များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ တာဝန်ရှိသူများနှင့် ဧည့်ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြပြီးဆရာတော်သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် လယ်ဝေးမြို့ အင်းသာအရှေ့ ကျောင်းတိုက် ဆရာတော် အမှူးပြုသော ဆရာတော်၊ သံဃာတော်များကို လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး အနုမောဒနာတရား နာယူကြကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဗုဒ္ဓဂါယာ (နေပြည်တော်)၊ မဟာသကျရံသီ ရုပ်တော်မူရုပ်ရှင်တော်မြတ်ကြီး၊ ရန်အောင်မြင်ရွှေလက်လှ စေတီတော်၊ ရန်အောင်ချမ်းသာဘုရား၊ ဓာတုစယဓာတ်ပေါင်းစု စေတီတော်၊ ထာဝရငြိမ်းချမ်းရေးစေတီ၊ လှေခွင်းတောင် တန်ခိုးကြီးဘုရား၊ ကိုးနဝင်းစေတီတော်၊ ဆုတောင်းပြည့် လောကမာရဇိန်စေတီ၊ သံသရာငြိမ်းအေး စေတီတော်၊ ဘုရားကိုးဆူ၊ ကိုးခန်းကြီးဘုရား၊ လောကရန်နှိမ်စေတီ၊ ဖောင်တော်ချက်မစေတီ၊ လက်လုပ်တောင်စေတီ၊ မြို့ပေါ်ရပ်ကွက်များရှိ စေတီပုထိုးများနှင့် ကျောင်းကန်ဇရပ်များတွင် ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ၊ ဝန်ထမ်းမိသားစုများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်ကြသူများသည် တရားဘာဝနာပွားများခြင်း၊ ဝတ်ရွတ်ပူဇော်ခြင်း၊ ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း၊ တရားသဘင်များ ကျင်းပခြင်း၊ ဆရာတော်သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ စတုဒိသာကျွေးမွေး လှူဒါန်းခြင်းများဖြင့် စည်ကားလျက်ရှိသည်။

အလားတူ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေး ဥယျာဉ်ရှိ ရတနာဆင်ဖြူတော် အဆောင်တွင် ဆင်စာကျွေးကြသူများ၊ နိဗ္ဗာန်ကုန်ဆိုင်များနှင့် အမှတ်တရပစ္စည်း အရောင်းဆိုင်များတွင်လည်း ဈေးဝယ်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

ထို့အတူ နေပြည်တော် ကောင်စီနယ်မြေ အတွင်းရှိ မြို့နယ်၊ ရပ်ကွက်၊ လမ်းများ၌ မော်တော်ယာဉ်များ၊ ဆိုင်ကယ်များဖြင့် စုပေါင်းမဟာဘုံကထိန်များ လှည့်လည်ခြင်း၊ စတုဒိသာများ ကျွေးမွေးခြင်း၊ နိဗ္ဗာန်ဈေးပွဲတော်များကျင်းပခြင်း၊ Ocean Super Center၊ Juction Center၊ Naypyitaw Wholesale တို့တွင် ဈေးလာဝယ်ကြသူများ၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ ဆာဖာရီဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်၊ လှေခွင်းတောင် အပန်းဖြေစခန်းနှင့် မင်္ဂလာကန်တော်တို့တွင် အပန်းဖြေ လာရောက်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

ထို့ပြင် နေပြည်တော်ရေပန်းဥယျာဉ်အတွင်း ကျင်းပလျက်ရှိသည့် တန်ဆောင်တိုင် ဈေးရောင်းပွဲတော်အတွင်း ဖျော်ဖြေရေးအစီအစဉ်များအဖြစ် နိုင်ငံကျော် တေးသံရှင်များက DJ, Music Band များနှင့်အတူ ပရိသတ်အကြိုက် တေးသီချင်းများဖြင့် ဖျော်ဖြေကြရာ လာရောက်လည်ပတ်ကြည့်ရှုကြသူများဖြင့် စည်ကားလျက်ရှိသည်။

ညပိုင်းတွင်လည်း ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ရင်ပြင်တော်တွင် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲကျင်းပရာ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည့်အပြင် မြို့ပေါ်ရပ်ကွက်၊ ကျေးရွာများရှိ ဘုရားစေတီများနှင့် နေအိမ်များ၌ မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဆီမီးနှင့် မီးရောင်စုံ ထွန်းညှိပူဇော်ကြသူများ၊ မဲဇလီဖူးသုပ်ဒါနပြုကြသူများ၊ ပွဲသကူလိုက်လံကောက်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

တန်ဆောင်မုန်းလပြည့်နေ့တွင် ဘုရားဖူး လာရောက်ကြသည့် ပြည်သူများကို ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန် ဆောင်ရွက်ပေးခြင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကလည်း စိတ်အေးချမ်းစွာကုသိုလ်ပြုနိုင်ရန် လုံခြုံရေး ဆောင်ရွက်ပေးလျက်ရှိကို တွေ့ရသည်။ **သတင်း-လုလင်ငယ်**

**ဓာတ်ပုံ - ပြည့်စုံ**





နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၁၅) ကြိမ်မြောက် တန်ဆောင်တိုင် ရွှေကြာသင်္ကန်းကပ်လှူပူဇော်ပွဲ အခမ်းအနားကျင်းပစဉ်။

## ကျိုက်ထိုမြို့နယ်၌ တန်ဆောင်မုန်းလပြည့်နေ့တွင် စတုဒိသာကျွေးမွေးသူများဖြင့် စည်ကားလျက်ရှိ

**ကျိုက်ထို နိုဝင်ဘာ ၂၇**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် တန်ဆောင်မုန်းလပြည့် (သာမညဖလ အခါတော်နေ့) နိုဝင်ဘာ ၂၇ ရက်တွင် မြို့နယ်အတွင်း စတုဒိသာကျွေးမွေးသူများ၊ အလှူဒါနပြုသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။



တန်ဆောင်မုန်းလပြည့်နေ့တွင် မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၌ ဆွမ်းတော်ကြီးတင်လှူပွဲများပြုလုပ်ခြင်း၊ မီးထွန်းပွဲများပြုလုပ်ခြင်း၊ ရပ်ကွက်များ၊ ကျေးရွာများ၌ စတုဒိသာများ ကျွေးမွေးလှူဒါန်းခြင်းများဖြင့် စည်ကားလျက်ရှိသည်။

ထို့ပြင် ကျိုက်ပေါလောမွဲ့ရှင်တော်ဘုရား၊ သံသရာအေးစေတီ၊ ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်တို့၌လည်း ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ရွှေတိဂုံစေတီ ရင်ပြင်တော်ပေါ်တွင် မွန်တိုင်းရင်းသားများ ဆီမီးထွန်းညှိပူဇော်ပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၇**

ဗုဒ္ဓဘာသာဝင် မွန်တိုင်းရင်းသားများ နှစ်စဉ်တန်ဆောင်မုန်းလပြည့်နေ့ရောက်တိုင်း ဘုရားစေတီပုထိုးများတွင် ဆီမီးဖယောင်းတိုင် ထွန်းညှိပူဇော်ပွဲကို ရိုးရာအစဉ်အလာတစ်ရပ်အဖြစ် ကျင်းပလာခဲ့ကြသည်မှာ ယနေ့တိုင်ဖြစ်သည်။



မွန်တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုကော်မတီ(ရန်ကုန်)မှ ကြီးမှူး၍ နိုဝင်ဘာ ၂၇ ရက် တန်ဆောင်မုန်း လပြည့်နေ့က မြို့နယ်အသီးသီးမှ မွန်တိုင်းရင်းသား လူငယ်လူရွယ် မောင်မယ် ၂၅၀ တို့သည် ရွှေတိဂုံဘုရားလမ်းရှိ မွန်ပိဋကတ်တိုက်မှ ရွှေတိဂုံစေတီ ရင်ပြင်တော်ပေါ်သို့ သွားရောက်ပြီး လက်ယာရစ်တစ်ပတ်လှည့်လည်ကာ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆီမီးဖယောင်းတိုင် ထွန်းညှိပူဇော် ကုသိုလ်ပြုကြသည်။

**မျိုးမင်းသူရ**

# တန်ဆောင်မုန်းလပြည့်နေ့၌ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ဘုရား၊ စေတီများတွင် ကုသိုလ်ဒါနပြုကြသူများဖြင့် စည်ကား

**ရန်ကုန် နိုဝင်ဘာ ၂၇**

ယနေ့သည် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့၏ နေ့ထူးနေ့မြတ်များတွင် တစ်ခုအပါအဝင်ဖြစ်သည့် တန်ဆောင်မုန်းလပြည့်နေ့ (သာမညဖလ အခါတော်နေ့) ဖြစ်သည့် အားလျော်စွာ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ဘုရား၊ စေတီများ၌ ကုသိုလ်ဒါနပြုကြသူ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

**သတ်မှတ်နေရာများ၌ကျင်းပ**

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၅ ခုနှစ် တန်ဆောင်မုန်းလပြည့် (သာမညဖလအခါတော်နေ့) အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာများ၌ ကျင်းပသည်။

ဦးစွာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေး ဝတ်အသင်းအဖွဲ့များနှင့် တာဝန်ရှိသူများက ရွှေတိဂုံစေတီတော်ရင်ပြင် ညှော့ခံတန်ဆောင်း၌ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ ဆီမီးနှင့် အမွှေးနံ့သာများ ကပ်လှူပူဇော်ကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေး အသင်းအဖွဲ့များ၊ ဂေါပကရုံး ဝန်ထမ်းများနှင့် ဘုရားဖူးလာ ပြည်သူများက ရွှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းမှ စတင်၍ ရွှေတိဂုံစေတီတော်မြတ်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်များအား ကပ်လှူပူဇော်မည့် ကထိန် ရွှေကြာသင်္ကန်းတော်များကို ကိုင်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အထက်ပစ္စယံရှိ ပတ္တမြားမျက်ရှင် ရုပ်ပွားတော်မြတ်အား ကထိန် ရွှေကြာသင်္ကန်း ကပ်လှူပူဇော်ကြပြီး ဂေါပကအဖွဲ့ဝင်များက အာရုံခံ တန်ဆောင်းမုခ်လေးမုခ်ရှိ ကကုသန္ဓ၊ ကောဏာဂမန၊ ကဿပ၊ ဂေါတမ မြတ်စွာဘုရားတို့အား ကထိန်ရွှေကြာသင်္ကန်းများ ကပ်လှူပူဇော်ကြသည်။

ဆက်လက်၍ ရွှေကြာသင်္ကန်း ကပ်လှူပူဇော်ပွဲနှင့် ရေစက်ချ အခမ်းအနားကို ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ဆက်လက်ကျင်းပရာ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဩဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တ အဂ္ဂသာမိထံမှ ညှော့ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဩဝါဒါစရိယ ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဒွိပိဋကဓရ ဝိနယဒီဃနိကာယပါဠိပါရဂူ ဘဒ္ဒန္တနာဂိတထံမှ အနုမောဒနာတရား နာယူပြီး ရေစက်သွန်းလောင်း အမျှပေးဝေကြကာ ဩဝါဒါစရိယ ဆရာတော်ကြီးများအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ထို့အတူ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်၏(၃၉) ကြိမ်မြောက် မသိုး ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော်၌ ကျင်းပရာ ဂေါပကအဖွဲ့ဝင်များက စေတီတော် ပရဝဏ်အတွင်းရှိဗုဒ္ဓရုပ်ပွားတော်မြတ်များအား ကထိန် ရွှေကြာသင်္ကန်းတော် ကပ်လှူပူဇော်ကြပြီး ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ အနုမောဒနာတရား နာယူကြပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အလားတူ သင်္ဂါယနာသာသနာ့ သမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာအေး စေတီတော်ကြီး၏ (၂၃)ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ခြင်း အောင်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် ဂေါပကအဖွဲ့ဝင်များက ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ရွှေကြာသင်္ကန်းတော်များ ကပ်လှူပူဇော်ကြပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ (ကျောက်မဲဆရာတော်) ဘဒ္ဒန္တ စန္ဒနသာရထံမှ ကိုးပါးသီလခံယူဆောက်တည်ကြ၍ အန္တရာယ်ကင်း ပရိတ်တရားတော်များ နာယူကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် ဂေါပက အဖွဲ့ဝင်များသည် ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ကျောက်မဲဆရာတော်ထံမှ အနုမောဒနာတရား နာယူကာ လှူဒါန်းမှုအစုစု အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

အလားတူ မဟာဝိဇယ စေတီတော်၊ ဆူးလေစေတီတော်၊ ဝရဒါဌာဓာတုစေတီယ စွယ်တော်မြတ်စေတီတော် (ရန်ကုန်)၊ မင်းဓမ္မကုန်းရှိ လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ရွှေဘုန်းပွင့်စေတီတော်၊ သမိုင်းဝင်ကျိုက္ကစံ ဆံတော်ရှင် စေတီတော်နှင့် ဆုတောင်းပြည့်မယ်လမု စေတီတော်တို့တွင်လည်း ယနေ့နံနက်ပိုင်းမှစတင်ပြီး စေတီတော်နှင့် ဗုဒ္ဓရုပ်ပွားတော်များအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးတို့ ကပ်လှူပူဇော်ကြပြီး ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များက တန်ဆောင်မုန်း လပြည့်နေ့ သာမညဖလ အခါတော်နေ့ အခမ်းအနားများကို ကျင်းပကြကာ သာမညဖလ သုတ္တန်ဒေသနာတော်များကို ရွတ်ဖတ်မေတ္တာပို့ဆုတောင်းကြသည်။

တန်ဆောင်မုန်းလပြည့် (သာမညဖလအခါတော်နေ့)တွင် မြန်မာနိုင်ငံတစ်နိုင်ငံလုံးရှိ ဘုရားစေတီများ၌ မသိုးရွှေကြာ သင်္ကန်းများ ကပ်လှူပူဇော်ခြင်း၊ သာမညဖလ အခါတော်နေ့ ပူဇော်ပွဲများ၊ ဗုဒ္ဓဒေသနာတော် ရွတ်ဆိုပူဇော်ပွဲများနှင့် ရပ်ကွက်အလိုက်၊ လမ်းအလိုက် စုပေါင်း၍ မဟာဘုံကထိန် အလှူပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

တန်ဆောင်မုန်းလပြည့်နေ့ မီးထွန်းပွဲတော်တွင်လည်း ရုံးများ၊ ပန်းခြံများ၊ ရပ်ကွက်၊ လမ်းနှင့် လူနေအိမ်များ၌ လျှပ်စစ်ရောင်စုံ မီးအလှများ၊ ဆီမီးခွက်များ၊ ဖယောင်းတိုင်မီးများ ထွန်းညှိပူဇော်ခြင်းတို့ကို ဆောင်ရွက်ကြပြီး လမ်းအလိုက် နိဗ္ဗာန်စျေးပွဲတော်များကို စည်ကားစွာ ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်း၊ ဓာတ်ပုံ-ကိုကိုဇော်**



ရွှေတိဂုံစေတီတော်မြတ်ကြီး၌ တန်ဆောင်မုန်းလပြည့် (သာမညဖလအခါတော်နေ့)တွင် ကုသိုလ်ဒါနပြုကြသူ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကိုတွေ့ရစဉ်။



မဟာဝိဇယစေတီတော်၌ တန်ဆောင်မုန်းလပြည့် (သာမညဖလအခါတော်နေ့)တွင် ကုသိုလ်ဒါနပြုကြသူ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကိုတွေ့ရစဉ်။



သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၌ တန်ဆောင်မုန်းလပြည့် (သာမညဖလအခါတော်နေ့)တွင် စတုဒိသာ အကျွေးအမွေးများဖြင့် စည်ကားလျက်ရှိသည်ကိုတွေ့ရစဉ်။

# သထုံမြို့နယ်၌ တန်ဆောင်မုန်းလပြည့်နေ့ စတုဒိသာ လှူဒါန်းကျွေးမွေးသူများပြား



**သထုံ နိုဝင်ဘာ ၂၇**

မွန်ပြည်နယ် သထုံမြို့နယ်၌ ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ်ဖြစ်သည့် တန်ဆောင်မုန်းလပြည့်(သာမညဖလအခါတော်နေ့)တွင် စတုဒိသာလှူဒါန်းကျွေးမွေးသူများပြားပြီး ပြည်သူများ ပျော်ရွှင်အေးချမ်းစွာ ကုသိုလ်ဒါနပြုခဲ့ကြကြောင်း သိရသည်။

သထုံမြို့နယ်အတွင်းရှိနေရာအနှံ့အပြား၌ စားသောက်ဖွယ်ရာမျိုးစုံတို့ကို တန်ဆောင်မုန်းလပြည့်နေ့အလှူအဖြစ် ကျွေးမွေးလှူဒါန်းကြရာ ပြည်သူအများအပြား အေးချမ်းပျော်ရွှင်စွာ လာရောက်စားသောက်ခဲ့ကြသည်။

သထုံမြို့နယ်၌ တန်ဆောင်မုန်းလပြည့်နေ့တွင် မြို့၏ကျက်သရေဆောင် လေးဆူဓာတ်စံရွှေစာရံစေတီတော်မြတ်ကြီး၌ ပြည်သူအပေါင်းတို့က သံဃာတော်နှင့် သီလရှင်များအား ဆွမ်းဆန်စိမ်းနှင့် စာရေးတံမဲများကို မြို့လုံးကျွတ် စည်ကားသိုက်မြိုက်စွာ လောင်းလှူကျင်းပခြင်း၊ တန်ခိုးကြီးဘုရားများ၌ ရေသပ္ပာယ်ခြင်း၊ ပန်း၊ ဆီမီး အမွှေးနံ့သာများ ကပ်လှူခြင်း၊ ဇီဝိတဒါန ငါးလွှတ်ခြင်း၊ ဘုန်းတော်ကြီးကျောင်းများ၌ ဥပုသ်သီလဆောက်တည်ခြင်းတို့ဖြင့် အေးချမ်းစွာ ကုသိုလ်ကောင်းမှုပြုကြပြီး လပြည့်နေ့ စတုဒိသာကျွေးမွေးလှူဒါန်းသူများဖြင့် စည်ကားလျက်ရှိကြောင်းသိရသည်။

**ခရိုင်(ပြန်/ဆက်)**

# တန်ဆောင်မုန်းလပြည့်နေ့တွင် မန္တလေးမြို့အနှံ့ ကုသိုလ်ကောင်းမှုပြုကြသူများ၊ အပန်းဖြေအနားယူကြသူများဖြင့် စည်ကား

**မန္တလေး နိုဝင်ဘာ ၂၇**

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ၏ နေ့ထူးနေ့မြတ် တန်ဆောင်မုန်းလပြည့်နေ့ (သာမညဖလ အခါတော်နေ့)ဖြစ်သည်နှင့်အညီ မန္တလေးမြို့ရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ ကုသိုလ်ကောင်းမှုပြုကြသူများ၊ အပန်းဖြေစခန်းများ၌ လာရောက်အပန်းဖြေကြသူများဖြင့် မြို့အနှံ့ စည်ကားများပြားလျက်ရှိသည်။

နံနက်အရုဏ်တက်ချိန်မှစတင်၍ မန္တလေးမြို့ရှိ ဘုရား၊ စေတီပုထိုးများ၊ ဓမ္မာရုံများ၌ မသိုးသင်္ကန်း ဆက်ကပ်လှူဒါန်း ပူဇော်ပွဲများ ကျင်းပခြင်း၊ ဘုန်းတော်ကြီးကျောင်းများ၌ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းခြင်း၊ ကုသိုလ်ပြုခြင်းနှင့် ဆီမီးထွန်းညှိပူဇော်ခြင်းများကို အစဉ်အလာမပျက် ကျင်းပသည်။

ထိုသို့ကျင်းပလျက်ရှိရာ မန္တလေးမြို့ခံများအပြင် အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူပြည်သူများပါ လာရောက်ကုသိုလ်ပြု ပါဝင်ဆင်နွှဲကြပြီး အသင်းအဖွဲ့အလိုက်၊ မိသားစုအလိုက် ကထိန်ပွဲတော်များကို သက်ဆိုင်ရာကျောင်းများသို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်ခင်းကျင်း၍ ရေစက်ချလှူဒါန်းခြင်း၊ ကုသိုလ်ကောင်းမှုပြုခြင်း၊ စတုဒိသာကျွေးမွေး ကုသိုလ်ပြုခြင်းများဖြင့် မန္တလေးမြို့တစ်ခွင် စည်ကားခဲ့သည်။

မန္တလေးမြို့၏ အထင်ကရတန်ခိုးကြီးဘုရားတစ်ဆူဖြစ်သည့် မဟာမုနိဘုရားကြီးအား ယနေ့နံနက်ပိုင်းတွင် ဆရာတော်၊ သံဃာတော်များ အမှူးပြု၍ မျက်နှာသစ်တော် ဝတ်အဖွဲ့မှ မျက်နှာသစ်တော်မူပြီး မသိုးမြတ်သင်္ကန်းတော် ဆက်ကပ်လှူဒါန်းကြသည်။

ထို့ပြင် ရဟန်းရှင်လူပြည်သူများကလည်း ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီး ကပ်လှူပူဇော်ခြင်း၊ ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်စဉ်များ၊ ပဋ္ဌာန်းဒေသနာတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ တရားဘာဝနာ အားထုတ်ကြခြင်းများဖြင့် စည်ကားခဲ့သည်။

အလားတူ မန္တလေးတောင်တော် ဆုတောင်းပြည့်ဘုရား၊ ကုသိုလ်တော်ဘုရား၊ ကျောက်တော်ကြီးဘုရား၊ အောင်တော်မူမြတ်စွာဘုရား၊ ရွှေကျီးမြင်ဘုရား၊ ဝေဠုဝန ကျောက်စိမ်းစေတီတော် စသည့် တန်ခိုးကြီးဘုရား စေတီတော်တို့တွင်လည်း ရွှေသင်္ကန်းများ ဆက်ကပ်လှူဒါန်း၍ ဆီမီးပူဇော်ခြင်း၊ ဝတ်ရွတ်စဉ်များ ရွတ်ဖတ်ပူဇော်ခြင်းတို့ ဆောင်ရွက်ကြသည့်အပြင် အလှူရှင်များက အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများအား စတုဒိသာအာဟာရ ကျွေးမွေးကုသိုလ်ပြုကြခြင်းဖြင့် မြန်မာတို့၏ သဒ္ဓါတရားထက်သန်မှု စိတ်ရင်းများကို ပုံဖော်ခဲ့ကြသည်။

ညပိုင်းတွင်လည်း ဘုရားစေတီများ၌ ဆီမီးပူဇော်ပွဲများ ကျင်းပခြင်း၊ မီးပုံးပျံများ လွှတ်တင်ခြင်း၊ နေအိမ်များ၌ မြတ်စွာဘုရားရှင်အား ရည်မှန်း၍



ဆီမီးနှင့် မီးရောင်စုံ ထွန်းညှိပူဇော်ခြင်းများဖြင့် မန္တလေးမြို့၏ တန်ဆောင်တိုင်လပြည့်နေ့ည အလှကို ပိုမိုပေါ်လွင်စေခဲ့ပြီး မဲဇလီဖူးသုပ် ဒါနပြုကြသူများ၊ ပွဲသကူလိုက်လံကောက်ကြသူများဖြင့် စည်ကားခဲ့သည်။

ထို့ပြင် မန္တလေးမြို့၏ အထင်ကရ နေရာများဖြစ်သော ကမ်းနားလမ်းရှိ မြို့တော်ဥယျာဉ်၊ ပုသိမ်ကြီးမြို့နယ်ရှိ အပန်းဖြေစခန်းများ၊ အမရပူရမြို့နယ်ရှိ တောင်သမန်အင်းနှင့် ဦးပိန်တံတားတို့တွင်လည်း လာရောက်အပန်းဖြေ အနားယူကြသူများဖြင့် စည်ကားခဲ့သည်။

**မောင်အေးချမ်း**







# သထုံရွှေစာရံစေတီတော်မြတ်ကြီး တန်ဆောင်တိုင်ဆွမ်းကြီးလောင်းပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ

**သထုံ နိုဝင်ဘာ ၂၇**

မွန်ပြည်နယ် သထုံမြို့၏ ကျက်သရေဆောင် လေးဆူဓာတ်စံ ရွှေစာရံ စေတီတော်မြတ်ကြီး ရင်ပြင်တော်၌ မြို့လုံးကျွတ် တန်ဆောင်တိုင် ဆွမ်းကြီးလောင်း ပွဲတော်ကို ယနေ့ နံနက်က စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

နံနက် အရုဏ်တက်ချိန်တွင် သထုံမြို့နယ်အတွင်းရှိ ကျောင်းတိုက်အသီးသီးတို့မှ ကြွရောက်တော်မူလာကြသည့် သံဃာတော်နှင့် သီလရှင်များအား စေတီတော် ဂေါပကအဖွဲ့၏ စီမံမှုဖြင့် အလှူရှင်အဖွဲ့အသီးသီးတို့က ဆွမ်းဆက်ကပ်ကြသည်။



ဆွမ်းကြီးလောင်းပွဲတော်တွင် သထုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးမင်းစိုးနှင့် တာဝန်ရှိသူတို့က ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ပင့်ဆောင်ကြကာ စေတီတော်မြတ်၏ နာယကဆရာတော်ကြီး ကိုးပါး ဦးဆောင်သည့် သထုံမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းပေါင်း ၃၄၇ ကျောင်းနှင့် သီလရှင်ကျောင်း ၈၅ ကျောင်းတို့မှ သံဃာတော်နှင့် သီလရှင် စုစုပေါင်း ၁၁၈၉ ပါးတို့အား သထုံမြို့နယ်အတွင်းရှိ ပြည်သူအပေါင်းတို့က ဆွမ်းဆန်စိမ်းနှင့် အခြားလှူဖွယ်များကို စီတန်းလောင်းလှူခြင်း၊ စာရေးတံမဲများ ဆက်ကပ်လှူဒါန်းခြင်းတို့ကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပေါင်းတည်မြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် အင်းလည်မျိုးစပါးများ ထွက်ရှိ

**ပေါင်းတည် နိုဝင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အင်းလည်မျိုးစပါး စိုက်ပျိုးသည့် ရွှေသပြေစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းလီမိတက်၏ စိုက်ဧက ၅၀ အနက်မှ ဧက ၂၀၊ ရွှေသရက်စိုက်ပျိုးရေးနှင့်အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းလီမိတက်၏ စိုက်ဧက ၂၇ ဧကအနက်မှ ၁၅ ဧကနှင့် ရွှေညောင်ဖြူစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းလီမိတက်၏ စိုက်ဧက ၁၅ ဧကတို့ကို ရိတ်သိမ်းပြီးဖြစ်ရာ တစ်ဧကလျှင် ပျမ်းမျှစပါးတင်း ၇၀ ထွက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# တန်ဆောင်မုန်းလပြည့်နေ့တွင် ကရင်ပြည်နယ်အစိုးရအဖွဲ့ကကြီးမှူး၍ မသိုးသင်္ကန်း ဆက်ကပ်လှူဒါန်း

ဘားအံ နိုဝင်ဘာ ၂၇

ကရင်ပြည်နယ် ဘားအံမြို့ကျက်သရေဆောင် သေဠမာရ်အောင်ဘုရားကြီး၌ ကရင်ပြည်နယ်အစိုးရအဖွဲ့ကကြီးမှူး၍ မသိုးသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို တန်ဆောင်မုန်းလပြည့်နေ့ (သာမညဖလအခါတော်နေ့)နံနက် ၅ နာရီခန့်က အဆိုပါဘုရားကြီး ဂန္ဓကုဋိတိုက် ပရိဝုဏ်အတွင်း၌ ဆင်ယင်ကျင်းပသည်။

အဆိုပါ မသိုးသင်္ကန်းဆက်ကပ်လှူဒါန်းနိုင်ရေး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနရက်ကန်းနှင့် သက်မွေးပညာသင်တန်းကျောင်းမှ သင်တန်းသူများက နိုဝင်ဘာ ၂၆ ရက် ညနေ ၄ နာရီခွဲခန့်မှစ၍ ရက်ကန်းစင်နှစ်စင်ဖြင့် သင်္ကန်းများကို ရက်လုပ်ပူဇော်ခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များက ဂုဏ်ပြုဆုငွေများ ပေးအပ်ခဲ့ကြသည်။



မသိုးသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ဇနီးတို့က သေဠမာရ်အောင် ဘုရားကြီးအား ပန်း၊ ရေချမ်း၊ သစ်သီးဆွမ်း၊ ဆီမီးတို့ကို ကပ်လှူပူဇော်ပြီး အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကာ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသူကျော်နှင့် ဇနီးတို့က သေဠမာရ်အောင်ဘုရားကြီး ဩဝါဒါစရိယဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ နောင်လုံဌာန်ပတိုင်ကျောင်းနှင့် ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိဇ္ဇာနန္ဒ အမှူးပြုသော ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များက မသိုးသင်္ကန်းဆက်ကပ်လှူဒါန်းနိုင်ရေး ပြည်နယ်သံဃနာယကအဖွဲ့(မူလဒွါရ)အမိတာရာမရဲကျောင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဂုဏာလင်္ကာရက ဗုဒ္ဓဿဒေမ စသောဂါထာကို ရွတ်ဆိုပေးပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့နှင့် ဥပသကာ တာဝန်ရှိသူများက သေဠမာရ်အောင်ဘုရားကြီးအား မသိုးသင်္ကန်းဆက်ကပ်လှူဒါန်းရာ ဩဝါဒါစရိယဆရာတော်ကြီးများက ဇယန္တောဗောဓိရ အောင်ဂါထာကို ရွတ်ဖတ်ပူဇော်ပေးကြသည်။

ယင်းနောက် အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ပြီး သေဠမာရ်အောင်ဘုရားကြီး ပိဋကတ်တိုက်အတွင်း၌ ဆရာတော်ကြီးများအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ပြည်နယ်(ပြန်/ဆက်)

# ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး၌ (၃၆)ကြိမ်မြောက် မသိုးသင်္ကန်းကပ်လှူပွဲတော် ရေစက်ချမင်္ဂလာအခမ်းအနား ကျင်းပ

ပုသိမ် နိုဝင်ဘာ ၂၇

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ကျက်သရေဆောင် ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး၏ (၃၆)ကြိမ်မြောက် မသိုးသင်္ကန်း ရက်ခတ်ယှဉ်ပြိုင်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၆ ရက် ညနေပိုင်းက ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်၌ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့်ဇနီး၊ ပုသိမ်လေတပ်စခန်းဌာနချုပ်မှူးနှင့်ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့နှင့် မသိုးသင်္ကန်း ရက်ခတ်ယှဉ်ပြိုင်မည့် ရက်ကန်းပညာရှင်ပြိုင်ပွဲဝင်များ တက်ရောက်ခဲ့ကြသည်။

## ဖွင့်လှစ်ပေး

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မင်္ဂလာအချိန်တွင် မင်္ဂလာအောင်မောင်းတီး၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မသိုးသင်္ကန်းယှဉ်ပြိုင်ရက်ခတ်နေမှုများကို ကြည့်ရှုအားပေးခဲ့ပြီး ဖျော်ဖြေရေးအဖွဲ့များအား ချီးမြှင့်ငွေများပေးအပ်ခဲ့သည်။ ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး၏ (၃၆)ကြိမ်မြောက် မသိုးသင်္ကန်း ရက်ခတ်ပြိုင်ပွဲတွင် ရက်ကန်းစင်တော် ကိုးစင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဘုရားဖူးလာရောက်ကြသူများနှင့် မသိုးသင်္ကန်းယှဉ်ပြိုင်ရက်ခတ်မှုများကို လာရောက်ကြည့်ရှုလေ့လာသူများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

## တက်ရောက်

နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် ပုသိမ်မြို့ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင် ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး၌ (၃၆)ကြိမ်မြောက် မသိုးသင်္ကန်းကပ်လှူပွဲ ရေစက်ချမင်္ဂလာအခမ်းအနားကို စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်ရှိ ဦးမောင်ကြီးတန်ဆောင်း၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့်ဇနီး၊ ပုသိမ်လေတပ်စခန်းဌာနချုပ်မှူးနှင့် ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်ဇနီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဆောင်၍ တာဝန်ရှိသူများက အေးငြိမ်းချမ်းသာဗုဒ္ဓရုပ်ပွားတော်မြတ်အား မသိုးသင်္ကန်းတော် ဆက်ကပ်လှူဒါန်းပြီး ဆရာတော်ကြီးများအား အရုဏ်ဆွမ်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းခဲ့ကာ ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

ဆက်လက်၍ (၃၆)ကြိမ်မြောက် မသိုးသင်္ကန်းရက်ခတ်ပြိုင်ပွဲတွင် ဆုရရှိသည့် ရက်ကန်းစင်တော်များအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# မြဝတီမြို့၌ တန်ဆောင်မုန်းလပြည့်နေ့တွင် (၁၉)ကြိမ်မြောက် ရှင်ဥပဂုတ္တ ရဟန္တာ မထေရ်မြတ်ကျောင်းဆောင် ရေချပွဲ၊ မီးထွန်းပွဲနှင့် နိဗ္ဗာန်ဈေးပွဲတော်ဖြင့် စည်ကားများပြား

မြဝတီ နိုဝင်ဘာ ၂၇

ကောဇာသက္ကရာဇ် ၁၃၈၁ ခုနှစ် တန်ဆောင်မုန်း လပြည့်နေ့ (သာမညဖလအခါတော်နေ့)၌ ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၃)ရပ်ကွက် ဇီးတောကမ်းနားလမ်း ငြိမ်းချမ်းရေးမြစေတီဘုရားတွင် (၁၉)ကြိမ်မြောက် ရှင်ဥပဂုတ္တ ရဟန္တာမထေရ်မြတ်ကျောင်းဆောင် ရေချပွဲ၊ မီးထွန်းပွဲနှင့် နိဗ္ဗာန်ဈေးပွဲတော်ကို ယနေ့ညနေ ၄ နာရီက စတင်ကျင်းပသည်။



ထိုသို့ ကျင်းပရာတွင် အမှတ်(၃) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးရွှေတင်၏ ဦးဆောင်မှုဖြင့် ဘုန်းမာန်ကားအလှဆင်ပစ္စည်းရောင်းဝယ်ရေး အလှူရှင်မိသားစုနှင့် ရပ်ကွက်နေ အလှူရှင်များက စုပေါင်းလှူဒါန်းပေးခြင်းဖြစ်သည်။

အလားတူ မြဝတီမြို့နယ်အတွင်း အထင်ကရတန်ခိုးကြီး ဘုရားစေတီပုထိုးများ ဖြစ်သည့် ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင် ရွှေမြင်းဝန်စေတီတော်၊ မိကျောင်းကုန်းဘုရား၊ ကျောက်လုံးကြီးဘုရား၊ မိဋ္ဌာန်အောင်စေတီတော်၊ ရွှေတိဂုံပုံတူစေတီတော်မြတ်ကြီးတို့တွင် ရပ်နီး၊ ရပ်ဝေးမှ ဘုရားဖူးရဟန်းရှင်လူ ပြည်သူများဖြင့် စည်ကား များပြားသကဲ့သို့ ရပ်ကွက်အလိုက် အာဟာရဒါန စတုဒိသာ ဧည့်ခံကျွေးမွေးသူများဖြင့်လည်း စည်ကားများပြားခဲ့ကြောင်း သိရသည်။

ဇာဖြူဝင်း(ပြန်/ဆက်)

# ဇလွန်မြို့၌ မသိုးသင်္ကန်း ကပ်လှူပူဇော်ပွဲကျင်းပ

ဇလွန် နိုဝင်ဘာ ၂၇

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီး၏( ၅၂ )ကြိမ်မြောက် မသိုးသင်္ကန်းတော်မြတ် ရက်ချုပ်ကပ်လှူပူဇော်ပွဲကို ယနေ့ နံနက် ၄ နာရီတွင် ပြည်တော်ပြန်မြတ်စွာဘုရားကြီး၏ ဂန္ဓကုဋိတိုက်တွင် ကပ်လှူပူဇော်ခဲ့သည်။



မသိုး သင်္ကန်းတော်မြတ်ရက်ချုပ်ကပ်လှူပူဇော်ရာတွင် ကိန္နရီစင်တော်၊ သမ္ဗူလစင်တော်၊ မယ်မဒ္ဒီစင်တော်၊ အမရာစင်တော်တို့မှ ရက်ချုပ်လှူဒါန်းထားသော မသိုး သင်္ကန်းတော်မြတ်အား မာရ်အောင်မြင် ပြည်တော်ပြန်မြတ်စွာဘုရားကြီးအား ဆက်ကပ်ပူဇော်ခဲ့ပြီး နံ့သာကိုးမျိုးဖြင့် မျက်နှာတော်သစ်ရောင်တော်ဖွင့်ခဲ့သည်။ ယင်းနောက် မာရ်အောင်မြင် ပြည်တော်ပြန်မြတ်စွာဘုရားကြီးအား ဆရာတော် သံဃာတော်များခြံရံပြီး ဘုရားအနေကဇာတင်မြှောက်ခြင်းပြုလုပ်၍ သစ်သီးကိုးမျိုး၊ ပန်းကိုးမျိုး၊ မုန့်ဆွမ်းကိုးမျိုး ကပ်လှူပူဇော်ခဲ့ကြသည်။

ယင်းနောက်( ၅၂ )ကြိမ်မြောက် မသိုးသင်္ကန်းတော်မြတ်ရက်ချုပ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကိုကျင်းပရာ ပထမဆုရ အမရာစင်တော်၊ ဒုတိယဆုရ ကိန္နရီစင်တော်၊ တတိယဆုရ မယ်မဒ္ဒီစင်တော်၊ စတုတ္ထဆုရ သမ္ဗူလစင်တော် တို့အား မာရ်အောင်မြင် ပြည်တော်ပြန်မြတ်စွာဘုရားကြီး၏ဂေါပကအဖွဲ့အတွင်းရေးမှူး ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ကြပြီး ဇလွန်မြို့မာရ်အောင်မြင် ပြည်တော်ပြန်မြတ်စွာဘုရားကြီးအား တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်အထိ လျှပ်စစ်ရောင်စုံမီးများ၊ ဆီမီးပူဇော်ပွဲ၊ ဖျော်ဖြေရေးအစီအစဉ်များဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ချောင်းဆုံမြို့နယ်ရှိ ဆံတော်ရှင်ကျိုက်တမော့လဲ့ စေတီတော်မြတ်အား ရွှေကြာသင်္ကန်းတော် ဆက်ကပ်လှူဒါန်းခြင်းအခမ်းအနား ကျင်းပ



**ချောင်းဆုံ နိုဝင်ဘာ ၂၇**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ကွမ်ရိုက်ကျေးရွာရှိ ဆံတော်ရှင်ကျိုက်တမော့လဲ့ စေတီတော်မြတ်ကြီးအား ရွှေကြာသင်္ကန်းတော် ဆက်ကပ် လှူဒါန်းခြင်းကို တန်ဆောင်မုန်းလပြည့်နေ့ နံနက်ပိုင်းက ကျိုက်တမော့လဲ့စေတီရင်ပြင်တော်၌ ကျင်းပသည်။

**နာယူကြည်ညို**

ဦးစွာ မော်လမြိုင်မြို့ မြစေတီစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိမလဗုဒ္ဓိ အရှင်သူမြတ်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ခဲ့ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော မေတ္တသုတ်အစရှိသော ပရိတ်တရားတော်များ နာယူကြည်ညိုခဲ့ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် ဇနီးတို့က စေတီတော်မြတ်ကြီးထံ ရွှေကြာသင်္ကန်းတော် ဆက်ကပ်လှူဒါန်းခဲ့ကြပြီး ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များအား ကထိန်လျာမြတ်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက သံဃာတော်အရှင်သူမြတ်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကာ အနုမောဒနာတရားနာယူကြည်ညိုခဲ့ကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေ၍ အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းခဲ့ကြသည်။ အလှူတော်အခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ရွှေမိုး၊ ငွေမိုးများရွာသွန်းဖြိုးခဲ့ကြပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# သာယာဝတီမြို့နယ်၌ စတုဒိသာ ကျွေးမွေးသူများဖြင့် စည်ကားလျက်ရှိ

**သာယာဝတီ နိုဝင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ်တွင် တန်ဆောင်မုန်းလပြည့် (သာမညဖလ)အခါတော်နေ့တွင် မြို့နယ်အတွင်း စတုဒိသာ ကျွေးမွေးသူများ၊ အလှူဒါနပြုသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

တန်ဆောင်မုန်းလပြည့်နေ့တွင် မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၌ ဆွမ်းတော်ကြီးတင်လှူပွဲများပြုလုပ်ခြင်း၊ မီးထွန်းပွဲများပြုလုပ်ခြင်း၊ ရပ်ကွက်များ၊ ကျေးရွာများ၌ စတုဒိသာများ ကျွေးမွေး လှူဒါန်းခြင်းများဖြင့် စည်ကားလျက်ရှိသည်။

အလားတူမြို့နယ်၏ကျက်သရေဆောင် မြို့ဦးမြို့ထိပ်၌ တည်ထားလျက်ရှိသော အောင်သိဒ္ဓိစေတီတော်၊ လောကနန္ဒာစေတီတော်၊ လောကမာန်အောင် စေတီတော်တို့၌လည်း ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိပြီး ဈေးရောင်းသူ ဈေးသည်များကလည်း ရောင်းအားကောင်းကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၌ မသိုးသင်္ကန်းရက်ခတ်ပူဇော်ပွဲ ကျင်းပ

**ကျိုက်ထို နိုဝင်ဘာ ၂၇**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၌ မသိုးသင်္ကန်း ရက်ခတ်ပူဇော်ပွဲကို နိုဝင်ဘာ ၂၆ ရက် ညပိုင်း၌ ဆံတော်ရှင်ကျိုက်ထီးရိုး စေတီတော်ရင်ပြင်၌ ကျင်းပခဲ့သည်။ ဦးစွာ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ဂေါပကအဖွဲ့မှ တာဝန်ရှိသူများ၊ မသိုးသင်္ကန်းရက်ခတ်မည့်အဖွဲ့များနှင့် ဘုရားဖူးပြည်သူများက နမောတဿ(၃)ကြိမ် ရွတ်ဆိုပူဇော်၍ အခမ်းအနားကို ဖွင့်လှစ်ကာ မသိုးသင်္ကန်းရက်ခတ်မည့်စင်တော်အား မြို့နယ်သာသနာရေးဦးစီးမှူးနှင့် ကျိုက်ထီးရိုးဂေါပကအဖွဲ့မှ တာဝန်ရှိသူများက အမွှေးနံ့သာရည်များ ပက်ဖျန်းပြီး ရက်ကန်းခတ်မည့်သမီးပျိုများက မသိုးသင်္ကန်းများကို ရက်ခတ်ကြသည်။

ထို့နောက် ရက်ကန်းခတ်သည့် သမီးပျိုများအား တာဝန်ရှိသူများနှင့် အလှူရှင်များက ဆုငွေများပေးအပ်ကာ ရက်ကန်းခတ်လုပ်ပြီးသည့် မသိုးသင်္ကန်းများကို ဆံတော်ရှင်ကျိုက်ထီးရိုးစေတီရင်ပြင်၌ ပူဇော်ထားရှိသော ဗုဒ္ဓမြတ်စွာဘုရားများအား ကပ်လှူပူဇော်ခဲ့ကြောင်း သိရသည်။



**ကျိုက်ထို(ပြန်/ဆက်)**

# သာပေါင်းမြို့နယ်၌ ကုသိုလ်ပြုသူများဖြင့် စည်ကား

**သာပေါင်း နိုဝင်ဘာ ၂၇**

ဧရာဝတီတိုင်း ဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်၌ တန်ဆောင်မုန်းလပြည့်နေ့တွင် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများရှိ ဘုရားစေတီပုထိုးများတွင် ဆီမီးထွန်းညှိကြသူများနှင့်စတုဒိသာ၊ နိဗ္ဗာန်ဈေး ကျွေးမွေးကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

တန်ဆောင်မုန်းလပြည့်နေ့တွင် ဘုရားစေတီ၊ ပုထိုးများသို့ သွားရောက်၍ ဆွမ်းတော်ကြီး ကပ်လှူခြင်း၊ ဆီမီးထွန်းညှိ ပူဇော်ကြသူများ၊ ရပ်ကွက်များအတွင်း လမ်းအလိုက် နိဗ္ဗာန်ဈေးခင်းကျင်းခြင်း၊ လူငယ်များက စတုဒိသာ ကုသိုလ်ပြုကျွေးမွေးခြင်း၊ ဆီမီး၊ ပန်း၊ နံ့သာတစ်ထောင် ဆက်ကပ်ပူဇော်ခြင်းများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဘီးလင်းမြို့နယ်တွင် တန်ဆောင်မုန်းလပြည့်နေ့၌ ဘုရားဖူးပြည်သူများ၊ စတုဒိသာကျွေးမွေးလှူဒါန်းသူများဖြင့် စည်ကားလျက်ရှိ

**ဘီးလင်း နိုဝင်ဘာ ၂၇**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်တွင် တန်ဆောင်မုန်းလပြည့် (သာမညဖလအခါတော်)နေ့တွင် ဇုတ်သုတ်ကျေးရွာ ကျိုက်ထီးဆောင်းဆံတော်ရှင်စေတီတော်၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။



တန်ဆောင်မုန်းလပြည့်နေ့တွင် ဇုတ်သုတ်ကျေးရွာ ကျိုက်ထီးဆောင်း ဆံတော်ရှင်စေတီသို့ ဘုရားဖူး လာရောက်ကြသူများ၊ ဘုန်းတော်ကြီး ကျောင်းများ၌ ကထိန်အလှူပွဲများ၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲများ၊ ရပ်ကွက်နှင့် ကျေးရွာများ၌ မုန့်ဟင်းခါး၊ အကြော်စုံ၊ ရေခဲမုန့်၊ အချိုရည်စသည့် စတုဒိသာများ ကျွေးမွေးလှူဒါန်းခြင်းများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကျိုက်မရောမြို့၌ ဆွမ်းအိုးမျှောပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ကျိုက်မရော နိုဝင်ဘာ ၂၇**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် အတ္တရံမြစ်ကမ်း၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော မြို့လုံးကျွတ် ဆွမ်းအိုးမျှောပွဲတော်ကြီးကို နိုဝင်ဘာ ၂၇ ရက် နံနက် ၄ နာရီက အတ္တရံမြစ်ကမ်းနားရှိ ရှင်ဥပဂုတ္တမထေရ်မြတ်ကြီး တည်ထားရာ ကျောင်းဆောင်ရှေ့၌ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။

အဆိုပါ မြို့လုံးကျွတ် ဆွမ်းအိုးမျှောပွဲကြီးကို နှစ်စဉ်နှစ်တိုင်း ရိုးရာမပျက် ကျင်းပလာသည်မှာ ယခုနှစ်တွင် (၃၉)ကြိမ် ရှိခဲ့ပြီး ဆွမ်းအိုးမျှောပွဲ ပြုလုပ်မည့် တန်ဆောင်မုန်းလပြည့် နံနက် ၃ နာရီမှစတင်ကာ မြို့လုံးကျွတ် ဒေသခံပြည်သူများသာမက ရပ်ဝေးရပ်နီးမှ ဧည့်သည်များပါ ဆွမ်းအိုးမျှောမည့် အတ္တရံမြစ်ကမ်းနားတစ်လျှောက်၌ နေရာယူထားကြပြီး အရုဏ်တက်ချိန်တွင် မိမိတို့ယုံကြည်ကိုးကွယ်ရာ ဖြစ်သည့် ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးအား ဆွမ်း၊ ရေချမ်း၊ သစ်သီးမျိုးစုံ၊ ဖယောင်းတိုင်၊ အမွှေးတိုင်များ ဆွမ်းအိုးထဲထည့်ကာ ပူဇော်ကန်တော့ကြပြီးနောက် ဆွမ်းအိုးများကို အတ္တရံမြစ်အတွင်းမျှောပြီး မိမိတို့လိုအပ်ရာ ဆုမွန်ကောင်းများကို ရှင်ဥပဂုတ္တ မထေရ်မြတ်ကြီးထံ ဆုတောင်းကြခြင်းဖြင့် စီးပွားဥစ္စာများ တိုးပွားလာကြသဖြင့် ယုံကြည်စွာ နှစ်စဉ်နှစ်တိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်။ ယခုနှစ်တွင် ယခင်နှစ်များကထက် ပိုမိုစည်ကားများပြားကြောင်း ဆွမ်းအိုးမျှောပွဲသို့လာသည့် ဒေသခံရေလုပ်သားတစ်ဦးထံမှ သိရသည်။

ဆွမ်းအိုးမျှောပွဲ အပြီးတွင် စေတနာရှင် အလှူရှင်များက ဆွမ်းအိုးမျှောရန် လာကြသည့် ဧည့်သည်များအား နံနက်စာ အုန်းနို့ခေါက်ဆွဲ၊ ရိုးရာမုန့်များကို စတုဒိသာ ကျွေးမွေးလျက်ရှိရာ လာရောက် စားသုံးသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**မချို(ပြန်/ဆက်)**



**မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်**

**နေပြည်တော် နိုဝင်ဘာ ၂၇**

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲနှင့် မွန်ပြည်နယ်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မိုး/ဇလ**

# ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး၌ မသိုးသင်္ကန်းရက်လုပ်လှူဒါန်းပွဲနှင့် တန်ဆောင်တိုင်မီးပုံးပျံလွှတ်တင်ပူဇော်ပွဲ ကျင်းပ

**ပဲခူး နိုဝင်ဘာ ၂၇**

ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး၌ (၄၂)ကြိမ်မြောက် မသိုးသင်္ကန်း ရက်လုပ်လှူဒါန်း ပူဇော်ပွဲနှင့် တန်ဆောင်တိုင်မီးပုံးပျံလွှတ်တင် ပူဇော်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၆ ရက် ညပိုင်းက ကျင်းပခဲ့သည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သောင်းထိုက်နှင့် အလှည့်ကျဂေါပကအဖွဲ့ဝင်တို့က (၄၂)ကြိမ်မြောက် မသိုးသင်္ကန်း ရက်လုပ်လှူဒါန်း ပူဇော်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီးတို့က ယှဉ်ပြိုင်ရက်လုပ်နေသည့် ဂေါတမီစင်တော်၊ ယသော်ဓရာစင်တော်၊ ဝိသာခါစင်တော်၊ ရှင်စောပုစင်တော်၊ ရာဇဓာတုကလျာစင်တော်နှင့် သုဇာတစင်တော် ရက်ကန်းအဖွဲ့များက မသိုးသင်္ကန်း ရက်လုပ်နေမှုတို့ကို လှည့်လည် ကြည့်ရှုအားပေးခဲ့ကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ယင်းနောက် တန်ဆောင်တိုင်ပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တန်ဆောင်တိုင်ပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။



တစ်ဆက်တည်း ရောင်စုံမီးပုံးပျံအသေး ၆၀၀ နှင့် မီးပုံးပျံအကြီးငါးလုံးတို့ကို လွှတ်တင်ပူဇော်ခဲ့ကြသည်။ ဆက်လက်၍ ပဲခူးတန်ဆောင်တိုင် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲသို့ လာရောက်ကြသည့် ဧည့်ပရိသတ်များအား နိုင်ငံကျော် အဆိုတော်များက တေးသီချင်းများဖြင့် ပျော်ရွှင်စွာ သီဆိုဖျော်ဖြေ တင်ဆက်ခဲ့ကြရာ ဆုတောင်းပြည့် ရွှေမော်ဓောဘုရားဝင်းအတွင်း စည်ကားလျက်ရှိကြောင်းနှင့် ရွှေမော်ဓောဘုရားလမ်းတစ်လျှောက် တန်ဆောင်တိုင် ပွဲတော်ကာလအတွင်း MSMEs ထုတ်ကုန် အရောင်းဆိုင်ခန်းများ၊ ပွဲဈေးတန်းများ ရောင်းချပေးလျက်ရှိရာ ဈေးဝယ်သူ ဈေးရောင်းချသူများနှင့် စည်ကားများပြားလျက်ရှိသည်။

နိုဝင်ဘာ ၂၇ ရက် အရုဏ်တက်ချိန်တွင် ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီးအား လက်ယာရစ်သုံးပတ်ပတ်၍ လှည့်လည်ပူဇော်ပြီး ပြိုင်ပွဲဝင်စင်များက ရက်လုပ်ခဲ့သည့် မသိုးသင်္ကန်းများကို ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး မုခ်အသီးသီးရှိ ဘုရားဆင်းတုတော်များအား တာဝန်ရှိသူများက ဆက်ကပ်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ဒုတိယအကြိမ် သံဃာတော်အပါး ၁၀၀၀ ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနား ကျင်းပ



**မုံရွာ နိုဝင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ဒုတိယအကြိမ် သံဃာတော် အပါး ၁၀၀၀ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ ရာပြည့်ကပ်ကျော် စေတီတော်ကြီး၌ ကျင်းပသည်။

အခမ်းအနားတွင် မုံရွာမြို့ ဘုရားကြီးရပ်ကွက် သာစံကျောင်းတိုက် သက်တော်ရှည် ဆရာတော်ကြီးထံမှ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်ကြီးများထံ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**နာယူကြည်ညို**

ယင်းနောက် မုံရွာမြို့ ရန်ကင်းကျောင်းတိုက် ပဓာနနာယက ဆရာတော် ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပညာဝံသ ဆရာတော်ကြီးထံမှ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အနုမောဒနာတရား နာယူကြည်ညို၍ ရေစက်သွန်းချ အမျှပေးဝေကာ “ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု” သုံးကြိမ်ရွတ်ဆို ဆုတောင်းပြီး ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း အခမ်းအနားကို ရုပ်သိမ်းခဲ့ကြသည်။

ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ဒုတိယအကြိမ် သံဃာတော်အပါး ၁၀၀၀ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူပွဲအခမ်းအနားကို ရာပြည့်ကပ်ကျော်စေတီတော်မြတ်ကြီးနှင့် အရှေ့ဘက် ကန်သာယာတွင် ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့်ဇနီးများ၊ တပ်မတော်အရာရှိကြီးများ၏ဇနီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ အလှူရှင်များနှင့် လုပ်ငန်းရှင်များက သံဃာတော်အပါး ၁၀၀၀ နှင့် သီလရှင်ဆရာလေးများအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူကြသည်။

**ကြည့်ရှုအားပေး**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာဝန်ထမ်းများ၊ အလှူရှင်များနှင့် လုပ်ငန်းရှင်များက ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ တပျော်တပါး လောင်းလှူနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြသည်။

အဆိုပါ ဒုတိယအကြိမ် သံဃာတော်အပါး ၁၀၀၀ ဆွမ်းဆန်စိမ်း လောင်းလှူပွဲ အခမ်းအနားတွင် မုံရွာခရိုင်အတွင်းရှိ ချောင်းဦးမြို့နယ်၊ အရာတော်မြို့နယ်၊ ဘုတလင်မြို့နယ်၊ မုံရွာမြို့နယ်တို့မှ ဘုန်းတော်ကြီး ကျောင်းတိုက်ပေါင်း ၂၅၃ ကျောင်းနှင့် သီလရှင်ကျောင်းတိုက် ၄၀ တို့ရှိ ဆရာတော်၊ သံဃာတော်၊ သီလရှင်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

■



# မော်လမြိုင်မြို့၌ ရှင်ဥပဂုတ္တမထေရ်မြတ်အား ဆွမ်းအိုးမျှော ကပ်လှူပွဲဇော်ပွဲကျင်းပ

**မော်လမြိုင် နိုဝင်ဘာ ၂၇**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၌ တန်ဆောင်မုန်းလပြည့်နေ့ရောက်တိုင်း တန်ခိုးကြီးဘုရားများ၏ ဗုဒ္ဓပူဇနိယပွဲတော်များကို နှစ်စဉ်အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ တန်ဆောင်မုန်းလပြည့် (သာမညဖလအခါတော်နေ့) မတိုင်မီ အဖိတ်နေ့နှင့် လပြည့်နေ့တို့တွင် ဆီမီးများထွန်းညှိပူဇော်ခြင်း၊ တန်ဆောင်မုန်းလပြည့်နေ့ နံနက်အရုဏ်တက်ချိန်၌ ရှင်ဥပဂုတ္တမထေရ်မြတ်အား ဆွမ်းအိုးမျှောကပ်လှူပူဇော်ခြင်းနှင့် မြန်မာလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့တစ်ခုဖြစ်သည့် အခါကြီး ရက်ကြီးများတွင် ဘုရားဖူးပြည်သူများ၊ ခရီးသွားပြည်သူများအား အာဟာရဒါန စတုဒိသာကျွေးမွေးမှုများဖြင့် ရပ်ကွက်နှင့် ကျေးရွာလမ်းများ၊ တောင်ရိုးတန်းတစ်လျှောက် လမ်းများတွင် ဧည့်ခံကျွေးမွေးခြင်းဖြင့် ကုသိုလ်ယူကြသည်။

နှစ်စဉ်တန်ဆောင်မုန်းလပြည့်နေ့တွင် ရိုးရာဓလေ့ဖြစ်သော တောင်သမုဒ္ဒရာရှိ ရှင်ဥပဂုတ္တမထေရ်မြတ်အား ရည်မှန်းကာ ပူဇော်ပွဲများကျင်းပခဲ့ပြီး ဆွမ်းမမျှောမီ မြစ်ကမ်းဘေး ရှင်ဥပဂုတ္တမထေရ်မြတ် စံကျောင်းတော်အတွင်း အရှင်မြတ်အား ဆွမ်း/မုန့်ဆမ်း၊ သစ်သီး ကိုးမျိုး၊ ဖယောင်းတိုင်၊ အမွှေးတိုင်များဖြင့် ဆက်ကပ်လှူဒါန်း၍ ဘေးကင်းကျန်းမာရန်နှင့် လိုရာဆုတောင်းမှုများပြုလုပ်ကာ သံလွင်မြစ်အတွင်းသို့မျှော၍ ပူဇော်ခဲ့ကြောင်း ဆွမ်းအိုးမျှောပွဲသို့ လာရောက်သူ ဒေသခံ ဒေါ်မြသန်းက ပြောသည်။

ပူဇော်ပွဲတွင် တာဝန်ရှိသူများက ပြည်သူများ စိတ်နှလုံးအေးချမ်းစွာ ကုသိုလ်ယူနိုင်ကြစေရန်ရည်ရွယ်၍ ကမ်းနားလမ်းတစ်လျှောက် အများပြည်သူများ အလွယ်တကူ ဆွမ်းအိုးမျှောနိုင်ရန် ကျောင်းဆောင်နေရာ၊ မျှောရမည့်နေရာတို့ကို စနစ်တကျစီစဉ်ပေးထားရာ တန်ခိုးကြီးဘုရားများဖြစ်သည့် ကျိုက်သလွံဘုရား၊ မဟာမြတ်မုနိဘုရား၊ ဦးဇိနစေတီတော်၊ ဦးခန္တီဘုရား၊ နဂါးမောက်စေတီတော်အပါအဝင် တောင်ရိုးတန်းလမ်းတစ်လျှောက် အစရှိသည့် ဘုရားပုထိုးစေတီများတွင် ရပ်နီးရပ်ဝေးမှ လာရောက်ကြသည့် ရဟန်းရှင်လူပြည်သူများက စိတ်အေးချမ်းသာစွာ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်၍ ကုသိုလ်ဘာဝနာတရားပွားများ နာယူလျက်ရှိပြီး အလှူရှင်၊ စေတနာရှင်များက စတုဒိသာအဖြစ် ကျွေးမွေးကြသည့် နေရာများတွင်လည်း အထူးစည်ကားများပြားလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

နိုဝင်ဘာ၂၇ ရက် (တန်ဆောင်မုန်းလပြည့်နေ့)ည ၆ နာရီ ၁၂ မိနစ်က စမ်းချောင်းမြို့နယ် အတုလာဓိပတိ မဟာမုနိသကျ ကိုးထပ်ကြီးဘုရား၌ ဆီမီး ၉၉၉၉ တိုင် ထွန်းညှိပူဇော်စဉ်။

တင်ဝင်းလေး



# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘုရားပွဲတော်မှာ ဖျော်ဖြေရတာ ကုသိုလ်လည်းရ ပျော်လည်း ပျော်ပါတယ်။ နှစ်စဉ်နှစ်တိုင်းလည်း ကျင်းပပေးစေချင်ပါတယ်

ကိုလှိုင်ဘွား

တွေ့ဆုံမေးမြန်း - အလင်းသစ်
ဓာတ်ပုံ - နေမျိုး

နေပြည်တော် ဒက္ခိဏသီရိမြို့နယ်တွင် တည်ထားတော်မူသည့် ကမ္ဘာပေါ်ရှိ စကျင်ကျောက်ထွင်း ရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ပထမဆုံးအကြိမ် မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပွဲနှင့် တန်ဆောင်တိုင်မီးထွန်းပွဲတော်ကြီးကို ဆီမီး ၉၀၀၀ ပူဇော်ပွဲများ၊ အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ၊ မီးပုံးပျံလွှတ်တင်ပူဇော်ပွဲများဖြင့် သုံးရက်တိုင်တိုင်စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ တတိယမြောက်နေ့တွင် လာရောက်ပါဝင်ဆင်နွှဲသူများ၏ ပီတိစကားသံများကို ပြန်လည်ဖော်ပြပေးလိုက်ပါသည်။


ဦးရဲမင်းကျော်


ကိုလှိုင်ဘွား


ဒေါ်ညွန့်ရီ


ဦးဇော်ဝင်း


ဒေါ်သန်းညွန့်

**ဦးရဲမင်းကျော်**
**ရွှေပွင့်စုံ စားသောက်ကုန်လုပ်ငန်း**

အခုကျင်းပနေတဲ့ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော် မြတ်ကြီး တန်ဆောင်တိုင် မီးထွန်းပွဲတော်ကြီးမှာ အဓိက ရောင်းချတာကတော့ မျှစ်ချဉ်နဲ့ ငါးခြောက်ဖြစ်ပါတယ်။ မျှစ်ခြောက်လည်းပါပါတယ်။ အဓိကရောင်းကုန်တွေက MSME စံနှုန်းနဲ့အညီ ထုတ်လုပ်ထားတဲ့ နေပြည်တော်ဒေသထွက်ကုန်တွေပါပဲ။ ဒီပွဲတော်ကြီးမှာ ရောင်းချရတာလည်း အဆင်ပြေပါတယ်။ နယ်ဝေးကလူတွေလည်း အများကြီး လာရောက်ကြတာဖြစ်တဲ့အတွက် အများစုကသူတို့စားဖို့အပြင် လက်ဆောင်အဖြစ်ယူသွားဖို့ လာဝယ်ကြတာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ထုတ်ကုန်တွေကို နေပြည်တော် wholesale မှာလည်း တင်ထားပါတယ်။ နေပြည်တော်မှာ ကျင်းပတဲ့ ပွဲတိုင်းကိုလည်း ကျွန်တော်တို့ရဲ့ MSME လုပ်ငန်းက ထုတ်လုပ်တဲ့ ထုတ်ကုန်တွေ ရောင်းချခွင့်ရဖို့ ဖိတ်ခေါ်စေချင်ပါတယ်။

**ကိုလှိုင်ဘွား**
**ဖျော်ဖြေရေးအဖွဲ့ဝင်**

နဂိုကတည်းက အနုပညာဝါသနာပါတဲ့သူဖြစ်တော့ အခုလို နိုင်ငံတော် တာဝန်ရှိသူတွေက ဦးဆောင်ဦးရွက် ကျင်းပပေးတဲ့ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော်ကြီးမှာ လာရောက်ဖျော်ဖြေခွင့်ရတဲ့အတွက် အများကြီး ဝမ်းသာဂုဏ်ယူပါတယ်။ တန်ဆောင်တိုင် မီးထွန်းပွဲတော်မှာ ကျွန်တော်တို့ တတ်ကျွမ်းတဲ့ အနုပညာနဲ့ ဖျော်ဖြေပူဇော်တာပါ။ ကျွန်တော်တို့ ဗုဒ္ဓဘာသာတွေရဲ့ အထင်ကရနေ့တစ်နေ့လည်း ဖြစ်တယ်။ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘုရားပွဲတော်မှာ ဖျော်ဖြေရတာ ကုသိုလ်လည်းရ ပျော်လည်း ပျော်ပါတယ်။ နှစ်စဉ်နှစ်တိုင်းလည်း ကျင်းပပေးစေချင်ပါတယ်။

**ဒေါ်ညွန့်ရီ(ပျဉ်းမနားမြို့)**

အခုဒီ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲကြီးကို စည်စည်ကားကားနဲ့ ကျင်းပနေတာကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြဝတီရုပ်သံတို့မှာ မြင်တွေ့ရတော့ မီးပုံးပျံလွှတ်တင်တာတွေ၊ မီးပူဇော်တာတွေကို ကြည့်ရှုချင်တာရယ်၊ ထိုင်တော်မူဗုဒ္ဓကျောက်ဆစ် ရုပ်ပွားတော်မြတ်ကြီးကို ကိုယ်တိုင်ကိုယ်ကျ ဖူးမြော်ချင်တာရယ်ကြောင့် လာခဲ့တာပါ။ ဒီကိုရောက်လာတဲ့အချိန်မှာ ရုပ်မြင်သံကြားက ထုတ်လွှင့်တာတွေထက်တောင် ပိုပြီး စည်ကားသလို ပိုပြီးလည်း ကြည်ညိုစရာ မြင်ကွင်းတွေကိုလည်း တွေ့ခဲ့ရတယ်။ ကျွန်မအသက်က ၆၇ နှစ်ရှိပြီ။ ဒီကို မြေးသုံးယောက်၊ အိမ်နီးချင်းနှစ်ယောက်နဲ့ လာခဲ့တာပါ။ ဘုရားကြီး ဖွင့်ပွဲတုန်းကလည်း တစ်ခေါက် လာဖူးသေးတယ်။ အခုလည်း မြေးတွေက လိုက်ခဲ့ပါ အတူတူဖူးရအောင်ဆိုလို့ လိုက်ခဲ့တာပါ။

**ဦးဇော်ဝင်း**
**ဖျော်ဖြေရေးအဖွဲ့ခေါင်းဆောင်**

ကျွန်တော်တို့ ဖျော်ဖြေရေးအဖွဲ့မှာ အဖွဲ့သားအားလုံး အယောက် ၂၀ ပါပါတယ်။ ဘုရားပွဲတော်ကြီး စည်စည်ကားကား သိုက်သိုက်မြိုက်မြိုက်နဲ့ ဖြစ်လာအောင် တစ်ဖက် တစ်လမ်းကနေ လာရောက်ပံ့ပိုး ကူညီခြင်းပါပဲ။ ကျွန်တော်တို့အဖွဲ့မှာ ဦးရွှေရိုး ဒေါ်မိုးအကပါတယ်။ အိုးစည်၊ ဒိုးပတ်အပြင် အနောက်တိုင်း လေမှုတ်တူရိယာ အစုံအလင်နဲ့ ဖျော်ဖြေခဲ့တာ ဖြစ်ပါတယ်။

**ဒေါ်သန်းညွန့်(မိတ္ထီလာမြို့)**

ဒီဘုရားကြီးကို လာဖူးချင်နေတာ ကြာပါပြီ။ အခုဒီမာရဝိဇယ ဗုဒ္ဓရုပ်ပွားတော် မြတ်ကြီး တန်ဆောင်တိုင် မီးထွန်းပွဲတော်ကြီးကိုပါ နိုင်ငံတော်တာဝန်ရှိသူတွေက တခမ်းတနား ကျင်းပပေးနေတာ သိရတော့ သားဖြစ်သူကို လိုက်ပို့ခိုင်းတာပါ။ အခုလို လာရောက် ဖူးမြော်ခွင့်ရတော့ ဘုရားကြီးကိုလည်း ဖူးရတယ်။ စည်စည်ကားကားနဲ့ ကျင်းပနေတဲ့ တန်ဆောင်တိုင် မီးထွန်းပွဲတော်ကြီးရဲ့ လှပတဲ့မြင်ကွင်းတွေကိုလည်း ကြည့်ရှုခံစားရတယ်။ အသက်က ၉၀ ရှိပြီဆိုတော့ လာရတာပင်ပန်းပေမယ့် ဒီဘုရားကြီးကိုဖူးလိုက်ရတော့ ပင်ပန်းတာတွေလည်းပျောက်သွားတယ်။ မောင်ဖြစ်သူက ရုပ်မြင်သံကြားကလာတဲ့ မာရဝိဇယတန်ဆောင်တိုင် အခမ်းအနားကိုပြတော့ ပိုပြီးလာဖြစ်သွားတာပါ။

---

## မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းမိသားစုများ၏ တန်ဆောင်တိုင်ပွဲတော် ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၇

တန်ဆောင်မုန်းလပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ်ဖြစ်သကဲ့သို့ တန်ဆောင်တိုင်ပွဲတော်သည်လည်း မြန်မာ့ယဉ်ကျေးမှုဓလေ့နှင့် မြန်မာတို့၏ စိတ်ရင်းကို ဖော်ညွှန်းပြသနေသည့် မြန်မာ့ ၁၂ လရာသီပွဲတော်များအနက် အထင်ရှားဆုံး ပွဲတော်တစ်ခုဖြစ်သည်။

နေပြည်တော် (တပ်ကုန်း)ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင်လည်း တန်ဆောင်တိုင်ပွဲတော်ကို ယမန်နေ့ ညနေပိုင်းမှစတင်၍ ယနေ့တန်ဆောင်မုန်းလပြည့်နေ့အထိ ကျင်းပရာ ရှေးဦးစွာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝင်းအတွင်းရှိ မဟာဗောဓိအောင်မြေကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်သည့် ဗုဒ္ဓရုပ်ပွားတော် ရှစ်ဆူနှင့် မဟာဗောဓိပင်အား မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝတ်ရွတ်အသင်းက ပဋ္ဌာန်းဒေသနာတော်ဖြင့် ရွတ်ဖတ်ပူဇော်ပြီး ဝန်ထမ်းမိသားစုများက ဆီမီးတစ်ထောင်ဖြင့် ထွန်းညှိပူဇော်ကြသည်။

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းမိသားစုများ၏ တန်ဆောင်တိုင်ပွဲတော်ကို MRTV ပန်းခြံ၌ ကျင်းပရာ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့်အတူ MRTVသို့ လာရောက်လေ့လာကြသည့် တရုတ်နိုင်ငံ All China Youth Federation မှ Mr. Zhou Xiaoping ဦးဆောင်သည့် အဖွဲ့တို့သည် ထင်းမီးပုံအား စတင်ထွန်းညှိပြီး ပွဲတော်အား ဖွင့်လှစ်ပေးကြသည်။



ထို့နောက် ဝန်ထမ်းများနှင့် မိသားစုများ စုပေါင်း၍ မီးပုံးပျံများလွှတ်တင်ပူဇော်မှုနှင့်အတူ မီးရှူးမီးပန်းများ ပစ်ဖောက်ကြသည်။

ပွဲတော်တွင် နိဗ္ဗာန်ဈေးလည်း ထည့်သွင်းကျင်းပရာ ဧည့်သည်တော်များနှင့်ဝန်ထမ်းများအား ကံစမ်းမဲဖောက်၍ ပေါက်မဲပစ္စည်းများ ဝေငှလှူဒါန်းခြင်း၊ ပွဲဈေးတန်းတွင် ပျော်ရွှင်ဖွယ်ကစားနည်းများ ထည့်သွင်းကျင်းပခြင်း၊ တိုင်းရင်းသားရိုးရာ အစားအစာဆိုင်များ ဖွင့်လှစ်ရောင်းချခြင်း၊ ဝန်ထမ်းများနှင့် မိသားစုများအား မဲဇလီဖူးသုပ်နှင့် လက်ဖက်ထမင်းအား ငါးနီတူ၊ မြေပဲတို့ဖြင့် စတုဒိသာကျွေးမွေးခြင်းတို့ဖြင့် စီစဉ်ကျင်းပရာ ဧည့်သည်တော်များနှင့် အတူ ဝန်ထမ်းများနှင့် မိသားစုများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

ယင်းနောက် MRTV ခေတ်ပေါ်တီးဝိုင်း၏ တီးခတ်မှုနှင့်အတူ ဧည့်သည်တော်များနှင့် ဝန်ထမ်းများက သီဆိုဖျော်ဖြေခြင်း၊ ဆက်လက်၍ ဝန်ထမ်းတစ်ဦးချင်း တေးသီချင်းသီဆိုယှဉ်ပြိုင်ကြပြီး ဆုချီးမြှင့်ခြင်းတို့ဖြင့် မြန်မာအသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းမိသားစုများ၏ တန်ဆောင်တိုင်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

**သတင်းစဉ်**

---

## သတင်းနှင့် စာနယ်ဇင်း ဝန်ထမ်းဟောင်းများအသင်း သက်ကြီးပူဇော်ပွဲအတွက် အလှူငွေပေးအပ်

ရန်ကုန် နိုဝင်ဘာ ၂၇

သတင်းနှင့်စာနယ်ဇင်း ဝန်ထမ်းဟောင်းများအသင်း၊ ဆရာသမားများနှင့် အသက် ၈၀ နှင့် အထက် အသင်းဝင်ဝန်ထမ်းဟောင်းများ သက်ကြီးပူဇော်ပွဲအတွက် ကိုဇော်မျိုးထက် + မဝင့်ဝါထွန်းတို့က မင်္ဂလာဦး အလှူအဖြစ် အလှူငွေကျပ် တစ်သိန်း၊ ဦးစန်ငြိမ်းက ဒုတိယအကြိမ် အလှူငွေကျပ် ၅၀၀၀၀၊ ဦးဇော်နိုင်ဦး+ ဒေါ်သန္တာအောင်၊ ဦးညွန့်ဝေ+ဒေါ်ခိုင်ခိုင်ညွန့်၊ ဦးထွန်းထွန်းနိုင် +ဒေါ်ခင်မြင့်နွယ်၊ ဦးဇော်ဝင်း+ဒေါ်ခင်မြင့်ဦးတို့က အလှူငွေကျပ် ၃၀၀၀၀ စီ၊ ဦးကျော်ကျော်မြင့်၊ ဒေါ်ငြိမ်းငြိမ်းမြင့်၊ ဦးပြုံးချိုနှင့် တပည့်များ၊ ဦးထွန်းထွန်းလင်း+ဒေါ်ဇာဖြူနှင်း၊ ဦးကြည်လှိုင်၊ ဒေါ်တင်မာဝင်းတို့က အလှူငွေကျပ် ၂၀၀၀၀ စီ၊ ဒေါ်ကြူကြူဝင်းက အလှူငွေကျပ် ၁၅၀၀၀၊ ဦးမြသန်း၊ ဒေါ်ယင်ယင်လွင်၊ ဒေါ်မြကြည်ပြာစိုး၊ ဒေါ်ငြိမ်းငြိမ်းရှင်၊ ဒေါ်နွယ်နွယ်လွင်တို့က ငွေကျပ် ၁၀၀၀၀ စီ၊ ဒေါ်ချိုချိုအေး၊ ဒေါ်သန္တာအောင်၊ ဒေါ်ခင်လေးလွင်၊ ဒေါ်နှင်းမှုံရည်တို့က ငွေကျပ် ၅၀၀၀ စီ၊ ဦးအောင်ကျော်ဦး၊ ဒေါ်စုစုကြည်တို့က အလှူငွေကျပ် ၃၀၀၀ စီ စုစုပေါင်းအလှူငွေကျပ် ၄၉၃၀၀၀ ကို နိုဝင်ဘာ ၂၆ ရက်က လှူဒါန်းပေးအပ်ရာ အသင်းမှတွဲဖက်အတွင်းရေးမှူး ဦးအေးသန်းက လက်ခံရယူခဲ့ကြောင်း သိရသည်။

**အေးသန်း(စိန်တုံးကြီး)**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စစ်သင်္ဘော သုံးစင်း မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိမှု၊ နယ်စပ်ဒေသများတွင် တရားမဝင်နေထိုင်သူများအား တရုတ်နိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးမှု၊ အမေရိကန်အစိုးရ၏ ကျောထောက်နောက်ခံပြုထားသည့် USIP (United States Institute of Peace) အဖွဲ့အစည်း၏ သုတေသနစာတမ်းများအားအမှီပြု၍ အနောက်နိုင်ငံမီဒီယာများမှ ကျယ်ကျယ်ပြန့်ပြန့် ဝါဒဖြန့်နေမှုများ၊ ၂၇-၁၁-၂၀၂၃ ရက်နေ့ ရှမ်းပြည်နယ်(အရှေ့မြောက်ဘက်)နှင့် ကယားပြည်နယ်တွင် စစ်ရေးနှင့်မသက်ဆိုင်သော ကယားပြည်နယ်ယဉ်ကျေးမှုအဆောက်အအုံနှင့် အကျဉ်းထောင်သို့ လာရောက်တိုက်ခိုက်မှုများ၊ ရခိုင်ပြည်နယ်တို့တွင် ထိတွေ့တိုက်ပွဲဖြစ်ပွားမှုအခြေအနေများ၊ မြန်မာနိုင်ငံ၏ အရှေ့မြောက်ဘက်ဒေသတွင် ဖြစ်ပေါ်နေသောအခြေအနေများကို အခွင့်ကောင်းယူ၍ အချက်ပေးလှုံ့ဆော်မှုများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ဒီနေ့ တန်ဆောင်မုန်းလပြည့်နေ့ အခါသမယမှာ နိုင်ငံသူနိုင်ငံသားအားလုံး ကျန်းမာ၊ ချမ်းသာ၊ ဘေးဘယာဝေးကွာပါစေလို့ ဆုမွန်ကောင်းပို့သအပ်ပါတယ်။ ဒီနေ့မှာတော့ တရုတ်ပြည်သူ့သမ္မတနိုင်ငံက မြန်မာနိုင်ငံကို ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေတဲ့ စစ်သင်္ဘောသုံးစင်းဟာ ဒီနေ့ နေ့လယ်ပိုင်းမှာ ရန်ကုန်ကို ရောက်ရှိခဲ့ပါတယ်။ အဲဒီစစ်သင်္ဘောအုပ်စုထဲမှာတော့ ဖျက်သင်္ဘော Destroyer အမျိုးအစား သင်္ဘောတစ်စင်း၊ Frigate အမျိုးအစား သင်္ဘောတစ်စင်းနဲ့ ထောက်ပံ့ပို့ဆောင်ရေးယာဉ်တစ်စင်း စုစုပေါင်းသုံးစင်းပါခဲ့ပါတယ်။ စစ်သည်အင်အား ၇၀၀ ခန့် ပါရှိကြောင်းလည်း တွေ့ရှိရပါတယ်။ ရန်ကုန်မှာ ကျွန်တော်တို့ မြန်မာ့တပ်မတော်(ရေ) မှ အဆင့်မြင့်အရာရှိကြီးများ၊ တရုတ်-မြန်မာ ချစ်ကြည်ရေးအသင်းအဖွဲ့များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ သံရုံးနဲ့စစ်သံရုံးမှ တာဝန်ရှိသူတွေအနေနဲ့ လှိုက်လှဲစွာကြိုဆိုခဲ့ကြောင်း တွေ့ရပါတယ်။ မြန်မာနိုင်ငံအတွင်းမှာ ချစ်ကြည်ရေးခရီးလည်ပတ်မှု၊ လေ့လာမှု၊ နှစ်နိုင်ငံချစ်ကြည်ရေး အားကစားပြိုင်ပွဲတွေပြုလုပ်မှုတွေကို ပြုလုပ်သွားမှာဖြစ်ကြောင်း အသိပေးလိုပါတယ်။ မြန်မာနိုင်ငံနဲ့တရုတ်နိုင်ငံဟာ မနေ့ကကျွန်တော်ပြောခဲ့သလို မဟာဗျူဟာ မိတ်ဖက်နိုင်ငံတွေဖြစ်ပါတယ်။ ဆွေမျိုးပေါက်ဖော်နိုင်ငံတွေဖြစ်ပါတယ်။ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်ကို လေးစားလိုက်နာပြီး နှစ်နိုင်ငံအစိုးရနဲ့တပ်မတော်နှစ်ရပ်အကြားမှာ ခိုင်မာတဲ့ချစ်ကြည်ရင်းနှီးမှုရှိတဲ့ နိုင်ငံတွေဖြစ်ကြောင်းပြောကြားလိုပါတယ်။ ဒီနေ့မှာတော့ နယ်စပ်ဒေသတွေမှာ တရားမဝင် ဝင်ရောက်နေထိုင်တဲ့သူတွေကို ကျွန်တော်တို့ပြန်လည်အပ်နှံရာမှာ တရုတ်အမျိုးသား ၄၆၆ ဦး၊ အမျိုးသမီး ၈၇ ဦး ပေါင်း ၅၅၃ ဦးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံတာဝန်ရှိသူတွေထံ ပြန်လည်လွှဲပြောင်းပေးနိုင်ခဲ့ပါတယ်။ အောက်တိုဘာ ၃၁ ရက်ကနေ နိုဝင်ဘာ ၂၇ ရက်အထိ စုစုပေါင်း အမျိုးသား ၈၃၁၂ ဦး၊ အမျိုးသမီး ၈၈၂ ဦး ပေါင်း ၉၁၉၄ ဦး လွှဲပြောင်းပြီးဖြစ်ပါတယ်။ ဒီနေ့ နောက်ထပ်ထူးထူးခြားခြား သတင်းတစ်ခုကတော့ အမေရိကန်အစိုးရရဲ့ ကျောထောက်နောက်ခံပြုထားတဲ့ USIP(United State Institute of Peace) ဆိုတဲ့ အဖွဲ့အစည်းကနေ သူ့ရဲ့သုတေသနစာတမ်းတွေကို အမှီပြုပြီးတော့ အနောက်နိုင်ငံမီဒီယာတွေက ကျယ်ကျယ်ပြန့်ပြန့် ဝါဒဖြန့်နေတာမျိုး ရှိပါတယ်။ အဓိကအချက်ကတော့ ဒီထဲမှာ ယခုလက်ရှိ မြန်မာနိုင်ငံဖြစ်ပေါ်နေတဲ့အခြေအနေကြောင့်မလို့ ဒီအခြေအနေတွေကို ပိုပြီးဆိုးရွားသွားအောင် သုံးသပ်တင်ပြ၊ ဦးတည်တင်ပြတာတွေပဲ လုပ်ဆောင်တာမျိုးဖြစ်ပါတယ်။ အရေးကြီးတဲ့သုံးသပ်ချက်ကတော့ လက်နက်




စွဲကိုင်ပြီး ပဋိပက္ခဖြစ်အောင်လုပ်ဆောင်နေတဲ့ အဖွဲ့အစည်းတွေ၊ လူပုဂ္ဂိုလ်တွေ၊ ဒီအဖွဲ့အစည်းတွေ၊ လူပုဂ္ဂိုလ်တွေဟာ စစ်ဘုရင်ဝါဒလိုဟာမျိုးဖြစ်မှာမဟုတ်ဘူး။ ခေါ်ပြဆန်ဆန်အဖွဲ့အစည်းမျိုးတွေ ဖြစ်မလာနိုင်ဘူး တစုတစည်းတည်းရှိတယ်ဆိုတဲ့ ဟာမျိုးနဲ့ ပဋိပက္ခကြီးထွားလာအောင် မီးထိုးပေးတဲ့ သဘောပဲဖြစ်ပါတယ်။ ဒါကဘာလဲဆိုတော့ မြန်မာနိုင်ငံအရေးကို ပေါ်ပေါ်ထင်ထင် ဝင်ရောက်စွက်ဖက်နှောင့်ယှက်လာတာဖြစ်ပါတယ်။ လုပ်လည်းလုပ်နေတာဖြစ်ပါတယ်။ ထပ်ပြီးတော့မှ လုပ်လာနိုင်တဲ့ အရိပ်အယောင်မျိုးကို ပြသခြင်းဖြစ်ပါတယ်။ ဒီအနောက်နိုင်ငံတွေနဲ့ ဆက်စပ်အဖွဲ့တွေအနေနဲ့ မြန်မာနိုင်ငံအရေးနဲ့ ပတ်သက်လာပြီး ပိုပြီးတော့ ဝင်ရောက်စွက်ဖက်နှောင့်ယှက်မယ့် အရိပ်အယောင်နဲ့ပြသခြင်းဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်ပြောချင်တာကတော့ လက်တွေ့သူတို့ပြောတဲ့အတိုင်း မြေပြင်မှာဖြစ်နေခြင်း ရှိမရှိပါပဲ။ လက်တွေ့လည်း မြင်နေရတာဖြစ်ပါတယ်။ သူတို့ပြောနေကြတဲ့ လက်နက်ကိုင်အဖွဲ့အစည်းတွေအတွင်းမှာပဲ သွေးကွဲမှုတွေရှိတယ်။ လက်နက်ကိုင်အဖွဲ့အစည်းတွေ အတွင်းမှာပဲ စစ်ကိုင်းဘက်မှာဆိုရင် အဖွဲ့တစ်ဖွဲ့နဲ့တစ်ဖွဲ့ မတည့်ဘဲ တစ်ဖွဲ့နဲ့တစ်ဖွဲ့တိုက်ခိုက်နေတာမျိုးတွေ ရှိတယ်။ NUG၊ CRPH အမည်ခံ အကြမ်းဖက်အဖွဲ့ကကိုပဲ တချို့သော လက်နက်ကိုင်အဖွဲ့တွေကို လက်မခံဘူးလို့ သူတို့ကိုယ်တိုင်ကြေညာခဲ့တာတွေ ရှိတယ်။ ပြည်သူလူထုအပေါ်မှာ အကြိမ်ကြိမ်သတ်ဖြတ်တာတွေ၊ လုယက်တာတွေလုပ်နေတာတွေရှိတယ်။ တရားမဲ့ပြုကျင့်နေတာတွေရှိတယ်ဆိုတာ အားလုံးကိုမျက်ကွယ်ပြုပြီးမှ သုံးသပ်ခဲ့တဲ့အချက်ပဲဖြစ်ပါတယ်။ စစ်ကိုင်းဘက်မှာဆိုရင် ဒီPDF အမည်ခံ အကြမ်းဖက်အဖွဲ့တစ်ဖွဲ့ရဲ့ အမျိုးသမီးတစ်ယောက်ကို လပေါင်းများစွာ ဖမ်းဆီးချုပ်နှောင်ပြီး အကြိမ်ကြိမ်မုဒိမ်းကျင့်ခဲ့တဲ့လုပ်ရပ် ဟိုးလေးတကျော်ကျော်ဖြစ်လာမှ အရေးယူမယ်ဆိုတဲ့ ပုံစံမျိုးပြောပြီးကာမှ ဘာမှအရေးမယူတဲ့အပြင် အဲဒီအဖွဲ့တွေကပါ လွတ်မြောက်သွားတဲ့ကိစ္စတွေ၊ တရားမဲ့ ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်နေတဲ့ဟာတွေ၊ အမြင်မတူတဲ့ကျေးရွာတွေကို မီးရှို့ဖျက်ဆီးနေတဲ့ဟာတွေ၊ ဒါတွေဟာလက်တွေ့ တွေ့ရမှာဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ ပြောပြီးဖြစ်ပါတယ်။ ဒီ MNDAA အကြမ်းဖက်သောင်းကျန်းသူတွေရဲ့ လုပ်ရပ်တွေ၊ MNDAA အကြမ်းဖက်သောင်းကျန်းသူတွေရဲ့သမိုင်းကြောင်းတွေ ပြောပြီးဖြစ်ပါတယ်။ ဒီအဖွဲ့ရဲ့ မူရင်းအခြေခံ ဇာစ်မြစ်ဟာ၊ စီးပွားရေးလုပ်ငန်းဟာ ဘိန်းမှောင်ခိုကူးခြင်းဖြစ်ပါတယ်။ ဘိန်းနဲ့ပတ်သက်ပြီးတော့မှ ဆောင်ရွက်တဲ့ အဖွဲ့ဖြစ်ပါတယ်။ ထင်ရှားတဲ့သမိုင်းသာဓကေ တွေရှိပါတယ်။ ကိုးကန့်အမျိုးသမီးတစ်ဦးဖြစ်ခဲ့တဲ့ ကမ္ဘာမှာဘိန်းဘုရင်မလို့ နာမည်ကျော်ကြားခဲ့တဲ့သူသည် ဘယ်နယ်မြေကထွက်ခဲ့တာလဲ။ ဘယ်အမျိုးအနွယ်ကနေလာခဲ့တာလဲဆိုတာ သမိုင်းအထင်အရှားရှိပြီးဖြစ်ပါတယ်။ အဲဒီအချိန်တုန်းက အမေရိကန် CIA ရဲ့ ဘိန်းပံ့ပိုးမှုနဲ့ပတ်သက်ပြီး ဒီကိုးကန့်ဘိန်းဘုရင်မဆိုတဲ့ အမျိုးသမီးကိုယ်တိုင်က ဆောင်ရွက်ပေးခဲ့တာဖြစ်ပါတယ်။ နောက်ပိုင်းမှာမှ ဒီနေရာမှာ ဗကပလွှမ်းမိုးလာပြီးတော့မှ သူတို့ပျောက်ကွယ်သွားတယ်။ ပြီးရင် ဗကပအနေနဲ့ ဘိန်းလုပ်ငန်းတွေ ဆက်လက်ဆောင်ရွက်တယ်။ ဆောင်ရွက်တဲ့နေရာမှာလည်း သူတို့ရဲ့လက်အောက်မှာရှိတဲ့ ဒီတိုင်းရင်းသားတွေကိုပဲ အသုံးပြုပြီး စေခိုင်းခဲ့တာဖြစ်ပါတယ်။ နောက်ပိုင်း ဗကပကွပ်ကဲမှုအောက်ကနေလွတ်ပြီးတဲ့နောက်ပိုင်းမှာလည်း ဒီလုပ်ငန်းတွေကိုပဲဆက်လုပ်တာဖြစ်ပါတယ်။ ဒီလုပ်ငန်းတွေကမှတစ်ဆင့် ငွေရလာတယ်။ အဲဒီကနေမှတစ်ဆင့် အဲဒီလုပ်ငန်းတွေကို စောင့်ရှောက်ဖို့အတွက် လက်နက်ကိုင်အဖွဲ့အစည်းထူထောင်တယ်။ လက်နက်ကိုင်အဖွဲ့အစည်းထူထောင်တော့ ဒါ့ထက် တရားမဝင်လုပ်ငန်းတွေလုပ်ကိုင်ခွင့်ရတယ်။ ဒါတွေကိုစောင့်ရှောက်ဖို့အတွက် လက်နက်တွေ၊ ခဲယမ်းတွေဝယ်တယ်။ လက်နက်ကိုင် အဖွဲ့အစည်း ထပ်တိုးချဲ့တယ်။ ဒီဟာနဲ့တင် သံသရာလည်နေတာဖြစ်ပါတယ်။ ဒီလိုသမိုင်းကြောင်းတွေ၊ ဒီလိုထင်ရှားရှိတဲ့ဟာတွေကို မျက်ကွယ်ပြုပြီး အခုလိုသုံးသပ်ပြီး မီးထိုးပေးနေခြင်းသည် ဒီပဋိပက္ခမှာ အနောက်နိုင်ငံတွေနဲ့ အပေါင်းအပါများ ထဲထဲဝင်ဝင် ဝင်ရောက်ပတ်သက်နေပြီဆိုတာကို သိနိုင်ကြောင်း အသိပေးပြောကြားလိုပါတယ်။ ဒါတွေကို ကျွန်တော်တို့ပြည်သူလူထုအားလုံး၊ အိမ်နီးချင်းနိုင်ငံတွေနဲ့အားလုံးက ဂရုစိုက် သတိပြုရမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။ ထိတွေ့တိုက်ပွဲအနေနဲ့ မနေ့ညဘက်ကတော့ မူဆယ် ၁၀၅ မိုင်ဘက်မှာ ထိတွေ့တိုက်ပွဲတွေ ဖြစ်ပွားခဲ့တာရှိပါတယ်။ တပ်မတော်အနေနဲ့ တိကျစွာနှိမ်နင်းခဲ့တဲ့အတွက် ဒီမနက်ပိုင်းမှာတော့ အဲဒီဘက်မှာ ထိတွေ့တိုက်ပွဲမရှိခဲ့ပါဘူး။ ရန်သူအနေနဲ့ အထိအခိုက်အကျအဆုံးများစွာရှိတယ်ဆိုတာ သိရှိရပါတယ်။ ဒီကနေ့မှာတော့ ကုန်းကြမ်းဘက်မှာ Drop Bomb နဲ့ မြောက်မြားစွာချပြီး တိုက်ခိုက်ခဲ့တာရှိပါတယ်။ မုန်းစီးဘက်မှာလည်း Drop Bomb တွေချပြီး တိုက်ခိုက်ခဲ့တာရှိပါတယ်။ စီကောကို ရှော့တိုက်ဒုံးတွေနဲ့ ပစ်ခတ်ခဲ့တာရှိပါတယ်။ ကယားပြည်နယ်ဘက်မှာတော့ စစ်ရေးနဲ့မဆိုင်တဲ့နေရာတွေဖြစ်တဲ့ ကယားပြည်နယ်ယဉ်ကျေးမှုအဆောက်အအုံ၊ အကျဉ်းထောင် ဒါတွေကို လာရောက်ပြီးတိုက်ခိုက်ခဲ့တာမျိုးရှိပါတယ်။ ရန်သူအနေနဲ့ ထိခိုက်ကျဆုံးမှုများရှိတယ်လို့ သိရပါတယ်။ ရခိုင်ပြည်နယ်ဘက်မှာတော့ ပလက်ဝနဲ့ ထရွန်အိုင်ဘက်မှာ တိုက်ခိုက်ခဲ့တာ ရှိပါတယ်။ နန်းဘူးမှာထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့တာရှိပါတယ်။ ပလက်ဝမှာတော့ အဝေးကနေ ရှော့တိုက်ဒုံးနဲ့ ပစ်ခတ်ခဲ့တာရှိပါတယ်။ ဒီနေ့မှာ ကျွန်တော်အထူးအလေးအနက်ထားပြီး ပြောကြားလိုတာကတော့ မြန်မာနိုင်ငံရဲ့ အရှေ့မြောက်ဘက်ဒေသမှာ ဖြစ်ပေါ်နေတဲ့အခြေအနေတွေကို အခွင့်ကောင်းယူပြီး ပွဲလန့်တုန်းဖျာခင်းတာ လုပ်ဆောင်ဖို့အတွက်အချက်ပေးလှုံ့ဆော်မှုတွေ ထင်ရှားစွာတွေ့မြင်ရမှာဖြစ်ပါတယ်။ USIP ဆိုတဲ့ အဖွဲ့အစည်းရဲ့ အစီရင်ခံစာကို သုံးသပ်ပြီး ပြည်ဖျက်မီဒီယာတွေအနေနဲ့ အမျိုးမျိုးသုံးသပ်ပြီး ရေးသားလှုံ့ဆော်နေတာတွေ့ရပါတယ်။ ဒါတွေကို ကျွန်တော်တို့နိုင်ငံသူ ၊ နိုင်ငံသားတွေအားလုံး၊ မြန်မာနိုင်ငံနဲ့ အိမ်နီးချင်းနိုင်ငံအားလုံးက အလေးအနက်ထား စောင့်ကြည့် သတိပြုသွားရမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

# မြန်မာနိုင်ငံတွင်ကျင်းပခဲ့သော ရွေးကောက်ပွဲများနှင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်

မောင်ရွှေရိုး

**(ယမန်နေ့မှအဆက်)**

### ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်

၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့တွင် စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော်အရေးပေါ် အစည်းအဝေးက တစ်ပါတီစနစ်နှင့် ပါတီစုံစနစ် အနက် မည်သည့်စနစ်ကို လိုလားကြောင်း ပြည်သူ့ဆန္ဒခံယူပွဲ မကျင်းပတော့ဘဲ ပါတီစုံစနစ်ဖြင့် အထွေထွေရွေးကောက်ပွဲကို သုံးလအတွင်း ကျင်းပပေးရန် ဆုံးဖြတ်ခဲ့ပါသည်။ ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့တွင် ဦးဘဘော အငြိမ်းစားဘဏ္ဍာတော်မင်းကြီး အပါအဝင် အဖွဲ့ဝင်လေးဦးဖြင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ကို ဖွဲ့စည်းပေးခဲ့သည်။ ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့် စက်တင်ဘာလ ၂၈ ရက်နေ့တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေများ ပြဋ္ဌာန်းခဲ့ပါသည်။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ နောက်ဆုံးမှတ်ပုံတင်ခွင့် ပြုထားသောနေ့ရက်အဖြစ် ၁၉၈၉ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ မှတ်ပုံတင်ခွင့်ပြုခဲ့သည့် နိုင်ငံရေးပါတီပေါင်းမှာ ၂၃၅ ဖွဲ့ဖြစ်ပါသည်။ ကော်မရှင်၏စိစစ်ချက်အရ တောတွင်းကွန်မြူနစ်များက ထူထောင်သည့်ပါတီများ NCGUB နှင့် ယှဉ်ပြိုင်အစိုးရအဖွဲ့များ၊ ပြည်ပြေးများ၊ နိုင်ငံတော်ကို ဆန့်ကျင်တိုက်ခိုက်နေသည့် အဖွဲ့အစည်းများနှင့် မိမိသဘောအလျောက် ပယ်ဖျက်ခဲ့ရသည့်ပါတီများ စုစုပေါင်း ၁၄၂ ပါတီ ဖျက်သိမ်းခဲ့ရသဖြင့် ၉၃ ပါတီသာ ကျန်ရှိခဲ့သည်။ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို ၁၉၉၀ ပြည့်နှစ် မေလ ၂၇ ရက်နေ့တွင် ကျင်းပခဲ့ပါသည်။ ရွေးကောက်ပွဲတွင် ပါတီအဖွဲ့အစည်း ၉၃ ဖွဲ့မှ ကိုယ်စားလှယ်လောင်း ၂၂၀၉ ဦးနှင့် တစ်သီးပုဂ္ဂလ ၈၇ ဦးတို့ အပါအဝင် လွှတ်တော်ကိုယ်စားလှယ်လောင်း စုစုပေါင်း ၂၂၉၆ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ယင်းရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၂၇ ပါတီမှ ၄၇၉ ဦးနှင့် တစ်သီးပုဂ္ဂလခြောက်ဦး စုစုပေါင်း ၄၈၅ ဦးတို့ ရွေးကောက်တင်မြှောက်ခြင်းခံခဲ့ရပါသည်။

နိုင်ငံတော်တွင် ရေရှည်အကျိုးရှိပြီး ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် မရှိမဖြစ်လိုအပ်သည့်အတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ၁၉၉၃ ခုနှစ်မှစ၍ အမျိုးသားညီလာခံကို ခေါ်ယူကျင်းပပေးခဲ့သည်။ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် အနိုင်ရရှိသည့် NLD ပါတီ ကိုယ်စားလှယ်အမတ်များ အမျိုးသားညီလာခံမှ ထွက်ခွာခဲ့ကြသည့်အတွက် ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲရလဒ်သည်လည်း ပျက်ပြယ်သွားခဲ့ရသည်။ အမျိုးသားညီလာခံက ချမှတ်ပေးခဲ့သည့်အခြေခံမူများ၊ အသေးစိတ်အခြေခံမူများနှင့်အညီ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲခဲ့ကြသည်။ ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုနိုင်ရေးအတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ကြေညာချက်အမှတ် (၃/၂၀၀၈) ဖြင့် ဥက္ကဋ္ဌ ဦးအောင်တိုးအပါအဝင် အဖွဲ့ဝင် ၄၅ ဦး ပါဝင်သော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို သက္ကရာဇ် ၁၃၇၀ ပြည့်နှစ် ကဆုန်လပြည့်ကျော် ၁၀ ရက် (ခရစ်နှစ် ၂၀၀၈ ခုနှစ် မေလ ၂၉ ရက်) နေ့တွင် ကျင်းပပြုလုပ်ပြီး အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။

### ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရွေးကောက်ပွဲများ ကျင်းပဆောင်ရွက်နိုင်ရန် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ၂၀၁၀ ပြည့်နှစ် မတ်လ ၁၁ ရက်နေ့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ဥက္ကဋ္ဌ ဦးသိန်းစိုး အပါအဝင် အဖွဲ့ဝင် ၁၇ ဦးဖြင့် ဖွဲ့စည်းတာဝန်ပေးခဲ့ပါသည်။ ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် ရွေးကောက်ပွဲ ကျင်းပခဲ့ရာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၃၂၅ ဦး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၁၆၈ ဦး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ၆၆၁ ဦး စုစုပေါင်း ၁၁၅၄ ဦး ရွေးချယ်တင်မြှောက်ခဲ့သည်။ လွှတ်တော်အသီးသီးအနက် နိုင်ငံရေးပါတီ ၃၇ ပါတီမှ လွှတ်တော်ကိုယ်စားလှယ်ပေါင်း ၂၉၈၇ ဦး၊ တစ်သီးပုဂ္ဂလ ၈၂ ဦး စုစုပေါင်း ၃၀၆၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ နိုင်ငံရေးပါတီ ၂၂ ပါတီနှင့် တစ်သီးပုဂ္ဂလ ခြောက်ဦးတို့ အရွေးခံရပါသည်။ လွှတ်တော်သုံးရပ်ပေါင်းတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ၈၈၂ ဦး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ၆၄ ဦး၊ ရှမ်းတိုင်းရင်းသားဒီမိုကရက်တစ်ပါတီမှ ၅၇ ဦး၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီမှ ၁၆ ဦး၊ ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီမှ ၃၅ ဦးနှင့် ကျန် ၁၇ ပါတီမှ ၉၄ ဦး ရွေးချယ်ခံရပါသည်။ ပထမအကြိမ်လွှတ်တော်သက်တမ်းကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်ကာ အစိုးရအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။

နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းတာဝန်ပေးခဲ့ပါသည်။ ကော်မရှင်သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်ခဲ့ရာ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (င) တွင် ပါတီဝင်အဖြစ်စည်းရုံးရာ၌ **"ထောင်ဒဏ်ကျခံနေသူမဟုတ်ခြင်း"** ဆိုသည့် စကားရပ်ကို ပယ်ဖျက်ခဲ့၍ ထောင်ဒဏ်ကျခံနေသူများကိုလည်း ပါတီဝင်အဖြစ် စည်းရုံးနိုင်သဖြင့် ၂၀၁၀ ပြည့်နှစ် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရ ပျက်ပြယ်ခဲ့ပြီးဖြစ်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီသည် ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေအရ မှတ်ပုံတင်ခဲ့ပြီး ၂၀၁၂ ခုနှစ် ဧပြီလ ၁ ရက်နေ့ ကြားဖြတ်ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ပါသည်။ **၂၀၁၂ ခုနှစ် ဧပြီလ ၁ ရက်နေ့ ကြားဖြတ်ရွေးကောက်ပွဲ** ကျင်းပခဲ့ရာ ရှမ်းတိုင်းရင်းသားဒီမိုကရက်တစ်ပါတီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီနှင့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ စုစုပေါင်း သုံးပါတီတို့ အရွေးခံရပါသည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် NLD ပါတီအမတ်များ လွှတ်တော်အတွင်းသို့ ရောက်ရှိခဲ့ကြသည်။

**၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ**ကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပြီး ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၉၁ ပါတီ ကိုယ်စားပြု ၅၇၈၂ ဦးနှင့် တစ်သီးပုဂ္ဂလ ၃၁၀ ဦးအနက် နိုင်ငံရေးပါတီ ၂၂ ပါတီ ကိုယ်စားပြု ၁၁၄၅ ဦးနှင့် တစ်သီးပုဂ္ဂလ ငါးဦး အရွေးခံရသည်။ လွှတ်တော်သုံးရပ်ပေါင်းတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသည် ၁၁၇ ဦး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ၈၈၆ ဦး၊ ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီသည် ၄၀၊ ရခိုင်အမျိုးသားပါတီသည် ၄၅ ဦး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီသည် တစ်ဦးနှင့် ကျန် ၁၇ ပါတီသည် ၅၆ ဦး ရွေးချယ်ခံရပါသည်။ NLD ပါတီ ဦးဆောင်၍ အစိုးရဖွဲ့စည်း ဆောင်ရွက်ခဲ့ပါသည်။ ဒေါ်အောင်ဆန်းစုကြည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတမဖြစ်နိုင်သဖြင့် နိုင်ငံတော်အတိုင်ပင်ခံဥပဒေပြဋ္ဌာန်းပြီး အစိုးရအဖွဲ့ကို သူက ဦးဆောင်ခဲ့ပါသည်။

နိုင်ငံတော်သမ္မတသည် ၂၀၁၆ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း အပါအဝင် အဖွဲ့ဝင် ၁၃ ဦးကို ခန့်အပ်တာဝန်ပေးခဲ့ပါသည်။ **၂၀၁၇ ခုနှစ် ဧပြီလ ၁ ရက်နေ့ ကြားဖြတ်ရွေးကောက်ပွဲနှင့် ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့ ကြားဖြတ်ရွေးကောက်ပွဲများ** ကျင်းပပြုလုပ်ခဲ့ပြီး **၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ**ကို နိုဝင်ဘာလ ၈ ရက်နေ့တွင် မြို့နယ်ပေါင်း ၃၁၅ မြို့နယ်၌ ကျင်းပဆောင်ရွက်ခဲ့သည်။

### ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲနှင့် မဲမသမာမှု၊ တရားမဲ့ပြုကျင့်မှုများ

**၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ**ကို နိုဝင်ဘာလ ၈ ရက်နေ့တွင် မြို့နယ်ပေါင်း ၃၁၅ မြို့နယ်၌ ကျင်းပခဲ့ပါသည်။ နိုင်ငံရေးပါတီ ၉၁ ပါတီ လွှတ်တော်ကိုယ်စားလှယ်ပေါင်း ၅၃၇၉ ဦးနှင့် တစ်သီးပုဂ္ဂလ ၂၆၀ စုစုပေါင်း ၅၆၃၉ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြပါသည်။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသည် မဲမသမာမှု၊ တရားမဲ့ပြုကျင့်မှုများ ဖြစ်ပွားခဲ့ရသည့်အတွက် ရွေးကောက်ပွဲရလဒ်များ ပျက်ပြယ်ခဲ့ရသည်။ မဲမသမာမှုဖြစ်စဉ်များကို လေ့လာကြည့်ရာ အဓိကအချက် (၃) ချက်ကို တွေ့ရှိရသည်။ ပထမအချက်မှာ မဲစာရင်းများ ဖောင်းပွခြင်း၊ ဥပဒေနှင့်မညီသူများ မဲစာရင်းတွင်ပါဝင်နေခြင်း၊ ဒုတိယအချက်မှာ မဲလက်မှတ်များ ပိုမိုရိုက်နှိပ်ဖြန့်ဝေခြင်း၊ တတိယအချက်မှာ မဲစာရင်းအပိုများ၊ မဲလက်မှတ်အပိုများဖြင့် ဥပဒေနှင့်မညီသော မဲပေးမှုများကို ပြုလုပ်ခြင်း၊ ရပ်ကွက်ကျေးရွာများတွင် ဥပဒေနှင့်မညီညွတ်သော ကြိုတင်မဲများ ကောက်ခံခြင်းတို့ဖြစ်သည်။ ရွေးကောက်ပွဲကျင်းပခဲ့သည့် မြို့နယ်အားလုံးတွင် မဲမသမာမှုများ တစ်ပုံစံတည်းဖြစ်ပွားခဲ့ကြောင်း တွေ့ရှိရသည်။ သာမန် မဲစာရင်းမှားယွင်းမှုမျိုးမဟုတ်ဘဲ နိုင်ငံတကာ အဖွဲ့အစည်းအချို့၏ ပါဝင်ဆောင်ရွက်မှုဖြင့် ကြိုတင်စီစဉ်ဆောင်ရွက်ခဲ့ကြသည်။ မဲစာရင်းများတွင် ဥပဒေနှင့်မညီညွတ်သောသူများ ၁၁ ဒသမ ၃ သန်းအထိ ပါဝင်ခဲ့သည်။ ယင်းတွင် နိုင်ငံသားစိစစ်ရေးလက်မှတ် (မှတ်ပုံတင်) မရှိသူ ၄ ဒသမ ၈၆ သန်း ပါဝင်ခဲ့ခြင်းသည် မဲဆန္ဒရှင်များအတွက် များစွာနစ်နာဆုံးရှုံးမှုဖြစ်သည်။ မဲစာရင်းတွင် နှစ်ကြိမ်၊ သုံးကြိမ်၊ ငါးကြိမ်အထိ ပါဝင်နေသူများ၊ (၁၈) နှစ် မပြည့်သူများနှင့် သေဆုံးသူများ ၆ ဒသမ ၄၄ သန်းဖြစ်သည်။ မဲပေးရန်အတွက် မဲလက်မှတ်များ ရိုက်နှိပ်ဖြန့်ဝေမှုမှာ ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ၄၃ သန်းဖြစ်သည်။ မဲလက်မှတ်ရိုက်နှိပ်မှုများကို ထုတ်ပြန်ကြေညာပေးရန် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအဖွဲ့၊ သတင်းမီဒီယာများနှင့် နိုင်ငံရေးပါတီများက တောင်းဆိုခဲ့ကြသော်လည်း ငြင်းပယ်ခဲ့သည်။ ဆန္ဒမဲပေးခဲ့သည့်မဲလက်မှတ်များမှာ ၂၆ ဒသမ ၆၅ သန်းဖြစ်သဖြင့် ၁၆ ဒသမ ၃၅ သန်းခန့် အပိုတွေ့ရှိရသည်။ မဲလက်မှတ်မြောက်မြားစွာ အပိုရိုက်နှိပ်ပြီး မဲစာရင်းတွင် ပို၍ပါဝင်နေသူများနှင့် ဥပဒေမဲ့မဲပေးမှုများကို ရပ်ကွက်၊ ကျေးရွာများအတွင်း ကြိုတင်မဲများဖြင့် မဲပေးဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ မဲစာရင်းများကို စစ်ဆေးသည့်အခါတွင် မဲရုံများ၌ မဲလက်မှတ်များ ပိုနေသည်ကို တွေ့ရှိခဲ့ရသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မဲလက်မှတ်အပို ၄ ဒသမ ၃ သိန်းအထိရှိခဲ့သည်။ မဲပေးရာတွင် နိုင်ငံသားစိစစ်ရေးကတ်အစား စလစ်စာရွက်(Voter Slip) ဖြင့် မဲပေးခွင့်ပြုရန် ဥပဒေနှင့်မညီညွတ်သော ညွှန်ကြားဆောင်ရွက်မှုများဖြင့် မဲမသမာမှုများ ဖြစ်ပွားခဲ့ရသည်။ ထိုကဲ့သို့ဆောင်ရွက်နိုင်ရန်အတွက် တိုင်း/ ခရိုင်/ မြို့နယ်/ ရပ်ကွက် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဆင့်ဆင့် ဖွဲ့စည်းရာတွင် အာဏာရပါတီ၏ ဝန်ကြီးချုပ်များက အဆိုပြုသောသူများနှင့်ဖွဲ့စည်းခဲ့ပြီး ရွေးကောက်ပွဲကို ကျင်းပဆောင်ရွက်ခဲ့သည်။ ယင်းအဖွဲ့များနှင့် NLD ပါတီ အောင်နိုင်ရေးအဖွဲ့များသည် ရပ်ကွက်၊ ကျေးရွာများတွင် ကြိုတင်မဲများကို လိုက်လံကောက်ခံခဲ့ကြသည်။ ရွေးကောက်ပွဲအကြိုကာလ မဲဆွယ်စည်းရုံးရာတွင်လည်း ကိုဗစ်ကာလစည်းကမ်းသတ်မှတ်ချက်များ ချိုးဖောက်၍ လူအုပ်စုဖြင့် ကမ်ပိန်း (Campaign) များပြုလုပ်ကာ ဆောင်ရွက်ခဲ့ကြသည်။ ဆိုရှယ်မီဒီယာဖြစ်သည့် Facebook တွင် အခြားပါတီများ၏ ဆောင်ရွက်မှုများကို ကန့်သတ်ရန်အတွက် နိုင်ငံတော်သမ္မတ၏ အထူးရန်ပုံငွေမှ ငွေကျပ် ၆၄၂၆ သန်း သုံးစွဲခဲ့သည်။

**" မြန်မာနိုင်ငံတွင် ၁၉၃၅ ခုနှစ် စီရင်အုပ်ချုပ်မှုအက်ဥပဒေအရ အောက်လွှတ်တော် ရွေးချယ်တင်မြှောက်ရာတွင် အချိုးကျကိုယ်စားပြုစနစ် (PR) ကို အသုံးပြုဆောင်ရွက်ခဲ့သည့်အတွက် မြန်မာအမတ်များ လွှတ်တော်တွင် ပါဝင်ခွင့်ရရှိခဲ့သည့်သာဓကများ ရှိခဲ့ပါသည်။ သို့ဖြစ်၍ အချိုးကျကိုယ်စားပြုစနစ် (PR) ကို ကျင့်သုံးဆောင်ရွက်ခြင်းဖြင့် တိုင်းရင်းသားပါတီများမှာ ယင်းတို့ကို ထောက်ခံသော လူထု၏ဆန္ဒမဲများဖြင့် လွှတ်တော်အတွင်း ဥပဒေပြုရေး၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များတွင် ထိုက်သင့်သလောက် ပါဝင်ခွင့်ရရှိလာမည်ဖြစ်ပါသည်။**

**၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံတော်အခြေခံမူများတွင် "နိုင်ငံတော်သည် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေးအတွက်" မူချမှတ်ထားပြီးလည်းဖြစ် "**

စာမျက်နှာ ၁၉ သို့ ✧

# လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိ



**နေပြည်တော် နိုဝင်ဘာ ၂၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် နိုင်ငံတော်၏ အဓိကရိက္ခာ အသားကဏ္ဍ ထုတ်လုပ်မှု တိုးတက်ရေးအတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယမန်နေ့ နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ကံသာကျေးရွာရှိ Join Global Myanmar Co.,Ltd. ၏အသားစားမျိုးကြက် အကောင်ရေ ၁၆၀၀၀ မွေးမြူ၍ အသားစားကြက်မျိုးဥများ ထုတ်လုပ်ဖြန့်ဖြူးနေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာလိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။

အလားတူ တပ်ကုန်းမြို့နယ် ကံကြီးမွေးမြူရေးဇုန်ရှိပုဂ္ဂလိက အသားစားကြက်ခြံတွင် ကံကြီး မွေးမြူရေးဇုန်နှင့် ရွှေမြို့မွေးမြူရေးဇုန်မှ မွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ သက်ဆိုင်ရာအသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များအားလုံး ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ဆွေးနွေးပြီး ပုဂ္ဂလိကမွေးမြူရေး ခြံတွင် မွေးမြူထားသော အသားစားကြက်ကောင်ရေ ၃၄၀၀၀ မွေးမြူထားရှိမှုကိုလည်းကောင်း၊ အောင်ချမ်းသာ နို့စားနွားမွေးမြူရေးခြံ၏ နို့စားနွား မွေးမြူထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ပျဉ်းမနား သကြားစက်ရုံသို့ရောက်ရှိပြီး ၂၀၂၃-၂၀၂၄ ကြံရာသီ ကြိတ်ခွဲနိုင်ရေး ကြိုတင်ဆောင်ရွက်နေမှုများနှင့် ပျဉ်းမနားမြို့ ကြံသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ၏ တစ်သျှူးမျိုးပွားခြင်းလုပ်ငန်းများ၊ မျိုးပွားစိုက်ခင်း ၃၈ ဧကတွင် ကြံမျိုးပွားစိုက်ပျိုးထားရှိမှု၊ တောင်သူနည်းပညာပေးခြင်း လုပ်ငန်းများဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စိုက်ပျိုးရေးသိပ္ပံကျောင်း(ပျဉ်းမနား)၏ သင်ကြားရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှု၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် စိုက်ပျိုးရေးနှင့်မွေးမြူရေး ဒီပလိုမာ ပထမနှစ်သင်တန်းသားအသစ်များ ကျောင်းဝင်ခွင့်လျှောက်ထားမှု၊ ရွေးချယ်မှုနှင့် ကျောင်းသားကျောင်းသူများရောက်ရှိမှု၊ ကျောင်းတွင်းသာယာလှပရေးနှင့် ကျောင်းတွင်းစားသောက်ဆိုင် တည်ဆောက်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပေါက်ခေါင်းမြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေး



**ပေါက်ခေါင်း နိုဝင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေး ပညာရပ်ဆိုင်ရာ နှီးနှော ဖလှယ်ပွဲ(၂၀၂၃)ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က ပေါက်ခေါင်းမြို့နယ် ဓမ္မသော်ကျေးလက်ကျန်းမာရေးဌာနတွင်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် အထွေထွေ ရောဂါလူနာများကို ရောဂါစမ်းသပ်စစ်ဆေး၍ ဆေးကုသမှုပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအားကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးခြင်း၊ သားဆက်ခြားလုပ်ငန်းစဉ်ဆောင်ရွက်လိုသော မိခင်များအတွက် လက်မောင်းအတွင်း implant ထည့်သွင်းပေးခြင်း၊ ဆီးချိုသွေးချိုစစ်ဆေးပေးခြင်း၊တီဘီရောဂါသံသယလူနာများအားသလိပ်နမူနာယူ၍ခေတ်ခွဲစစ်ဆေးပေးခြင်း လုပ်ငန်း များကို ဆောင်ရွက်ခဲ့သည်။

ထိုနောက် ပေါက်ခေါင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဦးဆောင်၍ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက ရောဂါတွေ့ရှိမှု အပေါ်မူတည်၍ ဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သန်းထွန်းအောင်(ပြန်/ဆက်)**

✧ **စာမျက်နှာ ၁၈ မှ**

မော်တော်ကားအစီးရေ ၂၂၀၊ ဆိုင်ကယ် ၃၂ စီး၊ လူဦးရေ ၇၆၀ ခန့်ဖြင့် ကိုဗစ်ကာလအတွင်း ကားကမ်ပိန်း (Car Campaign) များ ပြုလုပ်ဆောင်ရွက်ခြင်းကို နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်တို့က ကိုယ်တိုင်သွားရောက်အားပေးခြင်းများ ဆောင်ရွက်ခဲ့သည်။ NLD ပါတီကို မထောက်ခံသဖြင့် ယင်းတို့ မဲမရရှိနိုင်သည့် တိုင်းရင်းသားဒေသများ၏ မဲဆန္ဒနယ်များကို ရွေးကောက်ပွဲကျင်းပပြုလုပ်ခဲ့ခြင်းမပြုဘဲ ဖျက်သိမ်းခဲ့သည်။ နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် IDEA နှင့် IFES တို့သည် လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲများဖြစ်စေရန်အတွက် ကူညီဆောင်ရွက်ရန်ဖြစ်သော်လည်း ကြီးမားသော မဲစာရင်းမှားယွင်းမှုများနှင့် မဲလက်မှတ်များ မြောက်မြားစွာ အပိုရိုက်နှိပ်မှုများကို ထောက်ပြပြောဆိုခြင်း၊ တားမြစ်ခြင်းမပြုသည့်အပြင် ယင်းတို့ကိုယ်တိုင် နည်းပေးလမ်းပြပြု၍ ရပ်ကွက်၊ ကျေးရွာများအထိ မဲမသမာမှုများဖြစ်ပေါ်စေရန် စီစဉ်ဆောင်ရွက်ခဲ့သည်။ ရွေးကောက်ပွဲ မဲမသမာမှုဖြစ်ရခြင်း၏ အဓိကအချက်ဖြစ်သော ရွှေ့ပြောင်းလုပ်သားများ မဲစာရင်းတွင် ပါဝင်မဲပေးနိုင်ရေးအတွက် ရွေးကောက်ပွဲဥပဒေပြင်ဆင်ရန် အကြံပြုခဲ့သည်။ IDEA နှင့် IFES တို့မှ အကြံပြုချက် ၃၅၃ ချက်ကို ယခင်ရွေးကောက်ပွဲကော်မရှင်ရယူပြီး မဲမသမာမှုများကို ကြိုတင်စီစဉ်ဆောင်ရွက်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။ ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံတကာအဖွဲ့အစည်း ၂၄ ခုနှင့် ဆက်သွယ်ဆောင်ရွက်ခဲ့ပြီး ယင်းအဖွဲ့အစည်းများက နိုင်ငံရေးပါတီအချို့အား ထောက်ပံ့နေခြင်းကို ဥပဒေနှင့်မညီညွတ်သဖြင့် တားမြစ်ရန် တာဝန်ရှိသော်လည်း ဆောင်ရွက်ခြင်းမပြုခဲ့သည့်အပြင် မဲမသမာမှုများအတွက် ပူးပေါင်းစီစဉ်ဆောင်ရွက်ခဲ့ကြကြောင်း မဲမသမာမှု၊ တရားမဲ့ပြုကျင့်မှုများအပေါ် စုံစမ်းစစ်ဆေးတွေ့ရှိချက်စာအုပ်တွင် လေ့လာတွေ့ရှိရပါသည်။

ထိုကဲ့သို့ အမှားအယွင်းကြီးမားစွာဖြင့် ဥပဒေမဲ့ဆောင်ရွက်မှုများကို လျစ်လျူရှုခဲ့လျှင် ပါတီစုံဒီမိုကရေစီစနစ်ဖော်ဆောင်ရေးအတွက် များစွာသောအခက်အခဲများ ဖြစ်ပေါ်လာနိုင်ပါသည်။ ထိုရွေးကောက်ပွဲရလဒ်များနှင့် ဖွဲ့စည်းဆောင်ရွက်မည့် NLD ပါတီ အစိုးရအဖွဲ့သည် ယခင် ငါးနှစ်တာကာလ နိုင်ငံတော်ကို တာဝန်ယူခဲ့စဉ်က ဝန်ကြီးဌာနများတွင် နိုင်ငံတကာအကြံပေးများဖြစ်သည့် ဂျိုးဖစ်ရှာ၊ ကိုဖီအာနန်၊ ရှောင်တာနယ်တို့ အပါအဝင် နိုင်ငံခြားသား ၉၀ ကျော်ကို ခန့်အပ်ခဲ့ပြီး ငွေကျပ် ၂၅ ဘီလီယံခန့်အထိ သုံးစွဲဆောင်ရွက်ခဲ့သည့် သာဓကများလည်းရှိခဲ့သည်။ ရွေးကောက်ပွဲ မဲမသမာမှုများကိုလည်း နိုင်ငံခြားအကြံပေးများ၏ အကြံပြုချက်အတိုင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်သဖြင့် ယခင်ထက်ဆိုးရွားသည့် တစ်ပါတီအာဏာရှင် နိုင်ငံပေါင်းစုံ ဒီမိုကရေစီအစိုးရမျိုးဖြင့် ကြုံတွေ့ကြရမည်ဖြစ်သည်။

သို့ဖြစ်၍ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပွားခဲ့သော မဲစာရင်းကြီးမားစွာမှားယွင်းမှုနှင့် အခြားသော ရွေးကောက်ပွဲဆိုင်ရာ ပြဿနာများအား တာဝန်ရှိသူ အဆင့်ဆင့်က ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိဘဲ လွှတ်တော်အသီးသီးအားခေါ်ယူခြင်းနှင့် အစိုးရဖွဲ့ရန် ကြိုးစားခြင်းတို့သာ ဆောင်ရွက်ခဲ့သည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတဦးမြင့်ဆွေက အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအားခေါ်ယူပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၄၁၇ အရ အရေးပေါ်အခြေအနေ ကြေညာခဲ့ပါသည်။ ယင်းနောက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၈၊ ပုဒ်မခွဲ (က) အရ နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာတို့ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ လွှဲအပ်တာဝန်ပေးခဲ့ရပါသည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကိုဖွဲ့စည်းကာ**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်**ကို ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

### နိဂုံး

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်များအရ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကို တည်ဆောက်မည်ဆိုပါက ရွေးကောက်ပွဲစနစ်များကိုလည်း ပြန်လည်သုံးသပ်ဆောင်ရွက်ရန် လိုအပ်လာပါသည်။ တစ်မဲသာအနိုင်ရသည့် FPTP စနစ်ကြောင့် ဒီမိုကရေစီအစိုးရသက်တမ်း နှစ်ခုအတွင်း အနိုင်ရပါတီများက လွှတ်တော်များအတွင်း မဲခွဲဆောင်ရွက်ရာတွင် အနိုင်ပြုကျင့်မှုဖြစ်စဉ်များလည်းရှိခဲ့သည်။ တိုင်းရင်းသားဒေသများဖြစ်သည့် မွန်ပြည်နယ် ချောင်းဆုံမြစ်ကူးတံတားကိစ္စ၊ ကယားပြည်နယ် ဗိုလ်ချုပ်ကြေးရုပ်ကိစ္စတို့ကို မျက်ကွယ်ပြုခဲ့ခြင်းမျိုးလည်း ရှိခဲ့သည်။ ထို ရွေးကောက်ပွဲစနစ်ကြောင့် တိုင်းရင်းသားပါတီငယ်များ နစ်နာမှုများရှိခဲ့သည်ကိုလည်း ဂရုပြုရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ၁၉၃၅ ခုနှစ် စီရင်အုပ်ချုပ်မှုအက်ဥပဒေအရ အောက်လွှတ်တော် ရွေးချယ်တင်မြှောက်ရာတွင် အချိုးကျကိုယ်စားပြုစနစ် (PR) ကို အသုံးပြုဆောင်ရွက်ခဲ့သည့်အတွက် မြန်မာအမတ်များ လွှတ်တော်တွင် ပါဝင်ခွင့်ရရှိခဲ့သည့်သာဓကများ ရှိခဲ့ပါသည်။ သို့ဖြစ်၍ အချိုးကျကိုယ်စားပြုစနစ် (PR) ကို ကျင့်သုံးဆောင်ရွက်ခြင်းဖြင့် တိုင်းရင်းသားပါတီများမှာ ယင်းတို့ကိုထောက်ခံသော လူထု၏ဆန္ဒမဲများဖြင့် လွှတ်တော်အတွင်း ဥပဒေပြုရေး၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များတွင် ထိုက်သင့်သလောက် ပါဝင်ခွင့်ရရှိလာမည်ဖြစ်ပါသည်။

၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံတော်အခြေခံမူများတွင် "နိုင်ငံတော်သည် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးအတွက်" မူချမှတ်ထားပြီးလည်း ဖြစ်ပါသည်။ နိုင်ငံရေးပါတီများသည်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၀၅ (က) အရ စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးကြရမည် ဖြစ်ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲများကို ဥပဒေနှင့်အညီ ကျင်းပဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျင်းပပြုလုပ်နိုင်ရန်အတွက်လည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။ မြန်မာနိုင်ငံတွင်ကျင်းပပြုလုပ်ခဲ့သော ရွေးကောက်ပွဲများနှင့် မဲမသမာမှုဖြစ်စဉ်များအပေါ် သင်ခန်းစာရယူ၍ အနာဂတ်နိုင်ငံတော်အတွက် လွတ်လပ်ပြီး တရားမျှတသောရွေးကောက်ပွဲများကို ပွင့်လင်းမြင်သာစွာဖြင့် ဥပဒေနှင့်အညီ မှန်မှန်ကန်ကန် ဆောင်ရွက်နိုင်ရန် ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**ရည်ညွှန်းချက်**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)
၂။ မြန်မာနိုင်ငံတွင် ကျင်းပခဲ့သောရွေးကောက်ပွဲများ၏အမိုင်းအကျဉ်း
၃။ နိုင်ငံရေးနှင့်နိုင်ငံရေးပါတီများ
၄။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ မဲမသမာမှုတရားမဲ့ပြုကျင့်မှုများအပေါ် စုံစမ်းစစ်ဆေးတွေ့ရှိချက်
၅။ ၁၉၅၈-၁၉၆၂ မြန်မာ့နိုင်ငံရေး ဒုတိယတွဲ
၆။ မြန်မာနိုင်ငံရေးဖြစ်စဉ်အကျဉ်း

# ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှီကျန့်ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသအစိုးရ ဥက္ကဋ္ဌ Mr. YAN JINHAI နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် နိုဝင်ဘာ ၂၇**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှီကျန့်ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ အစိုးရဥက္ကဋ္ဌ Mr. YAN JINHAI ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ JASMINE NAYPYITAW ဟိုတယ်၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံရှိ ခရီးစဉ်ဒေသများသို့ တရုတ်ခရီးသွား ဧည့်သည်များ လာရောက်လည်ပတ်မှု၊ Visa on Arrival ခွင့်ပြုပေးထားမှု၊ တရုတ်နိုင်ငံရှိ မီဒီယာများ၊ Influencer များ၊ Blogger များ၊ ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများ ပါဝင်သော ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာ ခရီးစဉ် (Familiarization Trip–FAM Trip) စီစဉ်ဆောင်ရွက်နေမှု၊ မြန်မာ–တရုတ် နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်နေမှု၊ ခရီးသွားမြှင့်တင်ရေးဆိုင်ရာ ဆောင်ရွက်နေမှု၊ ရှီကျန့်ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသနှင့် မြန်မာနိုင်ငံရှိ ခရီးစဉ်ဒေသများသို့ ခရီးသွားများ အပြန်အလှန် သွားလာလည်ပတ်ရေးနှင့် ဘုရားဖူးခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံရှိ ဟိုတယ်နှင့် ခရီးသွားကဏ္ဍ၌ လာရောက်ရင်းနှီးမြှုပ်နှံရေး၊ နှစ်နိုင်ငံ ခရီးသွားလုပ်ငန်း တိုးတက်ရေးအတွက် နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဘာသာရပ် တာဝန်ခံညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယဝန်ကြီးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှီကျန့် ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသအစိုးရဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား အလုပ်သဘောနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့သည် ခရီးစဉ်အတွင်း နေပြည်တော်ရှိ ခရီးသွားဆွဲဆောင်ရာ နေရာများသို့ သွားရောက်လည်ပတ်ခဲ့ကြောင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှီကျန့် ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသနှင့် မြန်မာနိုင်ငံအကြား ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်ရည်ရွယ်၍ မြန်မာနိုင်ငံသို့ တရားဝင်ခရီးစဉ်ဖြင့် လာရောက်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ)မှ စစ်ရေယာဉ်များ ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့သို့ ရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၇**

တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်(ရေ)၊ 44th PLA Navy Escort Task Group(ETG) မှ စစ်ရေယာဉ်များဖြစ်သည့် ဖျက်သင်္ဘော Zi Bo၊ ဖရီဂိတ်စစ်ရေယာဉ် Jing Zhou နှင့် ထောက်ပံ့ရေးစစ်ရေယာဉ် Qian Dao Hu တို့သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သို့ မြန်မာ– တရုတ် ရေကြောင်း လုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်း ဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေး ခရီးလည်ပတ်ရန်အတွက် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိလာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးနှင့် စစ်သံရုံးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်း၊ တရုတ်–မြန်မာ ဗုဒ္ဓဘာသာအသင်းတို့က သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

**လေ့လာလည်ပတ်မည်**

အဆိုပါ စစ်ရေယာဉ်များတွင် အဖွဲ့ခေါင်းဆောင်အဖြစ် Senior Captain Sun Bo ဦးစီး၍ အရာရှိ၊ စစ်သည် စုစုပေါင်း ၇၀၀ ခန့် လိုက်ပါလာပြီး ရန်ကုန်မြို့ရှိ အထင်ကရနေရာများသို့ လေ့လာလည်ပတ်ခြင်း၊ နှစ်နိုင်ငံ ချစ်ကြည်ရေး အားကစားပြိုင်ပွဲများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၈-၁၁-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၇၀ | ၂၂၂၀ | ၂၂၁၅ | ၂၁၈၀ | ၂၂၂၀ | ၂၂၄၅ | ၂၂၃၀ | ၂၂၀၅ | ၂၃၀၅ | ၂၃၂၀ | ၂၂၁၀ | ၂၂၂၀ | ၂၂၅၅ | ၂၂၆၀ | ၂၂၆၀ | ၂၄၉၀ | ၂၈၆၀ |
| 95 Ron | ၂၃၀၀ | ၂၃၅၀ | ၂၃၄၅ | ၂၃၀၅ | ၂၃၄၅ | ၂၃၇၀ | ၂၃၅၅ | ၂၃၃၀ | ၂၄၃၀ | ၂၄၄၅ | ၂၃၄၀ | ၂၃၅၅ | ၂၃၈၅ | ၂၃၈၅ | ၂၃၈၅ | ၂၆၁၅ | ၂၉၆၀ |
| HSD (500 ppm) | ၂၂၀၀ | ၂၂၄၅ | ၂၂၄၀ | ၂၂၀၅ | ၂၂၄၅ | ၂၂၇၀ | ၂၂၆၅ | ၂၂၃၀ | ၂၃၅၀ | ၂၃၄၅ | ၂၂၄၀ | ၂၂၄၅ | ၂၂၈၅ | ၂၂၈၅ | ၂၂၈၅ | ၂၅၁၅ | ၃၁၉၀ |
| HSD (50 ppm) | ၂၂၉၀ | ၂၃၄၀ | ၂၃၄၀ | ၂၃၀၀ | ၂၃၄၀ | ၂၃၆၅ | ၂၃၆၀ | ၂၃၂၅ | ၂၄၄၅ | ၂၄၄၀ | ၂၃၃၀ | ၂၃၄၅ | ၂၃၇၅ | ၂၃၈၀ | ၂၃၈၀ | ၂၆၁၀ | ၃၂၅၀ |
| HSD (10 ppm) | ၂၂၉၅ | ၂၃၄၅ | ၂၃၄၀ | ၂၃၀၅ | ၂၃၄၀ | ၂၃၆၅ | ၂၃၆၀ | ၂၃၃၀ | ၂၄၅၀ | ၂၄၄၅ | ၂၃၃၅ | ၂၃၄၅ | ၂၃၈၀ | ၂၃၈၀ | ၂၃၈၅ | ၂၆၁၅ | ၃၂၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၆၄ | ၂၁၃၉ |
| 95 Ron | ၂၁၈၆ | ၂၂၆၃ |
| HSD (500 ppm) | ၂၀၉၀ | ၂၁၆၁ |
| HSD (50 ppm) | ၂၁၈၀ | ၂၂၅၃ |
| HSD (10 ppm) | ၂၁၈၃ | ၂၂၅၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၁၂၉၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

**❍ MNL ပြိုင်ပွဲမှ**

သုဝဏ္ဏကွင်း၌ကျင်းပသည့်ပွဲတွင် ရှေ့ဝတီယူနိုက်တက်အသင်းက ကချင်ယူနိုက်တက်အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရှေ့ဝတီအသင်းသည် ယခုပွဲအနိုင်ရလဒ်ကြောင့် တန်းဆင်းဇုန်အန္တရာယ်မှ လွတ်ရန် အခြေအနေကောင်းသွားခဲ့သည်။ ကချင်ယူနိုက်တက်အသင်းမှာမူ သုံးပွဲကစားရန် ကျန်သေးသော်လည်း ယခုပွဲအရေးနိမ့်ခဲ့သဖြင့် တန်းဆင်းရရန် သေချာသွားခဲ့သည်။

နှစ်သင်းစလုံး အမှတ်လိုနေသဖြင့် လူစုံအသုံးပြုခဲ့ပြီး ပထမပိုင်းတွင် အဆုံးသတ်အားနည်းမှုကြောင့် ဂိုးမရှိသရေကျနေသည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး အားထည့်ကစားလာပြီး ၅၃ မိနစ်တွင် ကိုကိုက ကချင်ယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ၆၂ မိနစ်တွင် ရှေ့ဝတီအသင်း ချေပဂိုးပြန်ရခဲ့ပြီး အောင်မင်းသူက သွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် နှစ်သင်းစလုံး ဂိုးထပ်မံရရှိရန် ကြိုးပမ်းလာပြီး ရှေ့ဝတီအသင်းအတွက် အနိုင်ဂိုးများကို မိနစ် ၉၀ တွင် ပြည့်စုံလင်းက သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရှေ့ဝတီအသင်း ကွင်းလယ်ကစားသမား အောင်သီဟက ရရှိသည်။

YUSC ကွင်း၌ကျင်းပသည့်ပွဲတွင် ဒဂုံစတားအသင်းက မြဝတီအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဒဂုံစတားအသင်းအတွက် အနိုင်ဂိုးကို ၈၅ မိနစ်တွင် စစ်မုန်းက သွင်းယူသည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို အနိုင်ဂိုးသွင်းယူခဲ့သည့် ဒဂုံစတားအသင်းမှ စစ်မုန်းက ရရှိခဲ့သည်။ ပွဲစဉ် (၂၀) အပြီးတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ၅၃ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေပြီး ရန်ကုန်အသင်းက ၄၇ မှတ်၊ ဟံသာဝတီအသင်းက ၃၄ မှတ်၊ အား/ကာသီပွဲအသင်းက ၂၆ မှတ်၊ ဒဂုံစတားအသင်းက ၂၅ မှတ်၊ မဟာယူနိုက်တက်အသင်းက ၂၄ မှတ်၊ ရခိုင်ယူနိုက်တက်အသင်းက ၂၃ မှတ်၊ ရှေ့ဝတီအသင်းနှင့် မြဝတီအသင်းက ၂၂ မှတ်စီ၊ ရတနာပုံအသင်းက ၂၀ မှတ်၊ GFA အသင်းက ၁၂ မှတ်၊ ကချင်ယူနိုက်တက်အသင်းက ၁၀ မှတ် ရရှိထားသည်။ **သတင်း – ကိုညီလေး**

**ဓာတ်ပုံ – MNL**

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ကမ်းရိုးတန်းဒေသတို့ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပြီး ပြန်လည်ရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၇**

တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့ လိုက်ပါလာသည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်း ပတ်ဝန်းကျင်ကျေးရွာများနှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်ရှိမြို့နယ်၊ ကျေးရွာတို့ရှိ ဒေသခံပြည်သူများအား နိုဝင်ဘာ ၂ ရက်မှ ၂၅ ရက်အထိ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ အမှတ်(၃) ရေတပ်ဆိပ်ခံတံတား(သီလဝါ) သို့ ပြန်လည်ရောက်ရှိလာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။



အဆိုပါ တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ အထူးကုဆေးအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်ရှိ ကျုံကူးကျေးရွာ၊ ချောင်းဝရွာ၊ တောင်ကလေးကျေးရွာ၊ လပွတ္တာမြို့နယ်ရှိ တူးမြောင်းကျေးရွာ၊ ဟိုင်းကြီးကျွန်းမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများ၊ ပုသိမ်ခရိုင် ချောင်းသာမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများ၊ ရခိုင်ကမ်းရိုးတန်းဒေသများဖြစ်သော တောင်ကုတ်ခရိုင် မာန်အောင်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများ၊ ကျောက်ဖြူခရိုင် ကျောက်ဖြူမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများ၊ သံတွဲမြို့၊ မောင်ရွှေလေးကျေးရွာ၊ ကွင်းဝိုင်းကျေးရွာနှင့်အနီးတစ်ဝိုက်ဒေသများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဆောင်ရွက်ပေးမှုအနေဖြင့် ဆေးကုသမှုဆိုင်ရာရောဂါ ၅၂၁၉ ဦး၊ ခွဲစိတ်ရောဂါ ၁၀၁၆ ဦး၊ သားဖွား/မီးယပ်ရောဂါ ၆၅၆ ဦး၊ ကလေးရောဂါ ၈၀၉ ဦး၊ အရိုးရောဂါ ၁၉၄၇ ဦး၊ နား/နှာခေါင်း/ လည်ချောင်းရောဂါ ၉၄၁ ဦး၊ မျက်စိရောဂါ ၃၁၇၁ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၁၃၃၄ ဦး စုစုပေါင်း ဒေသခံပြည်သူ ၁၅၀၉၃ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများဆောင်ရွက်ပေးနိုင်ခဲ့ပြီး ၎င်းတို့အနက် မျက်စိခွဲစိတ်လူနာ ၁၂၆ ဦးနှင့် အထွေထွေခွဲစိတ်လူနာ ၁၉၇ ဦးတို့ကို ဆေးရုံရေယာဉ်ပေါ်တွင် ခွဲစိတ်ကုသမှုများဆောင်ရွက်ပေးခဲ့သည်။ ထို့ပြင် ဓာတ်မှန်ရိုက်လူနာ ၂၉၆ ဦး၊ Ultrasound ရိုက်လူနာ ၇၈၆ ဦး၊ ဓာတ်ခွဲစမ်းသပ်လူနာ ၈၀၆ ဦးနှင့် ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၃၃၉ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးရုံလွှဲပြောင်းကုသရန် လိုအပ်သူ ၆၈ ဦးကိုလည်း သက်ဆိုင်ရာမြို့နယ်များရှိ တပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ကာ ဆေးရုံရေယာဉ်ပေါ်ရှိ သားဖွားခန်း၌ ကိုယ်ဝန်ဆောင် မိခင်သုံးဦးအား အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

တပ်မတော် ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ဖြင့် ပြန်လည်ရောက်ရှိလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့ဝင်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဂုဏ်ပြုပေးအပ်ချီးမြှင့်သော လက်ဆောင်ပစ္စည်းများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဗိုလ်ချုပ်ထိန်ဝင်းက ပေးအပ်ခဲ့ပြီး စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)ဖြင့် ၂၀၁၆ ခုနှစ်မှစ၍ မြန်မာ့ပင်လယ်ကမ်းရိုးတန်းဒေသများနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယခုခရီးစဉ်သည် (၁၇)ကြိမ်မြောက်ဖြစ်ပြီး ဒေသခံပြည်သူ စုစုပေါင်း ၁၅၇၀၈၇ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းနှင့် ဆေးရုံရေယာဉ်ပေါ်ရှိသားဖွားခန်း၌ ကိုယ်ဝန်ဆောင်မိခင် ၂၁ ဦးတို့အား အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၇**

ဧရာဝတီ မြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် လေးအိမ်စုကျေးရွာ ဆိပ်ကမ်းသို့ရောက်ရှိကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက သောင်းသောင်းဖျဖျ ကြိုဆိုနှုတ်ဆက်ကြသည်။



**ကျန်းမာရေးစောင့်ရှောက်မှုပေး**

အဆိုပါ နယ်လှည့်အထူးကုဆေးအဖွဲ့သည် မအူပင်မြို့နယ် လေးအိမ်စုကျေးရွာရှိ စတုဘုမ္မိက မဟာသတိပဋ္ဌာန်ကျောင်းတိုက်၌ အခြေပြု၍ မအူပင်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှဒေသခံပြည်သူ ၆၈၀အားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် နယ်လှည့်အထူးကုဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာ ရောဂါ ၁၇၀၊ ခွဲစိတ်ရောဂါ ၂၆ ဦး၊ သားဖွား/မီးယပ်ရောဂါ ၁၃ ဦး၊ ကလေးရောဂါ ၄၇ ဦး၊ အရိုးရောဂါ ၁၃၀၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၁၉ ဦး၊ မျက်စိရောဂါ ၂၁၂ ဦးနှင့် သွားရောဂါ ၆၃ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် အထွေထွေခွဲစိတ်လူနာ လေးဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၃၂ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၂၀ တို့ကို ရောဂါရှာဖွေစမ်းသပ် ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူ တစ်ဦးကို နီးစပ်ရာ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

**ထမင်းဘူးများပေးဝေ**

ယင်းသို့ဆောင်ရွက်နေမှုများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ လာရောက် ဆေးကုသမှုခံယူကြသော ဒေသခံပြည်သူများအား နေ့လယ်စာထမင်းဘူးများ ပေးဝေလှူဒါန်းသည်။



ဒေါ်နော်အဲလစ်

ထိုသို့ ကျန်းမာရေးဆောင်ရွက်ပေးမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲ ကြားသိခဲ့ရပါတယ်-

**ဒေါ်နော်အဲလစ်**

ဒူး၊ ခြေသလုံး၊ ခြေဖဝါးတွေ ကျဉ်ပြီးတော့ ကိုက်တာ၊ ပြီးတော့ ကျွန်မ လမ်းလျှောက်လို့သိပ်အဆင်မပြေဘူး။ လမ်းလျှောက်လို့ အဆင်မပြေတာ ကျွန်မ ခဏခဏ ဖြစ်တယ်။ ဒီလိုပဲ ဆေးလေးသောက်ပြီး လာတာဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ၂၀ ရက် လောက်က တစ်ခေါက်ပြလိုက်တယ်။ ပြပြီးတော့ ဒီလိုပဲ ကိုက်နေတယ်ဆိုပြီး ကျွန်မ မပြဘဲနေနေတာ။ အဲဒါ ကျွန်မတို့ရဲ့ ကလေးတွေ ဘုရားရှိခိုးပြီး ပြန်မယ်လုပ်တော့ ကူးတို့ကူးခါနီးကျ နယ်လှည့်ဆေးကုသအဖွဲ့ လာတယ်ဆိုပြီး သိရပါတယ်။ အဲဒါနဲ့ အမိုးကနင် ဒီလောက်ဖြစ်နေတာ သွားပြလိုက်ပါဆိုတော့ ကျွန်မလည်း ထွက်လာတာဖြစ်ပါတယ်။ အခုလို လာရောက်ကုသပေးတဲ့အတွက် ကျွန်မ ဝမ်းလည်းသာပါတယ်။ တောရွာတွေဆိုတော့ တော်ရုံတန်ရုံ မသွားနိုင်တဲ့သူတွေလည်း အဆင်ပြေတယ်။ ဒီမှာ ပရဟိတလာကုပေးတဲ့အတွက်လည်း ကျွန်မတို့ကလာပြဖြစ်တယ်။ ဆေးရုံဆေးခန်းရှိလည်း တော်ရုံတန်ရုံဆို မသွားကြ၊ မလာကြတဲ့သူတွေလည်းရှိတယ်။ ကုသပေးတဲ့ နယ်လှည့်ဆေးကုသရေးအဖွဲ့ကို အများကြီးကျေးဇူးတင်ပါတယ်။ လူထုကျန်းမာရေးအတွက် ဝိုင်းဝန်းစောင့်ရှောက်ပေးတဲ့ အတွက်လည်း တပ်မတော်ကြီးနှင့်တကွ ဆရာဝန်များ၊ ဆရာ၊ ဆရာမများနဲ့ ပရဟိတအဖွဲ့များကိုလည်း အထူးပဲ ကျေးဇူးတင်တယ်ဆိုတဲ့ အကြောင်း ပြောလိုပါတယ်။

သတင်းစဉ်

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# မြန်မာ့ကော်ဖီ ဖွံ့ဖြိုးမှုမှသည် နိုင်ငံ့စီးပွား တိုးပွားစေမည်

နှင်းယု

မွှေးပျံ့သောရနံ့နှင့် ခါးဆိမ့်သောအရသာရှိသည့် ကော်ဖီတစ်ခွက်က ပင်ပန်းမှုကို ပြေလျော့စေသည်။ လန်းဆန်းမှုကိုဖြစ်စေသည်။ လူတန်းစားမရွေး၊ အချိန်အခါမရွေး ကော်ဖီကိုနှစ်သက်စွာ သောက်သုံးကြသည်။ အနံ့၊ အရသာ ထူးခြားပြည့်စုံသည့် မြန်မာ့ကော်ဖီကို ကာလာစုံ၊ ဒီဇိုင်းစုံ ထုပ်ပိုးမှုပုံစံအမျိုးမျိုးဖြင့် ပြည်တွင်းစားသုံးသူများ ရရှိနိုင်သည့်အပြင် ပြည်ပဈေးကွက်သို့လည်း တင်ပို့လျက်ရှိသည်။ မြန်မာနိုင်ငံ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု၏ ထက်ဝက်ခန့်ကို ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိပြီး ကော်ဖီကို အမေရိကန်၊ ဥရောပ၊ ဂျပန်၊ တောင်ကိုရီးယား၊ ထိုင်းနှင့် တရုတ်နိုင်ငံများသို့ အများဆုံးတင်ပို့လျက်ရှိသည်။

## ဈေးကွက်ဝင် တန်ဖိုးမြင့်အရည်အသွေးကောင်း ကော်ဖီမျိုးများ

ကော်ဖီပင်သည် နှစ်ရှည်ပင်ဖြစ်သည့်အတွက် တစ်ခါစိုက်ပျိုးပြီး အပင်ဖြစ်ထွန်းပါက နှစ်ပေါင်းများစွာ ဝင်ငွေရမည့် သီးနှံပင်မျိုးဖြစ်သည်။ မြန်မာနိုင်ငံတွင် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေကို မူတည်ပြီး ဒေသ၏ ရေမြေရာသီဥတု အခြေအနေကို မူတည်ကာ ဈေးကွက်ဝင် တန်ဖိုးမြင့် အရည်အသွေးကောင်း ကော်ဖီမျိုးများကို ရွေးချယ်စိုက်ပျိုးကြသည်။

ကော်ဖီသီးနှံထုတ်လုပ်မှု တန်ဖိုးကွင်းဆက်တစ်လျှောက်လုံး ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်လျက်ရှိသည့် တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့များ၊ မြန်မာနိုင်ငံ ကော်ဖီအသင်းနှင့် အဖွဲ့အစည်းများပါဝင်သော ကော်ဖီဗဟိုအဖွဲ့ကိုလည်း ဖွဲ့စည်းပြီး ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။



ပြင်ဦးလွင်မြို့နယ်ရှိကော်ဖီခြံများသို့ လက်တွေ့ကွင်းဆင်း၍ ကော်ဖီပင်စည်ထိုးပိုး ကာကွယ်နှိမ်နင်းခြင်း နည်းပညာပေးလုပ်ငန်းများဆောင်ရွက်စဉ်။

ထို့ပြင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် ကော်ဖီသီးနှံ ထုတ်လုပ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME)လုပ်ငန်းများကို ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီလျက်ရှိသည်။

ကော်ဖီကဏ္ဍ ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်အနေဖြင့် အားပေးကူညီလျက်ရှိပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်မေလအတွင်း သွားရောက်ခဲ့သည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ခရီးစဉ်နှင့် စက်တင်ဘာလအတွင်း သွားရောက်ခဲ့သည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ခရီးစဉ်တို့၌ ကော်ဖီလုပ်ငန်းရှင်များ အပါအဝင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME)လုပ်ငန်းရှင်များနှင့် တွေ့ဆုံခဲ့သည်။

“ ကော်ဖီသီးနှံက စိုက်ပျိုးတဲ့သူအတွက် အကျိုးကျေးဇူးရှိသလို နိုင်ငံတော်အတွက် ပြည်ပပို့ကုန်တစ်ခုအဖြစ် အလားအလာအများကြီးရှိတဲ့ သီးနှံတစ်ခုဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်ကလည်း အားပေးတယ်။ စိုက်ပျိုးတဲ့သူတွေဘက်ကလည်း ကော်ဖီဖွံ့ဖြိုးရေးကို အားစိုက်ကြတယ်။ ကော်ဖီသီးနှံထုတ်လုပ်တဲ့ MSME လုပ်ငန်းတွေအတွက် လိုအပ်တဲ့ ကုန်ကြမ်း၊ သွင်းအားစု၊ အရင်းအနှီး၊ အရင်းအမြစ်စတဲ့ အချက်လေးချက် ပြည့်စုံအားကောင်းရေးကို ကျွန်မတို့ ဌာနအနေနဲ့ ဌာနဆိုင်ရာတွေနဲ့ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါတယ်” ဟု စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာ အိရွှေစင်ထွန်းက ပြောကြားသည်။

## တစ်နိုင်ငံလုံးအနေဖြင့် ကော်ဖီဆန်ထွက်ရှိမှုသည် တန်ချိန် ၁၀၀၀၀ ခန့်ရှိ

မြန်မာနိုင်ငံ၌ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ကော်ဖီစိုက်ပျိုးပြီး ဧရိယာစုစုပေါင်း ၂၀၂၄၂ ဟက်တာ (ဧက ၅၀၀၀၀ ခန့်)ရှိပြီး အသီးခူးဧရိယာမှာ ၁၄၁၇၀ ဟက်တာ (ဧက ၃၅၀၀၀ ခန့်) ရှိသည်။ တစ်နိုင်ငံလုံးအနေဖြင့် ကော်ဖီဆန်ထွက်ရှိမှုသည် တန်ချိန် ၁၀၀၀၀ ခန့်ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာန၏ အချက်အလက်များအရ သိရသည်။

“နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေကနေ ကော်ဖီလုပ်ငန်းဖွံ့ဖြိုးရေး ဆောင်ရွက်ဖို့ ငွေကျပ်သိန်း ၂၀၀ ချေးငွေ ရရှိခဲ့ပါတယ်။ ဒီလိုရရှိခဲ့တဲ့အတွက် ကိုယ့်လုပ်ငန်း ပိုပြီးတိုးတက်အောင် လုပ်ဆောင်နိုင်တဲ့အတွက် နိုင်ငံတော်အစိုးရကို ကျေးဇူးတင်ပါတယ်။ ကော်ဖီလုပ်ငန်းဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ကူညီမှုတွေပေးစေချင်ပါတယ်။ ကော်ဖီကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ပြည်ပဈေးကွက်တင်ပို့တဲ့ လုပ်ငန်းစဉ်ပိုပြီးလွယ်ကူအောင်လည်း ကူညီပေးစေချင်ပါတယ်။ ကျွန်တော်တို့ ကော်ဖီလုပ်ငန်းက စနစ်တကျသေချာလုပ်မယ်ဆိုရင် လုပ်ငန်းရှင်အတွက်၊ နိုင်ငံအတွက် ပြည်ပဝင်ငွေရရှိနိုင်တဲ့ လုပ်ငန်းတစ်ခုပါ။ စိုက်ပျိုးရေးလုပ်ငန်းဆိုပေမယ့် အနုစိတ်တယ်။ စိုက်ပျိုးတဲ့နေရာကနေစပြီး ထုတ်လုပ်တဲ့ အဆင့်ဆင့်ကိုလည်း ဂရုစိုက်ရတယ်။ ထုတ်လုပ်ပြီးတော့ ဝယ်သူလက်ထဲ ရောက်တဲ့အထိ အနံ့၊ အရသာ ပြည့်စုံတဲ့ မြန်မာ့ကော်ဖီအမှတ်တံဆိပ်ဖြစ်အောင် စနစ်တကျလုပ်ရပါတယ်” ဟု Light House အမှတ်တံဆိပ် ကော်ဖီလုပ်ငန်းရှင် ဦးဇေယျာမင်းက ပြောပြသည်။

ကော်ဖီသည် ကမ္ဘာ့ဈေးကွက်တွင် ရေနံပြီးလျှင် ကုန်သွယ်မှုအများဆုံးဖြစ်သည်။ အနံ့နှင့်အရသာကောင်းမွန်လျှင် ဈေးကောင်းရသည့်အတွက် မြန်မာ့ကော်ဖီ ဖွံ့ဖြိုးရေးအတွက် နေရာဒေသနှင့်

> ‘ကော်ဖီအသီးခူးရာသီသို့ ရောက်ရှိလာတော့မည်ဖြစ်ပါသောကြောင့် ကော်ဖီပင်စည်ထိုးပိုးကို ဌာနမှ ပညာပေးသည့်အတိုင်း စနစ်တကျ ဆောင်ရွက်မှုမရှိပါက ထိရောက်စွာမကာကွယ်နိုင်ဘဲ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပျံ့နှံ့သွားပြီး တောင်သူများ၏ အကျိုးစီးပွားသာမက နိုင်ငံတော်၏အကျိုးစီးပွားကို ထိခိုက်နိုင်သောကြောင့် အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်သွားကြရမည်’

ကိုက်ညီသည့် မျိုးရွေးချယ်မှုမှန်ကန်ရေးကို စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် အားစိုက်ကူညီပေးလျက်ရှိသည်။

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ကော်ဖီစိုက်တောင်သူများအတွက် ပညာပေးရေးလုပ်ငန်းများ၊ ကွင်းဆင်းကြီးကြပ်ခြင်းလုပ်ငန်းများကို လအလိုက် တစ်နှစ်ပတ်လုံး အချိန်ဇယားများ ရေးဆွဲပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် မြန်မာနိုင်ငံတွင် ရာသီဥတုပြောင်းလဲမှုကြောင့် ကော်ဖီသီးနှံကို အဓိကထား စိုက်ပျိုးသော ဒေသများအနက် နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးပြုစုသော ပြင်ဦးလွင်ဒေသ၌ပင် ၂၀၂၁ ခုနှစ်မှစ၍ ကော်ဖီပင်စည်ထိုးပိုး ကျရောက်ဖျက်ဆီးခြင်းခံရသောကြောင့် ပြင်ဦးလွင်ဒေသရှိ ကော်ဖီ-ရာသီသီးနှံဌာနခွဲမှ ဝန်ထမ်းများဦးဆောင်၍ ကော်ဖီစိုက်တောင်သူများအား TOT သင်တန်းပေးခြင်း ငါးကြိမ်အပါအဝင် နည်းပညာပေးသင်တန်းများ ပြုလုပ်ခြင်း၊ ဆင့်ပွားသင်တန်းများ ပြုလုပ်ခြင်း၊ ကွင်းသရုပ်ပြပွဲများ ပြုလုပ်ခြင်း၊ ကော်ဖီစိုက်တောင်သူများ၏ စိုက်ခင်းများအရောက် ကွင်းဆင်း၍ နည်းပညာများပေးခြင်း၊ လက်တွေ့နှိမ်နင်းမှု သရုပ်ပြခြင်းများဆောင်ရွက်ခြင်း၊ ကော်ဖီပင်စည်ထိုးပိုးအန္တရာယ် ကာကွယ်နှိမ်နင်းရေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် ဖေ့စ်ဘွတ်နှင့် သတင်းမီဒီယာများမှ သတင်းဆောင်းပါးများ ဖော်ပြခြင်းတို့ကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

မကြာမီ ကော်ဖီအသီးခူးရာသီသို့ ရောက်ရှိလာတော့မည် ဖြစ်ပါသောကြောင့် ကော်ဖီပင်စည်ထိုးပိုးကို ဌာနမှ ပညာပေးသည့်အတိုင်း စနစ်တကျ ဆောင်ရွက်မှုမရှိပါက ထိရောက်စွာမကာကွယ်နိုင်ဘဲ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပျံ့နှံ့သွားပြီး တောင်သူများ၏ အကျိုးစီးပွားသာမက နိုင်ငံတော်၏ အကျိုးစီးပွားကို ထိခိုက်နိုင်သောကြောင့် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထား ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

## ကော်ဖီသီးနှံက ရေရှည်အကျိုးပြုတဲ့ နှစ်ရှည်သီးနှံဖြစ်

“ကော်ဖီသီးနှံက စနစ်တကျ တစ်ခါစိုက်ပြီးရင် ရေရှည်အကျိုးပြုတဲ့ နှစ်ရှည်သီးနှံဖြစ်တယ်။ ဒါကြောင့် စိုက်ပျိုးချင်ကြတယ်။ အခုလက်ရှိမှာ နိုင်ငံတော်ကလည်း ကော်ဖီဖွံ့ဖြိုးရေးအတွက် အားပေးနေတယ်။ ကျွန်တော်တို့ဌာနအနေနဲ့လည်း ကော်ဖီစိုက်ပျိုးတဲ့သူတွေအတွက် လိုအပ်တဲ့ စိုက်ပျိုးနည်းစနစ်တွေ စဉ်ဆက်မပြတ် ပေးနေပါတယ်။ ပြီးတော့ အရည်အသွေးကောင်း ကော်ဖီထုတ်လုပ်ရာမှာ အသုံးပြုတဲ့ ကော်ဖီသီးမှည့်အခွံချွတ်စက်၊ အကျိအခွံဖယ်စက်၊ ကော်ဖီလှန်းစင်၊ ကော်ဖီသီးအချိုဓာတ်တိုင်းကိရိယာ၊ ကော်ဖီဆန်အစိုဓာတ်တိုင်းကိရိယာ၊ ကျင်းတူးစက်၊ နေရောင်ခြည်သုံး အခြောက်ခံကိရိယာ၊ ကော်ဖီပင်ကိုင်းဖြတ် ပုံသွင်းကိရိယာစတဲ့ လုပ်ငန်းသုံးစက်ပစ္စည်းကိရိယာတွေကို ထောက်ပံ့ကူညီပေးနေတာလည်း ရှိပါတယ်” ဟု စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီသီးနှံဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက ရှင်းပြသည်။

မြန်မာ့ကော်ဖီအရည်အသွေးပိုမိုမြင့်မားလာ၍ ထုတ်လုပ်မှုပမာဏတိုးတက်လာပြီး ကမ္ဘာ့ဈေးကွက်သို့ ပိုမိုထိုးဖောက်နိုင်ရန်၊ ကော်ဖီကို မြန်မာနိုင်ငံ၏ အဓိကပို့ကုန်ဖြစ်လာစေရန်အတွက် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ၊ ပညာပေးသင်တန်းများ၊ မျိုးစေ့ပျိုးပင်ပျိုးထောင် ဖြန့်ဖြူးခြင်းလုပ်ငန်းများ၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ - ရာသီသီးနှံဌာနခွဲမှ ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၂၃ သို့ ✦




မဲခေါင်-လန်ချန်း အထူးရန်ပုံငွေဖြင့် ကော်ဖီစိုက်တောင်သူများသို့ လုပ်ငန်းသုံးစက်ပစ္စည်းများ ပေးအပ်စဉ်။

# တောင်ကြီးမြို့ စူဠာမုနိလောကချမ်းသာစေတီတော်၌ မသိုးသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကျင်းပ

**တောင်ကြီး နိုဝင်ဘာ ၂၇**

တောင်ကြီးမြို့တန်ဆောင်တိုင်ပွဲတော်တွင် မသိုးသင်္ကန်း ရက်လုပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၂၆ ရက် ညနေ ၅ နာရီက တောင်ကြီးမြို့ စူဠာမုနိလောကချမ်းသာ စေတီတော် ဘုရားရင်ပြင်တွင် ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးနှင့် ဇနီး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ ဇနီး၊ ဒုတိယတိုင်းမှူး၊ ပြည်နယ်လူမှုရေးရာဝန်ကြီးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများသည် ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်းမှ ကျောင်းသူလေးများ မသိုးသင်္ကန်း ရက်လုပ်နေမှုကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြသည်။

ထို့နောက် ယနေ့ နံနက် ၄ နာရီက တောင်ကြီးမြို့ စူဠာမုနိလောကချမ်းသာ စေတီတော်၌ စူဠာမုနိလောကချမ်းသာ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မသိုးသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စူဠာမုနိဘုရားအား တစ်ပတ် လှည့်လည်ပြီး စေတီအတွင်းရှိ ရုပ်ပွားတော်များအား မသိုးသင်္ကန်း ဆက်ကပ်ကြသည်။

ထို့နောက်ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် နိုင်ငံတော်ဩဝါဒါစရိယ တောင်ကြီးမြို့ ကံသာရပ်ကွက် စွန်းလွန်းဂူကမ္မဋ္ဌာန်းကျောင်းတိုက်ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ အဂ္ဂဓမ္မာဘိဝံသဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး မေတ္တာသုတ် ပရိတ်တရားတော်မြတ်ကို နာယူကြည်ညိုခဲ့ကြသည်။


ဆက်လက်၍ ဆရာတော်၊ သံဃာတော်များအား ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး တောင်ကြီးမြို့ ရှမ်းပြည်နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ သိမ်တောင်ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော်(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) ဘဒ္ဒန္တတေဇဝန္တထံမှ လှူဒါန်းမှု အစုစုတို့အတွက် အနုမောဒနာတရား နာယူကြည်ညို၍ ရေစက်သွန်းချ အမျှပေးဝေကာ ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။


ပြည်နယ်(ပြန်/ဆက်)



# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများက ဒံပေါက်ထမင်းဘူးများ ပေးအပ်လှူဒါန်း







**နေပြည်တော် နိုဝင်ဘာ ၂၇**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်းလျက် ရှိသည့် အပြင် စားသောက်ဖွယ်ရာများကိုလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။

ယနေ့တွင်လည်း စေတနာရှင် အလှူရှင် ပြည်သူများက အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဒံပေါက်ထမင်းဘူးများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး လားရှိုးမြို့မှတစ်ဆင့် တပ်မတော်မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် လိုက်လံပို့ဆောင်ပေးကြသည်။

**ဆုတောင်းမေတ္တာ စာလွှာများပါရှိ**

စေတနာရှင်ပြည်သူများ လှူဒါန်းသည့် ဒံပေါက်ထမင်းဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် "တပ်မတော်သားများ ကျန်းမာပါစေကြောင်း၊ ဘေးအန္တရာယ် ကင်းရှင်းပါစေကြောင်းနှင့် တိုက်ပွဲတိုင်း အောင်မြင်ပါစေကြောင်း" စသည့် ဆုတောင်းမေတ္တာစာလွှာများ ပါရှိကြောင်း သိရသည်။

**သတင်းစဉ်**

■

✦ စာမျက်နှာ ၂၂ မှ

"ကော်ဖီသီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ဖို့ တောင်သူပညာပေးစံပြကွက်တွေ ကျွန်တော်တို့ဌာနက စိုက်ပျိုးပြတာလည်း ရှိပါတယ်။ ပြီးတော့ အသုံးချသုတေသန စမ်းသပ်ကွက်တွေလည်း စိုက်ပြပါတယ်။ စိုက်ပျိုးထုတ်လုပ်တဲ့ ကော်ဖီစိုက်ခင်းတွေ၊ ကော်ဖီ GAP အသိမှတ်ပြုလက်မှတ်တွေ ရရှိရေးကိုလည်း ကူညီပေးနေပါတယ်"ဟု ကော်ဖီ-ရာသီသီးနှံဌာနခွဲမှ ညွှန်ကြားရေးမှူးက ပြောသည်။

ကော်ဖီ - ရာသီသီးနှံဌာနခွဲသည် စိုက်ပျိုးရေးထုတ်ကုန်များကို ဘေးအန္တရာယ်ကင်းရှင်းစွာ ထုတ်လုပ်နိုင်ရေးနှင့် စားသောက်ကုန်များတွင် ဓာတုဓာတ်ကြွင်းများ မကျန်ရှိစေရေးတို့အတွက် ကောင်းမွန်သော စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့် သက်ဆိုင်သည့် သင်တန်းများကိုလည်း ကော်ဖီစိုက်ပျိုးသူများထံ စဉ်ဆက်မပြတ်ပို့ချပေးလျက်ရှိကြောင်း သိရသည်။

"စိုက်ပျိုးရေးဦးစီးဌာနကနေ ထောက်ပံ့ပေးခဲ့တဲ့ လုပ်ငန်းသုံးစက်ပစ္စည်းကိရိယာတွေက ကျွန်တော်တို့ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်း လုပ်ဆောင်ရာမှာ အများကြီး အသုံးဝင်ပါတယ်။ ကျွန်တော်တို့ဒေသနဲ့လည်း ကိုက်ညီတဲ့ပစ္စည်းတွေဖြစ်တဲ့အတွက် ဒေသတွင်း ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးရေးကိုလည်း အကျိုးပြုတယ်။ ပြီးတော့ ကျွန်တော်တို့လို ကော်ဖီစိုက်တောင်သူတွေအတွက် နည်းပညာသင်တန်းတွေပေးတာ၊ ပစ္စည်းကိရိယာတွေ ထောက်ပံ့ပေးတာတွေကို ဆက်လက်ပြီးတော့ လုပ်ပေးစေချင်ပါတယ်" ဟု သံတောင်ကြီးကော်ဖီအစုအဖွဲ့မှ အဖွဲ့ဝင်တောင်သူတစ်ဦးဖြစ်သည့် ဦးစောပီတာက ပြောသည်။

မြန်မာနိုင်ငံတွင် ကုန်းမြင့်ကော်ဖီမျိုးများကို ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ (တောင်ပိုင်း)နှင့် (မြောက်ပိုင်း) ဒေသများ၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးမှ မိုးကုတ်နှင့် ပြင်ဦးလွင်၊ မကွေးတိုင်းဒေသကြီး အနောက်ခြမ်းရှိ နတ်ရေကန်တောင်တန်း စသည့် ဒေသများတွင် စိုက်ပျိုးမှုများပြီး မြေနိမ့်ကော်ဖီမျိုးများကို ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် စိုက်ပျိုးကြသည်။

ထိုသို့ နိုင်ငံအတွင်း ကော်ဖီစိုက်ပျိုးရာတွင် ကော်ဖီမျိုးစိတ် (Species)များစွာ ရှိသော်လည်း အနံ့နှင့်အရသာကောင်းမွန်ပြီး ဈေးကောင်းရရှိသည့် ကုန်းမြင့်ကော်ဖီမျိုး အာရေးဗီးကားနှင့် မြေနိမ့်ကော်ဖီမျိုးဖြစ်သည့် ရိုဘတ်စတာ၊ လိုက်ဘရီကာ၊ အိတ်ဆယ်စာ စသည့် ကော်ဖီမျိုးစိတ်လေးခုကိုသာ စီးပွားဖြစ် စိုက်ပျိုးမှုများကြောင်းသိရသည်။

ကမ္ဘာ့ကော်ဖီ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချနေသည့် နိုင်ငံပေါင်း ၇၅ နိုင်ငံတွင် မြန်မာနိုင်ငံသည် ပါဝင်နေပြီး စိုက်ပျိုးထွက်ရှိနေသည့် ကော်ဖီသည် ကမ္ဘာ့ဈေးကွက်ဝင် အရည်အသွေးကောင်း ကော်ဖီမျိုးများဖြစ်သည့်အတွက် ကော်ဖီကဏ္ဍသည် နိုင်ငံ့စီးပွား မြှင့်တင်ရေးကို အထောက်အပံ့ကောင်းများစွာ ဖော်ဆောင်ပေးနိုင်သည့် သီးနှံတစ်မျိုးဖြစ်သည်။

သို့ဖြစ်ရာ ကော်ဖီသီးနှံ ကွင်းဆက်တစ်ခုလုံး ဖွံ့ဖြိုးမှုရရှိရေးကို ကော်ဖီထုတ်လုပ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းရှင်များ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်လျက်ရှိသည့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ မြန်မာနိုင်ငံကော်ဖီအသင်းနှင့် အဖွဲ့အစည်းများက လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ပြည်ပဈေးကွက်အထိထိုးဖောက်အောင်မြင်နေသည့် (555) အမှတ်တံဆိပ်ဆေးတံနှင့် သစ်သားပန်းပုလုပ်ငန်း

**တွေ့ဆုံမေးမြန်း - နှင်းဆီနွယ်၊ ဓာတ်ပုံ - သူရအောင်**

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် MSME စီးပွားရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် One Region One Product (OROP) ဒေသတစ်ခုထုတ်ကုန်တစ်ခုအစီအစဉ်သည် ကျေးလက်နေမိသားစုဝင်ငွေတိုးပွားရေး၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် အသက်မွေးဝမ်းကျောင်းမှုအတွက် ခိုင်မာဖြစ်ထွန်းလျက်ရှိသည်။

မွန်ပြည်နယ်တွင် ဒေသတစ်ခုထုတ်ကုန်တစ်ခုလုပ်ငန်းအဖြစ် ဆောင်ရွက်လျက်ရှိသော ယခင်က ပြည်ပဈေးကွက်အထိ ထိုးဖောက်အောင်မြင်ပြီး Made in Ywalut မြန်မာပြည်တွင် ထုတ်လုပ်သည်ဟု အင်္ဂလိပ်ခေတ်ကတည်းက နာမည်ကြီးခဲ့သည့် ချောင်းဆုံမြို့နယ် ရွာလွတ်ကျေးရွာရှိ (555) အမှတ်တံဆိပ်ဆေးတံနှင့် သစ်သားပန်းပုလုပ်ငန်းရှင် ဦးမန်းငွေဝင်းနှင့် တွေ့ဆုံမေးမြန်းထားမှုကို တင်ပြလိုက်ပါသည်–

**မေး ။** ။ ဆေးတံလုပ်ငန်းကို စတင်လုပ်ကိုင်ဖြစ်ပုံလေးကို ရှင်းပြပေးပါ။

**ဖြေ ။** ။ ဆေးတံလုပ်ငန်းကို လုပ်ကိုင်ခဲ့တာ ကိုလိုနီခေတ်ကတည်းက အဘိုးဖြစ်သူ ဆရာကြီးဦးညွန့်က ဆေးတံကိုစွန့်ဦးတီထွင် လုပ်ကိုင်ခဲ့ပါတယ်။ အခုဆိုရင်နှစ်ပေါင်း ၅၀ ကျော် ရှိပြီဖြစ်ပါတယ်။ ကိုလိုနီအင်္ဂလိပ်လက်ထက်က မော်လမြိုင်မြို့ မိုင်ဒါကွင်း မွန်ယဉ်ကျေးမှုပြပွဲ၊ ပြိုင်ပွဲမှာ အဘိုးဖြစ်သူ တီထွင်ထားတဲ့ဆေးတံကို သွားရောက်ပြသခဲ့ရာမှာ ပထမဆုဂုဏ်ထူးဆောင်လက်မှတ်ရရှိခဲ့ပါတယ်။ ပြပွဲ၊ ပြိုင်ပွဲတွေ လှည့်လည်ကြည့်ရှုရင်း စာပေပြခန်းတစ်ခုက **"မြန်မာ့အကျိုးစီးပွား"** (ပ၊ဒု)အတွဲမှာတွေ့ရှိတဲ့ စာရေးသူ(သုံးဆယ်)မြို့က ဆရာမဒေါ်ဖွားရှင် အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာပြန်ဆိုထားတဲ့ ဖိုင်ဘာပြုလုပ်နည်းပညာအတိုင်းဆောင်ရွက်ပြီး ဆေးတံကို အသုံးပြုတဲ့ဖိုင်ဘာကို အောင်မြင်စွာဖန်တီးခဲ့ပါတယ်။ အဲဒီကတစ်ဆင့် ရွာလွတ်ကျေးရွာက လူတော်တော်များများ ဆေးတံလုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းလုပ်ကိုင်လာကြတာ နှစ်ပေါင်း ၅၀ ကျော်ရှိပြီဖြစ်ပါတယ်။ အဘိုးလက်ထက်ကနေ အဖေ၊ အဖေလက်ထက်မှ ကျွန်တော်တို့လက်ထက်အထိ အထက်မြန်မာပြည် အောက်မြန်မာပြည် ပြပွဲတွေ၊ အာဆီယံ ၁၀ နိုင်ငံပြပွဲ၊ ပြိုင်ပွဲတွေနဲ့ အခုပြည်နယ်အစိုးရအဖွဲ့က ဆောင်ရွက်တဲ့ ကုန်စည်ပြပွဲတွေမှာ လိုက်လံပြသတာတွေ ဆောင်ရွက်ခဲ့ပါတယ်။

**မေး ။** ။ ကုန်ကြမ်းအနေနဲ့ ဘယ်လိုသစ်အမျိုးအစားကို အသုံးပြုရပါသလဲ။ ဘယ်လိုဝယ်ယူရပါသလဲ။

**ဖြေ ။** ။ ဒေသထွက်သုံးတဲ့ သစ်ကတော့ ပိတောက်၊ ကျွန်း၊ ပင်လယ်အုန်း၊ ရင်ခတ်သား၊ ရင်တိုက်သား၊ ပျဉ်းမနဲ့ ကြခတ်သစ်အမျိုးအစားကို အသုံးပြုပါတယ်။ အရင်ကတော့ လွယ်ကူစွာဝယ်ယူနိုင်ပေမယ့် အခုအချိန်မှာ ပိဿာချိန်နဲ့ဝယ်ယူရပါတယ်။ တစ်ပိဿာကို ငါးထောင်၊ ခြောက်ထောင်ခန့်ရှိပါတယ်။

**မေး ။** ။ ဆေးတံအပြင် သစ်သားပန်းပုပစ္စည်းအမျိုးပေါင်း ဘယ်နှမျိုးထုတ်လုပ်ပါသလဲ။

**ဖြေ ။** ။ အရင်ကဆေးတံတစ်မျိုးပဲ ဆောင်ရွက်တာပါ။ ဟိုတုန်းကတော့ ဆေးတံ




သောက်သုံးသူတွေက လူတစ်ဦးစီမှာ ဆေးတံနှစ်အိုး လောက်ဆောင်ထားပြီး တစ်အိုးပူလာရင် တစ်အိုး လဲလှယ်သောက်ကြတဲ့အတွက် ဆေးတံတွေ ရောင်းအားကောင်းပါတယ်။ အခုအခါ ဆေးတံ သောက်သုံးသူက မရှိသလောက်နည်းပါးနေပြီဖြစ်တဲ့ အတွက် ဆေးတံရောင်းအားကျလာပါတယ်။ ဒါကြောင့် ဘိုးဘွားတွေရဲ့ လက်ငုတ်လက်ရင်းဖြစ်တဲ့ ဆေးတံလုပ်ငန်းမပျောက်ပျက်ဘဲ လက်မှုပညာကို ထိန်းသိမ်းစောင့်ရှောက်တဲ့အနေနဲ့ လုပ်ငန်းတွေ လည်ပတ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်နေပါတယ်။ အဲဒီလို ကြိုးပမ်းဆောင်ရွက်တဲ့နေရာမှာ ဆေးတံကို လက်ဆောင်ပစ္စည်းအနေနဲ့ ထုတ်လုပ်ရောင်းချဖို့အတွက် အရည်အသွေးကိုအဓိကထားပြီး ပြည်ပဈေးကွက်ရရှိဖို့ တီထွင်ဆန်းသစ်မှုတွေ ထုတ်လုပ်ရပါတယ်။ ဆေးတံအပြင် အခြားသစ်သားပန်းပုပစ္စည်းအမျိုးအစား ၅၀ ကျော်ခန့် ထုတ်လုပ်ပါတယ်။ အိမ်မှာနေပြီး မိသားစုတစ်ပိုင်တစ်နိုင် လုပ်ကိုင်လျက်ရှိပါတယ်။ ပစ္စည်းမှာယူမှုတွေ များလာရင် အလုပ်သမားငှားပြီး လုပ်ကိုင်ရပါတယ်။ အခုအိမ်အလှဆင်တဲ့ပွတ်လုံးတွေ မှာယူကြတဲ့အတွက် ဆောင်ရွက်ရပါတယ်။

**မေး ။** ။ ဆေးတံနဲ့ သစ်သားပန်းပုလုပ်ငန်း ဖြန့်ချိမှုလည်းသိပါရစေ။

**ဖြေ ။** ။ အိမ်ဆိုင်ဖွင့်ပြီးရောင်းချတာ၊ အွန်လိုင်းကတစ်ဆင့် ရောင်းချတာ၊ မော်လမြိုင်နဲ့ ရန်ကုန်က မှာယူရင် ပေးပို့ရတာတွေရှိပါတယ်။ နိုင်ငံခြားကို ကိုယ်တိုင်ပို့တာမျိုးမဟုတ်ဘဲ ရန်ကုန်သိမ်ဖြူလမ်းကတစ်ဆင့်ဝယ်ယူတာ၊ ထပ်ဆင့်ပို့တာမျိုးရှိပါတယ်။ ပြည်နယ်အစိုးရက ဆောင်ရွက်တဲ့ ကုန်စည်ပြပွဲနဲ့ မော်လမြိုင်၊ ရန်ကုန်၊ နေပြည်တော်တွေမှာ ပြသရောင်းချတာတွေရှိပါတယ်။ ရွာလွတ်ကျေးရွာမှာ စက်မှုလက်မှုလုပ်ငန်းထွန်းကားတာ၊ ဆေးတံလုပ်ငန်း ဆောင်ရွက်တာတွေကြောင့် နိုင်ငံခြားသားတွေ လည်ပတ်လေ့လာစရာနေရာ တစ်ခုဖြစ်လို့ လာရောက်လေ့လာရင်း အိမ်မှာ လာဝယ်တဲ့ နိုင်ငံခြားဧည့်သည်တွေလည်း ရှိပါတယ်။ အခုလုပ်ငန်းနဲ့ပဲ မိသားစုစားဝတ်နေရေး အဆင်ပြေလျက်ရှိပါတယ်။

**မေး ။** ။ သစ်သားပန်းပုတွေကိုဘယ်လိုရောင်းရပါသလဲ၊ ဆေးတံဈေးနှုန်းတွေက ဘယ်လောက်ရှိပါသလဲ။

**ဖြေ ။** ။ ထုတ်လုပ်မှုလက်ရာနဲ့ ကနုတ်အပေါ်မူတည်ပြီး သောင်းဂဏန်းကနေ သိန်းဂဏန်းအထိရှိပါတယ်။ ဒဿဂီရိဘီလူးခေါင်းဆေးတံမျိုးကတော့ ဒေါ်လာ ၁၈၀ လောက်တန်ဖိုးရှိပါတယ်။ မြန်မာငွေလေးသိန်းတန်ရှိပါတယ်။ အထင်ကရ ခေါင်းဆောင်ပုံစံ၊ လီနင်ပုံ၊ အိုဘားမားပုံ၊ နဂါးပုံစတဲ့ ဆေးတံမျိုးကို အချောင်း ၃၀ ခန့် ထုတ်လုပ်ရောင်းချခဲ့ရပါတယ်။ ဒဿဂီရိဘီလူးခေါင်းဆေးတံတစ်ချောင်းထုတ်လုပ်ရင် ၁၅ ရက်ခန့် ကြာတတ်ပါတယ်။

**မေး ။** ။ ရွာလွတ်ကျေးရွာမှာ ဆေးတံနဲ့ သစ်သားပန်းပုလုပ်ကိုင်သူ ဘယ်နှဦးရှိပါသလဲ၊ အခြားဘာလုပ်ငန်းတွေ လုပ်ကိုင်ကြပါသလဲ၊ နိုင်ငံတော်ရဲ့ ချေးငွေရတာမျိုးရောရှိပါသလား။

**ဖြေ ။** ။ ရွာလွတ်ကျေးရွာမှာ အရင်ကတည်းက စက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်ကြတဲ့ ရွာကြီးတစ်ရွာဖြစ်ပါတယ်။ ဆေးတံနဲ့ သစ်သားပန်းပုလုပ်ကိုင်သူခြောက်ဦးခန့်ရှိပါတယ်။ အခြားလုပ်ငန်းအနေနဲ့ ရော်ဘာလုပ်ငန်း၊ ကားဘရိတ်ရှူးလုပ်ငန်း၊ သားရေကွင်းလုပ်ငန်းနဲ့ ပူဖောင်းလုပ်ငန်းတွေ လုပ်ကိုင်ကြပါတယ်။ ကျေးရွာမှာ MSME Member Card ရှိတဲ့လုပ်ငန်းရှင်များစွာရှိပြီး ချေးငွေရယူပြီးဆောင်ရွက်တဲ့သူလည်း ရှိပါတယ်။ ကျွန်တော်ကတော့ အုပ်စုဖွဲ့ပြီး ချေးငွေယူရတဲ့စနစ်ကြောင့် ချေးငွေရယူထားတာမျိုး မရှိပါဘူး။

**မေး ။** ။ အခြားပြောချင်တာများ ရှိပါသေးသလား။

**ဖြေ ။** ။ ကျွန်တော့်အနေနဲ့ ဆေးတံနဲ့ သစ်သားပန်းပုလုပ်ငန်းကို လုပ်ကိုင်ခဲ့တာ ကိုယ့်ကျေးရွာ၊ ကိုယ့်မြို့နယ်၊ ကိုယ့်နိုင်ငံ ဂုဏ်ရှိအောင် ထိန်းသိမ်းဆောင်ရွက်ရင်း တစ်ချိန်က အဘိုးဖြစ်သူ ဆေးတံဖခင်ကြီးဦးညွန့်ရဲ့ Made in Ywalut အမှတ်တံဆိပ် logo ကို အခုခေတ်အမြင်နဲ့ ဆန်းသစ်တီထွင်ဆောင်ရွက်ပြီး ကျွန်တော့်ရဲ့ သားနှစ်ဦးကိုလည်း လက်ဆင့်ကမ်းအမွေအဖြစ် အခုလုပ်ငန်းကို ဆက်လက်လုပ်ကိုင်ဆောင်ရွက်သွားမှာပါလို့ ပြောချင်ပါတယ်။

မွန်ပြည်နယ်တွင် နိုင်ငံတော်၏ ချေးငွေရယူလိုသောစက်မှုလုပ်ငန်းရှင်များ MSME စီးပွားရေးလုပ်ငန်းရှင်များ MSME အသင်းဝင်ကတ်လျှောက်ထားပြီး MSME အသင်းဝင်ကြရန် အသင်းဝင်ကတ်မိတ္တူများဖြင့် မွန်ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသို့ လျှောက်ထားနိုင်ပါသည်။ သို့မှသာ နိုင်ငံတော်၏ ထောက်ပံ့ငွေရရှိကြမည်ဖြစ်ပါသည်။

ပြည်နယ်အတွင်း ပြည်သူလူထု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် "နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေ" ထူထောင်ဆောင်ရွက်လျက်ရှိရာ ငွေကျပ်ရှစ်ဘီလီယံအား မွန်ပြည်နယ်အစိုးရ၏ စီမံခန့်ခွဲမှုဖြင့် ထုတ်ချေးဆောင်ရွက်ပေးလျက်ရှိကြောင်း MSME စီးပွားရေးလုပ်ငန်းရှင်များအား သတင်းစကားပါးလိုက်ပါသည်။ ။





## နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသူများအား ဥပဒေနှင့်အညီဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ဆက်လက်လွှဲပြောင်းပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၂၇**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများအပါအဝင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး အချို့သောပြည်ပနိုင်ငံသားများအနေဖြင့် နယ်စပ်ဒေသများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိကြောင်း သိရှိရသည့်အတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများက လိုအပ်သည့် စိစစ်မှုများပြုလုပ်ကာ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

**လွှဲပြောင်းပေးအပ်**

ထိုသို့လွှဲပြောင်းပေးအပ်ခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်လည်း တရုတ်နိုင်ငံသား အမျိုးသား ၄၆၆ ဦး၊ အမျိုးသမီး ၈၇ ဦး စုစုပေါင်း ၅၅၃ ဦး ကို စိစစ်ဖော်ထုတ်ရရှိခဲ့ပြီး ထပ်မံလွှဲပြောင်းပေးနိုင်ခဲ့ခြင်းကြောင့် အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၂၇ ရက်အထိ တရုတ်နိုင်ငံသား အမျိုးသား ၈၃၁၂ ဦး၊ အမျိုးသမီး ၈၈၂ ဦး စုစုပေါင်း ၉၁၉၄ ဦး တို့ကို ဖော်ထုတ်ရရှိခဲ့ပြီး ဥပဒေနှင့်အညီ လိုအပ်သည့် စိစစ်ခြင်းများဆောင်ရွက်ခဲ့ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများမှ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် ပြည်ပနိုင်ငံသားများအား စိစစ်ဖော်ထုတ်ခြင်းနှင့် ပြန်လည်လွှဲပြောင်းခြင်းလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြို့နယ်အချို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၂၇**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၆ ရက် ည ၈ နာရီ ၄၅ မိနစ်တွင် ဗန်းမော်မြို့ ရွှေပြည်သာကွက်သစ်ရပ်ကွက် မြို့ရှောင်လမ်းတွင် အောင်မျိုးမင်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀ ကိုလည်းကောင်း၊ ထို့ပြင် ယင်းနေ့မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ပူးပေါင်းအဖွဲ့သည် တောင်ဥက္ကလာပမြို့နယ် (၁၄)ရပ်ကွက် သံသုမာလမ်းတွင် မသင်္ကာဖွယ်တွေ့ရှိသူ ဝင်းနိုင်နှင့် အေးမောင်တို့ကို စစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀၀ ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ပူးပေါင်းအဖွဲ့သည် နမ့်စန်မြို့ အမှတ်(၁)ရပ်ကွက်ရှိ ကျော်လင်း၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၃၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**

## ဘီးလင်းမြို့နယ် ဝင်းက နယ်မြေရဲစခန်းနှင့် တောင်စွန်းအကျဉ်းဦးစီးစခန်းတို့မှ ဝန်ထမ်းများတိုက်ခိုက်ခံရမည်ကို စိုးရိမ်သဖြင့် စခန်းအား စွန့်ခွာမှုပြုလုပ်ဟု ကောလာဟလသတင်းများ လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၇**

ဘီးလင်းမြို့နယ် ဝင်းက နယ်မြေရဲစခန်းနှင့် တောင်စွန်းအကျဉ်းဦးစီးဌာနမှ အကျဉ်းသားများအပါအဝင် ဝန်ထမ်းများသည် အကြမ်းဖက်သောင်းကျန်းသူများက တိုက်ခိုက်လာမည်ကို စိုးရိမ်သဖြင့် စခန်းအား စွန့်ခွာ၍ တိမ်းရှောင်သွားပြီဖြစ်ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် ကောလာဟလသတင်းများ လုပ်ကြံဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။




အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာနယ်မြေတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် တာဝန်ရှိသူများ၏ ပြောကြားချက်အရ **"ဘီးလင်းမြို့နယ်ရှိ မည်သည့်ရဲစခန်းနှင့် အကျဉ်းဦးစီးဌာနတို့မှ စခန်းအား စွန့်ခွာတိမ်းရှောင်မှုများမရှိကြောင်းနှင့် သတင်းအမှားသာဖြစ်ကြောင်း"** သိရှိရသည်။

နိုင်ငံ့တာဝန်များကို ဦးလည်မသုန်ကျေပွန်စွာ ထမ်းရွက်နေကြသည့် နိုင်ငံ့ဝန်ထမ်းများနှင့် အေးချမ်းစွာလုပ်ကိုင်၊ နေထိုင်လိုကြသည့် ဒေသခံတိုင်းရင်းသားပြည်သူများအား အကြမ်းဖက်မှုလုပ်ရပ်များကို အားပေးလှုံ့ဆော်နေသည့် တရားမဝင် ပြည်ဖျက်မီဒီယာများက ထိုသို့စိုးရိမ်ထိတ်လန့်ဖွယ်ရာ ကောလာဟလသတင်းများ ရေးသားဖြန့်ဝေခြင်းသာဖြစ်ပြီး နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

**❂ ကျောဖုံးမှ**

VUC အသင်းအတွက် အနိုင်ဂိုးများကို ခြောက်မိနစ်တွင် နိုင်လင်းထွန်းကျော်၊ ၈၊ ၃၁ မိနစ်တွင် ထွန်းအောင်ကျော်၊ ၁၂ မိနစ်တွင် ဇင်ဦး၊ ၂၈ မိနစ်တွင် ထွဋ်ဝေထွန်း၊ ၂၅၊ ၂၉ မိနစ်တွင် ကောင်းထက်ဇော်၊ ၃၅ မိနစ်တွင် အောင်ဇင်ဦးနှင့် ၃၉ မိနစ်တွင် မျိုးမြင့်စိုးတို့က သွင်းယူပြီး M-Millions အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၃၁ မိနစ်တွင် ဖိုးလပြည့်က သွင်းယူခဲ့သည်။ နာမည်ကြီး MIU အသင်းမှာမူ Generations အသင်းကို မထင်မှတ်ဘဲ အရေးနိမ့်ခဲ့ပြီး ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့သည်။ Generations အသင်းသည် နှစ်ကြိမ်တိုင်နောက်မှလိုက်ကစားကာ MIU အသင်းကို အနိုင်ကစားခဲ့ခြင်းဖြစ်သည်။ MIU အသင်းအတွက် ဦးဆောင်ဂိုးများကို ပွဲအစ နှစ်မိနစ်တွင် Generations အသင်းမှ အောင်ဘုန်းမြတ် ကိုယ့်ဂိုးကိုယ်သွင်းမိရာမှ ဂိုးစတင်ရရှိခဲ့ပြီး ၃၁ မိနစ်တွင် ကိုရဇ္ဇက ဒုတိယဂိုးသွင်းယူခဲ့သည်။ Generations အသင်းအတွက် ချေပဂိုးများကို ၃၁ မိနစ်တွင် ထက်မြတ်နိုင်၊ ၃၄ မိနစ်တွင် ဇော်ဖြိုးဦးတို့က သွင်းယူကာ အနိုင်ဂိုးကိုမူ ၃၆ မိနစ်တွင် ဇော်ဖြိုးဦးက သွင်းယူခဲ့သည်။

နိုဝင်ဘာ ၂၉ ရက် မွန်းလွဲ ၁ နာရီတွင် တတိယနေရာလုပွဲအဖြစ် MIU အသင်းနှင့် M-Millions အသင်း ညနေ ၃ နာရီတွင် ဗိုလ်လုပွဲအဖြစ် လက်ရှိချန်ပီယံ VUC အသင်းနှင့် Generations အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **သတင်း-ကိုညီလေး**

**ဓာတ်ပုံ-MFF**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများလိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၂၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှား စီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "ချစ်စု" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် လယ်ယားကျေးရွာနေ ဖြိုးမင်းအောင်(ခ)ချစ်စုအား နံနက် ၁၁ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ "Khin Nyein Nyein Chan" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် တောင်ရင်းရပ်ကွက်နေ ခင်ငြိမ်းငြိမ်းချမ်း(ခ)ငြိမ်းငြိမ်းအား မွန်းလွဲ ၃ နာရီ မိနစ် ၅၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ပေါင်းတည်မြို့နယ်၌ လယ်ယာလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး အသိပညာပေး

**ပေါင်းတည် နိုဝင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ ၂၀၂၃ ခုနှစ် မြန်မာနိုင်ငံပြည်သူ့ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ယနေ့မွန်းလွဲပိုင်းက သဖန်းကုန်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာန၌ ဒေသခံတောင်သူများနှင့် ပူးပေါင်း၍ တောင်သူများ လယ်ယာလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ရည်ရွယ်၍ အသိပညာပေးဟောပြောပွဲနှင့် လုပ်ငန်းခွင်ဘေးကင်းလုံခြုံရေးကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါဆောင်ရွက်မှုတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းသန်းချစ်ဦးဆောင်၍ သဖန်းကုန်းကျေးလက်ကျန်းမာရေးမှူး ဦးဝင်းသောင်းတို့နှင့်အတူ ကျန်းမာရေးမှူးများနှင့် ဝန်ထမ်းများက တောင်သူများ လယ်ယာလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းဝေးစေရေး၊ ပိုးသတ်ဆေးများအား ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ကိုင်တွယ်အသုံးပြုနိုင်ရေး၊ စနစ်တကျအသုံးမပြုပါက တွေ့ကြုံခံစားရနိုင်သည့် ကျန်းမာရေးပြဿနာများအကြောင်းတို့ကို အကျယ်တဝင့် အသိပညာပေးဟောပြောခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ ပိုးသတ်ဆေးဖျန်းရာတွင် အန္တရာယ်ကင်းစေရန် ဝတ်ဆင်ရမည့် ဝတ်စုံအပြည့်စုံနှင့် လိုအပ်သည့် အသုံးဆောင်ပစ္စည်းများအား တောင်သူများအားထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နိုင်ငံပေါင်း ၁၃ နိုင်ငံပါဝင်ယှဉ်ပြိုင်သည့် Global Firefighters and Paramedics Challenge (SGFPC) 2023 ပြိုင်ပွဲ၌ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ နိုင်ငံပေါင်းစုံအဖွဲ့လိုက် အသက်ကယ်စွမ်းရည်ပြပြိုင်ပွဲတွင် ပထမချန်ပီယံဆုနှင့် တစ်ဦးချင်းစွမ်းရည်ပြိုင်ပွဲ၌ တတိယဆုကိုဆွတ်ခူး၍ နိုင်ငံ့ဂုဏ်ကို မြှင့်တင်စွမ်းဆောင်နိုင်ခဲ့

ရန်ကုန် နိုဝင်ဘာ ၂၇

စင်ကာပူနိုင်ငံ မြို့ပြကာကွယ်ရေးတပ်ဖွဲ့ (Singapore Civil Defence Force – SCDF) မှ နိုဝင်ဘာ ၂၀ ရက်မှ ၂၅ ရက်အထိ ကျင်းပပြုလုပ်ခဲ့ပြီး အိမ်ရှင်နိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၃ နိုင်ငံမှ အသင်း ၁၆ သင်း ယှဉ်ပြိုင်ခဲ့သော နိုင်ငံတကာအဆင့် မီးသတ်စွမ်းရည်ပြိုင်ပွဲ Singapore – Global Firefighters and Paramedics Challenge (SGFPC) 2023 မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ နိုင်ငံပေါင်းစုံအဖွဲ့လိုက် အသက်ကယ်စွမ်းရည်ပြပြိုင်ပွဲတွင် ပထမချန်ပီယံဆုနှင့် တစ်ဦးချင်း စွမ်းရည်ပြိုင်ပွဲ၌ တတိယဆုကိုရရှိခဲ့၍ နိုင်ငံ့ဂုဏ်ကို မြှင့်တင်စွမ်းဆောင်နိုင်ခဲ့ကြောင်း သိရသည်။



အဆိုပါပြိုင်ပွဲတွင် တစ်ဦးချင်းစွမ်းရည်ပြိုင်ပွဲ၌ နိုင်ငံတကာမီးသတ်တပ်ဖွဲ့ဝင် ၂၆ ဦး ယှဉ်ပြိုင်ခဲ့ရာ နောက်ဆုံးဆန်ခါတင် လေးဦးတွင် မြန်မာနိုင်ငံမှ တစ်ဦးပါဝင်ခဲ့ပြီး နိုဝင်ဘာ ၂၅ ရက် နောက်ဆုံးပြိုင်ပွဲ၌ ဩစတြေးလျ၊ စင်ကာပူ၊ မြန်မာနှင့် မလေးရှားနိုင်ငံတို့မှ မီးသတ်တပ်ဖွဲ့ဝင် လေးဦးတို့ ယှဉ်ပြိုင်ခဲ့ရာ မြန်မာနိုင်ငံမှ မီးသတ်တပ်ကြပ်ကြီး ထွန်းနေဝင်းက တစ်ဦးချင်းစွမ်းရည် တတိယဆုကို ဆွတ်ခူးရရှိခဲ့သည်။ ထို့ပြင် နိုင်ငံပေါင်း ၁၃ နိုင်ငံမှ တစ်ဖွဲ့လျှင် အဖွဲ့ဝင် ၁၂ ဦးဖြင့် လေးဖွဲ့ခွဲ၍ အသက်ကယ်စွမ်းရည်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ မီးသတ်တပ်ဖွဲ့ဝင် သုံးဦးဖြစ်သည့် လက်ထောက်ညွှန်ကြားရေးမှူး ဦးကောင်းမြတ်နောင်၊ လက်ထောက်ဦးစီးမှူး ကျော်နိုင်ထွန်းနှင့် တပ်ကြပ်ကြီး ထွန်းနေဝင်းတို့ပါဝင်သော "Charlie Group" နိုင်ငံတကာမီးသတ်အဖွဲ့သည် ပထမချန်ပီယံဆုကို ဆွတ်ခူးရရှိခဲ့သည်။

ယခုပြိုင်ပွဲများသည် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၏ ၇၇ နှစ်တာကာလတွင် ပြည်ပသို့ ပထမဆုံးအကြိမ်အဖြစ် သွားရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး ပထမဆုံး အတွေ့အကြုံရရှိခဲ့သော ပြိုင်ပွဲတစ်ခုလည်း ဖြစ်ကြောင်း သိရသည်။

ပြည်ပနိုင်ငံများမှ ဖိတ်ခေါ်ပြိုင်ပွဲများသို့ ပါဝင်တက်ရောက်ခြင်းဖြင့် မီးဘေးနှင့် သဘာဝဘေးအန္တရာယ်အပါအဝင် အခြားရုတ်တရက်ဖြစ်ပွားသော အန္တရာယ်များတွင် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတကာမှ မီးသတ်တပ်ဖွဲ့များနှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်တို့အကြား အသိပညာ ဗဟုသုတများနှင့် ကျွမ်းကျင်မှုများ ဖလှယ်နိုင်ခြင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် အသုံးပြုလျက်ရှိသော မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ လုပ်ငန်းသုံးခေတ်မီပစ္စည်းကိရိယာများကို လေ့လာနိုင်ခြင်း၊ ဒေသတွင်းမီးဘေးလုံခြုံရေးနှင့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်ခိုင်မာလာစေခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိစေမည့်အပြင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး လုပ်ငန်းများတွင်လည်း အထောက်အကူရရှိစေမည်ဖြစ်ကြောင်း သိရသည်။

စင်ကာပူနိုင်ငံ မြို့ပြကာကွယ်ရေးတပ်ဖွဲ့ (Singapore Civil Defence Force – SCDF) မှ ဦးဆောင်ကျင်းပသည့် Singapore – Global Firefighters and Paramedics Challenge (SGFPC) 2023 ပြိုင်ပွဲတွင် ဘရူနိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ တရုတ် – ဟောင်ကောင်၊ မြန်မာ၊ ဩစတြေးလျ၊ မကာအို၊ လူဇင်ဘတ်၊ ဗီယက်နမ်၊ အီကွေဒေါနှင့် UK နိုင်ငံတို့မှ မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး နိုင်ငံပေါင်း ၁၇ နိုင်ငံ တက်ရောက်ခဲ့ကာ မြန်မာနိုင်ငံ ကိုယ်စားပြုယှဉ်ပြိုင်ခဲ့သည့် မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ည ၁၀ နာရီ ၃၈ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့ရာ မီးသတ်ဦးစီးဌာနနှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်။

ညိမ်းသူ (သတင်းစဉ်)

ဓာတ်ပုံ – ကနူး

## ပဲခူးမြို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်

ပဲခူး နိုဝင်ဘာ ၂၇

မြန်မာနိုင်ငံပြည်သူ့ကျန်းမာရေး ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၂၀၂၃)ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် " လူတိုင်းသက်ရှည်ကျန်းမာဖို့၊ ပြည်သူ့ကျန်းမာရေးမြှင့်တင်စို့" ဆောင်ပုဒ်နှင့်အညီ ပဲခူးမြို့နယ် ကျန်းမာရေးဦးစီးဌာနသည် မွေးကင်းစမှသက်ကြီးရွယ်အိုအထိ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပဲခူးမြို့နယ် ပြည်သူ့ကျန်းမာရေးဌာန၊ မိခင်နှင့် ကလေးကျန်းမာရေးဌာန၊ ကျောင်းကျန်းမာရေးဌာန၊ ပဲခူးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ ပူးပေါင်း၍ နိုဝင်ဘာ ၂၀ ရက်မှ ၂၇ ရက်အထိ ပြုလုပ်ခဲ့သည်။



အဆိုပါ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းစဉ်များတွင် ပဲခူးမြို့ပေါ် သပြေကုန်းဘိုးဘွားရိပ်သာရှိ အဘိုး အဘွား ၄၀ တို့အား သက်ကြီးရွယ်အို စောင့်ရှောက်မှုပေးခဲ့ခြင်း၊ ပဲခူးမြို့နယ် အမီလိုက်ကာကွယ်ဆေးထိုးလုပ်ငန်းကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့ခြင်း၊ ပဲခူးမြို့နယ် ကျောင်းကျန်းမာရေးအဖွဲ့များက မြို့ပေါ်ရှိ ကျောင်းများမှ ကျောင်းသား ကျောင်းသူ ၁၈၀ တို့အား ကျောင်းတွင်းအာဟာရစောင့်ရှောက်မှုများ၊ စနစ်တကျလက်ဆေးနည်းစနစ်များနှင့် စနစ်တကျသွားတိုက်နည်းစနစ်များကို သရုပ်ပြခြင်း၊ ကျောင်းကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ပဲခူးမြို့နယ် ပြည်သူ့ကျန်းမာရေးဌာနမှ ဦးဆောင်၍ မိခင်နှင့် ကလေးကျန်းမာရေးဌာန၌ ကိုယ်ဝန်ဆောင် ၅၀ တို့အား ကိုယ်ဝန်စောင့်ရှောက်မှုပေးခြင်း၊ သားဆက်ခြားနည်းများကို ပညာပေးဟောပြောခြင်း၊ သားဆက်ခြားမည့် အမျိုးသမီး ၁၀ ဦးတို့အား လက်မောင်းအရေပြား အောက်သွင်းသားဆက်ခြား ဝန်ဆောင်မှုပေးခြင်းတို့ဖြင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

ကြေးမုံ



## သနပ်ပင်မြို့နယ်၌ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ အရှိန်မြှင့်ဆောင်ရွက်ရေးလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနား ကျင်းပ

သနပ်ပင် နိုဝင်ဘာ ၂၇

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်တွင် မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေး နှီးနှောဖလှယ်ပွဲ ၂၀၂၃ ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ သက်ကြီးရွယ်အို ဘိုးဘွားများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို နိုဝင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် သနပ်ပင်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသီဟ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်လင်းထက်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခွန်စောထွန်းတို့က လာရောက်အားပေးပြီး တိုက်နယ်ဆရာဝန် ဒေါက်တာ သက်ဖြိုးဟိန်း၊ သွားဆရာဝန် ဒေါက်တာခင်ဟေမာန်ဦးနှင့် အခြေခံကျန်းမာရေးပညာရှင်များက ဘိုးဘွားများအား မကူးစက်တတ်သော ရောဂါများအကြောင်း ကျန်းမာရေးပညာပေးခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ကုသမှုပေးခြင်း၊ သွားကျန်းမာရေးကုသပေးခြင်း၊ အာဟာရဒါနအဖြစ် ဆန်ပြုတ်တိုက်ကျွေးကာ ကြက်ဥများ လက်ဆောင်ပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လှမိုး(ပြန်/ဆက်)

### ဓာတ်ခွဲနမူနာစုစုပေါင်း ၃၁၇၆၇ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦးတွေ့ရှိ

ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၇-၁၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၁၉–၁၁–၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၆–၁၁–၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃၁,၇၆၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၁) ရာခိုင်နှုန်းဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www. moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### မြန်မာ့ပင်လယ်ပြင်

နေပြည်တော် နိုဝင်ဘာ ၂၇

မုတ္တမကွေ့၊ မွန်–တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့် ရှိမည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်– တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့်နှင့် မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# အီရန်တပ်မတော်က ဂါဇာဒေသခံများကို ဆေးဘက်ဆိုင်ရာအကူအညီများ ပေးအပ်မည်

**တီဟီရန် နိုဝင်ဘာ ၂၇**

အီရန်တပ်မတော်က ဂါဇာကမ်းမြောင်ဒေသရှိ ပြည်သူများအား ဆေးဘက်ဆိုင်ရာအကူအညီများ ပေးအပ်ရန် အသင့်ရှိကြောင်း အီရန်တပ်မတော် ထိပ်တန်းတပ်မှူးတစ်ဦးက နိုဝင်ဘာ ၂၆ ရက်တွင် ပြောကြားခဲ့သည်ဟု တရားဝင်သတင်းအေဂျင်စီ IRNA ၏ သတင်းတစ်ရပ်အရ သိရသည်။

အီရန်တပ်မတော် ထိပ်တန်းတပ်မှူး Abdolrahim Mousavi သည် ၎င်းအကူအညီပေးရေးတာဝန်ထမ်းဆောင်မည့် မြို့တော် တီဟီရန်ရှိ AJA (အစ္စလာမ္မစ်သမ္မတနိုင်ငံ) တပ်မတော် ဆေးသိပ္ပံတက္ကသိုလ်မှ ကျောင်းသားများနှင့် သူနာပြုများအား ဂုဏ်ပြုအမှာစကား ပြောကြားခဲ့သည်။

"ဂါဇာကမ်းမြောင်ရှိ ပါလက်စတိုင်းပြည်သူတွေကို ဆေးဝါးဆိုင်ရာ အကူအညီပေးဖို့ အဆင်သင့်ဖြစ်နေကြောင်း အီရန်အာဏာပိုင်တွေနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေကို အကြောင်းကြားထားပါတယ်" ဟု ၎င်းက ပြောကြားခဲ့သည်။

ပြီးခဲ့သည့် သီတင်းပတ်က စစ်ဘေးသင့် ဂါဇာကမ်းမြောင်သို့ စေတနာ့ဝန်ထမ်းသမားတော်များနှင့် သူနာပြုများအား စေလွှတ်ရန် အဆင်သင့်ဖြစ်နေပြီဟု အီရန် ကျန်းမာရေးဝန်ကြီး Bahram Einollahi က မှတ်ချက်ပြုပြောကြားသည်။

**လွှတ်ပေးမည်**

ဟားမတ်စ်နှင့် အစ္စရေးတို့သည် ဂါဇာကမ်းမြောင်ဒေသတွင် လေးရက်ကြာ အပစ်အခတ်ရပ်စဲရေးအတွက် ယခုသီတင်းပတ်အစောပိုင်းတွင် သဘောတူညီချက် တစ်ရပ်ရရှိခဲ့သည်။ ၎င်း သဘောတူညီချက်အရ ဟားမတ်စ်သည် အစ္စရေးတွင် ထိန်းသိမ်းခံထားရသော ပါလက်စတိုင်းအကျဉ်းသား ၁၅၀ ခန့်ကို လဲလှယ်ရန်အတွက် ဂါဇာမှ အစ္စရေးသုံ့ပန်း ၅၀ ထက်မနည်းကို လွှတ်ပေးမည်ဖြစ်သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**





# အစ္စရေးနှင့် လေးရက်ကြာ အပစ်အခတ်ရပ်စဲရေးကို သက်တမ်းတိုးရန် ဟားမတ်စ်အဖွဲ့ ကြိုးပမ်းလျက်ရှိ

**ဂျေရုဆလင် နိုဝင်ဘာ ၂၇**

ဟားမတ်စ်အဖွဲ့သည် အစ္စရေးနှင့် လေးရက်ကြာ အပစ်အခတ်ရပ်စဲရေးကို သက်တမ်းတိုးရန် ကြိုးပမ်းလျက်ရှိကြောင်း ဟားမတ်စ်၏ ထုတ်ပြန်ချက်ကို ကိုးကား၍ ဒေသဆိုင်ရာ မီဒီယာက ယနေ့ သတင်းဖော်ပြသည်။

ယာယီအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်သည် နိုဝင်ဘာ ၂၇ ရက် ညပိုင်းတွင် ပြီးဆုံးမည်ဖြစ်သည်။ အစ္စရေးနိုင်ငံ၌ အကျဉ်းကျနေသော ပါလက်စတိုင်းနိုင်ငံသားများ ထပ်မံပြန်လည်လွတ်မြောက်လာစေရေးအတွက် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို သက်တမ်းတိုးရန် ဟားမတ်စ်အဖွဲ့က မျှော်လင့်လျက်ရှိသည်။

ဂါဇာကမ်းမြောင်ဒေသ၌ လေးရက်ကြာ အပစ်အခတ်ရပ်စဲရေးတွင် ကယ်ဆယ်ရေးနှင့် လောင်စာဆီများ သယ်ဆောင်လာသော ကယ်ဆယ်ရေး ထရပ်ကားများသည် ရာဖာနယ်စပ်ဖြတ်ကျော်ကာ ဂါဇာသို့ ရောက်ရှိခဲ့သည်။

အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အရ ဟားမတ်စ်က ဓားစာခံ အမျိုးသမီးများနှင့် အရွယ်မရောက်သေးသူ ကလေးငယ် စုစုပေါင်း ၅၀ ကို လွှတ်ပေးမည်ဟု ကတိပြုခဲ့သည်။

ယာယီအပစ်အခတ်ရပ်စဲရေး တတိယမြောက်နေ့တွင် ဓားစာခံများကို တတိယသုတ်အဖြစ် နိုင်ငံတကာ ကြက်ခြေနီအဖွဲ့လက်သို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ၎င်းတို့အနက် အစ္စရေးနိုင်ငံသား ၁၄ ဦးနှင့် နိုင်ငံခြားသား သုံးဦးတို့ ပါဝင်သည်။

အပြန်အလှန်အားဖြင့် ပါလက်စတိုင်း အမျိုးသမီးနှင့် ကလေး ၁၅၀ ခန့်ကို အစ္စရေးအကျဉ်းထောင်များမှ လွှတ်ပေးမည်ဟု အစ္စရေးတပ်မတော်က ကတိပြုခဲ့သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ဟားမတ်စ်အဖွဲ့က ဓားစာခံ ၁၇ ဦးကို တတိယသုတ်အဖြစ် လွှတ်ပေး

**ဂျေရုဆလင် နိုဝင်ဘာ ၂၇**

အစ္စရေးနှင့် ယာယီအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အရ ဟားမတ်စ်အဖွဲ့က ဓားစာခံ ၁၇ ဦးကို တတိယသုတ်အဖြစ် ယနေ့လွှတ်ပေးခဲ့ကြောင်း သိရသည်။

**လွှဲပြောင်းပေးအပ်**

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အပစ်အခတ်ရပ်စဲရေး မူဘောင်အတွင်း အစ္စရေးနိုင်ငံသား ၁၃ ဦး၊ ထိုင်း သုံးဦး၊ ရုရှားတစ်ဦးတို့ကို ကြက်ခြေနီအဖွဲ့ထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

အစ္စရေးတပ်မတော်သည် အမျိုးသမီးလေးဦးနှင့် ကလေးကိုးဦးအပါအဝင် ဓားစာခံ ၁၃ ဦးကို အပြည်ပြည်ဆိုင်ရာကြက်ခြေနီ ကော်မတီထံမှ လက်ခံရရှိခဲ့ကြောင်း သိရသည်။ ယင်းတို့အနက် အသက်အငယ်ဆုံးမှာ လေးနှစ်အရွယ် ကလေးငယ်ဖြစ်သည်။

ကျန်းမာရေးမကောင်းသည့် အသက် ၈၄ နှစ်အရွယ် အမျိုးသမီးတစ်ဦးကို အစ္စရေးနိုင်ငံတောင်ပိုင်း ဘီယာရှီဗာမြို့ရှိ ဆိုရိုကာဆေးရုံသို့ တိုက်ရိုက်ပို့ဆောင်ခဲ့သည်။

**ထုတ်ပြန်ကြေညာ**

အလားတူ အစ္စရေး အကျဉ်းဦးစီးဌာန သည် ဂျေရုဆလင်မှ ၂၁ ဦး၊ ဂါဇာကမ်းမြောင်မှ တစ်ဦးနှင့် အနောက်ဘက်ကမ်းမှ ကျန်တစ်ဦး အပါ အဝင် ပါလက်စတိုင်း အကျဉ်းသား ၃၉ ဦး၏စာရင်းကို နိုဝင်ဘာ ၂၇ ရက် ညနေပိုင်းတွင် ထုတ်ပြန်ကြေညာခဲ့သည်။

တစ်ချိန်တည်းမှာပင် လက်ရှိအပစ်အခတ်ရပ်စဲရေးကာလကို သက်တမ်းတိုးရန် ကြိုးပမ်းမှုများ လုပ်ဆောင်လျက်ရှိကြောင်း ပါလက်စတိုင်း သတင်းရင်းမြစ်များက ဆိုသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**





# ကမ္ဘောဒီးယားနိုင်ငံ၌ လှေပြိုင်ပွဲကျင်းပ

**ဖနောင်ပင် နိုဝင်ဘာ ၂၇**

ကမ္ဘောဒီးယားနိုင်ငံ၏ အကြီးကျယ်ဆုံးသော နှစ်စဉ်ကျင်းပမြဲဖြစ်သော လှေပြိုင်ပွဲအခမ်းအနားကို ကိုဗစ်-၁၉ကပ်ရောဂါကြောင့် သုံးနှစ်ကြာ ရပ်နားထားရပြီးနောက် နိုဝင်ဘာ ၂၆ ရက်တွင် ပြန်လည်ကျင်းပခဲ့ကြောင်း သိရသည်။

နိုင်ငံတစ်ဝန်းမှလှေပြိုင်ပွဲလာရောက်ယှဉ်ပြိုင်သူများနှင့် ပရိသတ်များဖြင့် မြို့တော် ဖနောင်ပင်ရှိ မြစ်ကမ်းပါးတွင် စည်ကားနေသည်ကို တွေ့ရှိရသည်။

လှေလှော်အဖွဲ့ဝင် ၂၀၄၁၇ ဦးခန့် ပါဝင်သော လှေ ၃၃၇ စင်းသည် ယခုနှစ်လှေပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း လှေပြိုင်ပွဲ နည်းစနစ်ထိန်းချုပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ Bou Chumserey က ပြောကြားသည်။

ယခုကျင်းပသည့် လှေပြိုင်ပွဲသည် ၁၁ ရာစုနှောင်းပိုင်းတွင် ရှေးခမာအင်ပါယာအတွင်း အင်အားကြီးမားသော ခမာရေတပ်ဖွဲ့၏ အင်အားကိုဂုဏ်ပြု ပြသရာရောက်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ကမ္ဘောဒီးယားဘုရင် နိုရိုဒွန်ဆီဟာမိုနီသည် ဝန်ကြီးချုပ်ဟွန်မာနက်အပါအဝင် အခြားတာဝန်ရှိသူများနှင့်အတူ တော်ဝင်နန်းတော်ရှေ့ မြစ်ကမ်းပါးရှိ စင်မြင့်မှ လှေပြိုင်ပွဲကို နိုဝင်ဘာ ၂၆ ရက်တွင် အားပေးကြည့်ရှုခဲ့သည်။

နေ့ခင်းဘက်တွင် လှေပြိုင်ပွဲကို ကြည့်ရှုခြင်းအပြင် ပွဲတော်လာသူများသည် မီးမျှောပွဲများနှင့် ညအချိန်တွင် ဖျော်ဖြေပွဲများပါ ခံစားနိုင်သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် နိုဝင်ဘာ ၂၇

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ 'ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ "မရိုးနိုင်တဲ့ ဘဏ်ကောလာဟလ" ခေါင်းစဉ်ဖြင့် နိုဝင်ဘာ ၂၉ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ပျော်ရွှင်ဆင်နွှဲတန်ဆောင်တိုင်ပွဲ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်




## တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၂၇

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၂၄ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်(သွင်းကုန်)၌ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် iPad (Used) ၂၅ လုံး အပါအဝင် ကုန်ပစ္စည်း ၁၅ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၆၀၀၀၀) ကိုလည်းကောင်း၊ နိုဝင်ဘာ ၂၅ ရက်တွင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်(သွင်းကုန်)၌ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Curtain Fabric ၈၈၈ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၈၀၀၀၀) ကိုလည်းကောင်း၊ ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ မော်လမြိုင်မြို့သို့ မောင်းနှင်လာသောယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Lipovitan-D အားဖြည့်အချိုရည်ပုလင်း ၂၅၀၀၊ Nakita Digital မီးဖိုအလုံး ၆၀ အပါအဝင် ကုန်ပစ္စည်း လေးမျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၆၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota Hiace တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၀၀၀၀၀၀) ကိုလည်းကောင်း (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၉၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၂၅ ရက်တွင် မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၈၆ x ၈၇ လမ်းကြား ၁၁ လမ်းရှိ ဂိုဒေါင်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် KinoKi အဆိပ်ထုတ်ခြေဖဝါးကပ်ခွာအထုပ် ၁၀၀၀၀၊ DR.HAKEM မက်မွန်သီးခေါင်းလိမ်းဆီ ၁၇၂၈ ဘူး အပါအဝင် ကုန်ပစ္စည်း ၁၆ မျိုး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၁၆၈၈၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်(သွင်းကုန်)၌ သိမ်းဆည်းရမိမှု။

အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၂၅ ရက်တွင် ညောင်ခါးရှည်X-Ray စက်စစ်ဆေးရေးဂိတ်၌ မော်လမြိုင်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသောယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ပုစွန်နှစ်ကောင် ဟင်းသီးဟင်းရွက်ဆီ တစ်လီတာပါဘူး ၆၀၀၊ ပုစွန်တစ်ကောင် ဟင်းသီးဟင်းရွက်ဆီ ၁၈လီတာပါ ပုံး ၂၀ အပါအဝင် ကုန်ပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Scania Busတစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ နိုဝင်ဘာ ၂၆ ရက်တွင် ညောင်လေးပင်ခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် သုည ဒသမ ၃၄၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၄၅၃၂)ကို သစ်တောဥပဒေအရလည်းကောင်း (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၅၇၄၅၃၂)ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုဝင်ဘာ ၂၄ ရက်၊ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၀ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၁၆၄၃၃၃၂)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၈-၁၁-၂၀၂၂ အင်္ဂါနေ့

**MRTV HD**

- ၀၆:၀၀ ပင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော် (မေတ္တသုတ်၊ ခန္ဓသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ 'ရိက္ခာပြည့်ဖြိုးဝင်ငွေတိုး ဖူလုံကြွယ်ဝသားငါးကဏ္ဍမှသည်'
- ၀၉:၁၅ ထူးခြားစုံလင်အာရုံစိမ့်ဖိတ်အစီအစဉ်
- ၀၉:၄၀ Sports Diary
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဆုတောင်းပြည့်ကြယ်တာရာစတာလာ' (အပိုင်း-၁၃)
- ၁၃:၃၀ MRTV National News
- ၁၄:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ဘတ်စကက်ဘောအက်ဆေး'** (အပိုင်း-၃၀)
- ၁၅:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ချစ်ဝန်းရန့်လွင့်ပျံ့အမှုန်း'** (အပိုင်း-၆၈)
- ၁၅:၃၀ Weekly MNL Review
- ၁၆:၃၅ 'ကမ္ဘာတစ်လွှားအနုပညာသတင်းများ'
- ၁၇:၂၀ 'တစ်နိုင်တစ်ပိုင်မှသည်နွေးထွေးသော အသိုက်အဝန်းဆီသို့'
- ၁၇:၄၀ အမျိုးသမီးများအပေါ်အကြမ်းဖက်မှု ပပျောက်ရေးနေ့(၁၆)ရက်တာလှုပ်ရှားမှု
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ချိုမြမြန်မာတေးအလှ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ဘတ်စကက်ဘောအက်ဆေး'** (အပိုင်း-၃၁)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ချိုမြမြန်မာတေးအလှ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'တားဆီးကျော်ဖြတ်စုံဝင်းဇော်ထုတ်'** (အပိုင်း-၁၈)

**mitv**

- 07:02 Evergreen Classic: Dhamma Settkyar (Nan Sandi)
- 07:11 Xylophones' Home
- 07:32 One of the Useful Purposes of Bamboo
- 07:41 Image Of The Monks
- 08:01 News
- 08:26 Frishery Products: Pickled Prawn Business
- 08:40 History Of Wishfulfilling Mai-Lamu Pagoda
- 09:01 A Special Moment with A Man of Versatility (Epi-2) Personal & Artistic Life
- 09:35 Listening Pleasure, Instrumental Music (Myanmar Harp) Thida Yadana
- 09:48 Tastes of Home Land: Sour and Spicy Crab
- 10:01 News
- 10:27 Myanmar Puppet

**MRTV NRC**

**မွန် (၀၆:၀၀ မှ ၀၈:၀၀)**
အပန်းဖြေကြည့်သဘာဝကျောက်ပန်းချီကမ်းခြေဆီ

**ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)**
ဖြစ်တည်ထူးခြားစိတ်ဝင်စားဖွယ်ရာများ(မီးမြတ်တိုက်)

**ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)**
ပဒုမ္မာကြာသက်န်း

**ဝ (၁၂:၀၀ မှ ၁၄:၀၀)**
ပျော်ရွှင်စရာ 'ဝ' ရိုးရာစကောထမင်းဝိုင်း

**ကချင် (၁၄:၀၀ မှ ၁၆:၀၀)**
ခုနှစ်ရိုးရာဝတ်စားဆင်ယင်ပုံအဆင့်ဆင့်

**ကယား (၁၆:၀၀ မှ ၁၈:၀၀)**
သဘာဝကပေးအသက်ရှင်ဆေး

**ဝကကမရင် (၁၈:၀၀ မှ ၁၉:၀၀)**
ပျောက်ကွယ်လုနီးပါး ဂေဘားတိုင်းရင်းသားတို့၏ တင်းဝါးပလွေများ

**အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)**
အနောက်တောင်အရပ်ဆီကတိုင်းကြီးကျွန်း

**အရှေ့ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)**
ကောင်းမှုကောင်းဖာကဖောင်း

**ချင်း (ဖိုင်ဇိုး) (၂၁:၀၀ မှ ၂၂:၀၀)**
ချင်းဘာသာစကားပြောကြရအောင် (အပိုင်း-၂)

**ချင်း (ချိုး) (၂၂:၀၀ မှ ၂၃:၀၀)**
တိုးတက်မြင့်တင်ချင်းတောင်တန်းက စိုက်ပျိုးစီးပွားအသွင်အပြင်

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၄၅ ECONOMIC REVIEW
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၄၅ Save Our Planet Program
- ၁၀:၄၅ အသိပညာနှင့်အမှန်တရား
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ဒိုက်'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ အင်ဒိုနီးရှားနိုင်ငံ၏အဂတိတိုက်ဖျက်ရေးအကြောင်း
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဂျာမနီနိုင်ငံ)
- ၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၁၆)

**MRTV FARMERS' HTV**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၅ နိုင်ငံ့စီးပွားမြင့်မားဖို့စိုက်ပျိုးမွေးကဏ္ဍမြှင့်တင်စို့
- ၀၆:၅၅ သက်ရှိလောကသာယာလှပဖို့သဘာဝ ပတ်ဝန်းကျင်ကို ထိန်းသိမ်းကြပါစို့
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ Hidden Figures (နိုင်ငံခြားဇာတ်လမ်း)
- ၂၂:၀၀ ရုပ်လီကေသာ(ဇာတ်လမ်း)

**MRTV SPORTS HTV**

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက် လမ်းပြကြယ်
- ၀၆:၅၀ Sports Diary
- ၁၆:၃၀ MNL 2022 Match (Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၉:၃၅ Weekly MNL Review

MRTV Application
Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။
https://mrtv.gov.mm

သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

**ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၆)ရပ်ကွက်၊ Hiway Complex အိမ်ရာ၊ (၁၂)ခန်းတွဲ (၆)ထပ်တိုက်အမျိုးအစား၊ နှင်းဆီလမ်း၊ တိုက်အမှတ်(C)၊ အခန်းအမှတ်(၃၀၉) တတိယထပ်/၄-လွှာ၊ (၁၂၅၀)စတုရန်းပေခန့်ရှိသည့် ဒေါ်ရီရီမြင့်(၁၄/ဟသတ(နိုင်)၁၂၄၁၉၉)အမည်ပေါက် တိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း**

အထက်ပါတိုက်ခန်းကို မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ စုပေါင်းပိုင်အဆောက်အအုံပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ်တွင် တရားဝင်အမည်ပေါက်သူ-ဒေါ်ရီရီမြင့်(၁၄/ဟသတ(နိုင်)၁၂၄၁၉၉)က အရှုပ်အရှင်းကင်းရှင်းစွာ လက်ဝယ်ထားရှိပိုင်ဆိုင်ပါကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)များပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့် ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။ (လွှဲအပ်ညွှန်ကြားချက်များအရ)

**ဦးသန့်ဇင် (LL-B)**
အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈)
Ph-09 253995848 , 09-798420119

**ဒေါ်ဟန်နွေနိုင်(LL-B)**
အထက်တန်းရှေ့နေ(စဉ်-၂၇၄၄)
Ph-09-4200 73685

အမှတ်(၅၀)၊ပထမထပ်၊အခန်း(D-2) ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဆ)ရပ်ကွက်၊ သုနန္ဒာ (၁၂)လမ်း၊ အမှတ်(၁၉၃)နေ ဒေါ်ငုဝါငြိမ်း [၁၂/အစန(နိုင်)၁၉၄၅၇၂] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂) ရပ်ကွက်၊ သုဇီတာလမ်း၊ အမှတ် (၈၈၉/က) မြေအကျယ်အဝန်း(၂၀x ၆၀)ပေရှိ ဦးစိုးအေး၊ ဒေါ်ရင်ရင်အေး အမည်ပေါက်ရောက်သည့် နှစ်(၆၀) ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (အလျား ၁၈'x အနံ ၅၅') အကျယ်အဝန်းရှိ (၁)ခန်းတွဲ (၆)ထပ်၊ တိုက်ခန်း (၆)ခန်းပါဝင်သည့် အဆောက်အအုံရှိ (၆)လွှာ၊ ပဉ္စမထပ်၊ တိုက်ခန်း (၁)ခန်းအပါအဝင် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယခုအပိုင်ရောင်းချသူ ဦးဇော်မင်းနိုင် [၁၂/ဥကမ(နိုင်)၁၂၆၂၂၆] ကိုင်ဆောင်သူမှ အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး အခြားသူတစ်ဦးတစ်ယောက်အား ထပ်မံရောင်းချထားခြင်းမပြုကြောင်း ဝန်ခံကတိပြုလျက် အဆိုပါတိုက်ခန်းအား ရောင်းချရန် အဆိုပြုကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ကြောင်းနှင့် ဖော်ပြပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၅)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါတိုက်ခန်းနှင့် အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ပြည့်ပြည့်လှိုင်ထွန်း (စဉ်-၁၈၀၃၈)**
**တရားလွှတ်တော်ရှေ့နေ**
**(LL.B,D.B.L, D.I.P.L,D.M.L,D.C.W.E;)**
**တိုက်အမှတ် (၁၁၅)၊ အခန်း(၂၀၂)၊ ဒုတိယထပ်၊ သုမင်္ဂလာလမ်းမကြီး၊ (စ) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၄၂၁၁၂၃၄၇၇၊ ၀၉-၂၆၀၀၈၇၇၇၅(Viber)**

## (၁၂-၁၁-၂၀၂၃)ရက်စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ-၂၄ ပါ ဒေါ်ခင်သန်းဝင်း၏ ကြေညာချက်အပေါ် ပြန်လည်အသိပေး ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်နေ ဒေါ်စုချင်းရီ(ခ)မနှင်းမှုန်၏ အခွင့်ရကိုယ်စားလှယ်ဖြစ်သူ ဒေါ်မြင့်မြင့်မူ၏ လွှဲအပ်ညွှန်ကြားချက်အရ ပြန်လည်အသိပေး ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ ကျောက်ရေတွင်းလမ်း၊ အမှတ်- ၂၃ မြေညီထပ် (လက်ဝဲဘက်)အခန်းနှင့်ပတ်သက်၍ ဒေါ်ခင်သန်းဝင်းမှ ဒေါ်စုချင်းရီ(ခ)မနှင်းမှုန်အပေါ် သဃ်ာန်းကျွန်းခရိုင်တရားရုံးတွင် ၂၀၂၂ ခုနှစ်၊ တရားမကြီးအမှု အမှတ်- ၆၀၈ ဖြင့် တရားစွဲဆိုခဲ့ရာ (၂၀-၇-၂၀၂၃)ရက်နေ့တွင် သဃ်ာန်းကျွန်းခရိုင်တရားရုံးက ဒေါ်ခင်သန်းဝင်း (ခ) ကျော်ဝေချိုင်အား ၎င်းတောင်းဆိုသည့် သက်သာခွင့်အတိုင်း အမိန့်ချမှတ်ပေးခဲ့ပါသည်။

ထိုအမိန့်အားပယ်ဖျက်ပေးပါရန် ဒေါ်စုချင်းရီ(ခ)မနှင်းမှုန်မှ ဒေါ်ခင်သန်းဝင်း(ခ)ကျော်ဝေချိုင်အပေါ် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်သို့ တရားမပြင်ဆင်မှုတင်သွင်းခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်မှ ၂၀၂၃ ခုနှစ်၊ တရားမပြင်ဆင်မှုနံပါတ်- ၅၀၂ ဖြင့် အမှုလက်ခံပြီး သဃ်ာန်းကျွန်းခရိုင်တရားရုံးတော်ရှိ ၂၀၂၂ခုနှစ်၊ တရားမကြီးမှု အမှတ်-၆၀၈ အမှုတွဲအား တောင်းယူသွားခဲ့ပြီးဖြစ်ပါကြောင်း အများသိစေရန် ပြန်လည်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇာခြည်ဝင်း(LL.B,LL.M) (စဉ်-၈၂၉၁)**
**တရားလွှတ်တော်ရှေ့နေ**
**တိုက်-(၇)၊ အခန်း-(၈)၊ မြေညီ၊ နေကြာသာယာကုန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း။ ။ ၀၉-၅၁၃၀၉၇၃၊ ၀၉-၉၇၄၅၃၃၇၁၂**

## ငြင်းချက်ထုတ်ရန် ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ ၁ နှင့် ၅)
## သဃ်ာန်းကျွန်းခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၂၂၈

| | | |
|---|---|---|
| ရိုးမဘဏ်လီမိတက် (၎င်း၏ကိုယ်စားဘဏ်ခွဲမန်နေဂျာ ဒေါ်အေးအေးသီ) | နှင့် | ၁။ ဦးဝင်းဇော်ထိုက် ၂။ ဒေါ်အေးနန္ဒာထွေး |
| **တရားလို** | | **တရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၃)ရပ်ကွက်၊ ကျေးတမာလမ်း၊ အမှတ် (၂၅၅)နေ တရားပြိုင်များ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ချေးငွေအပေါ် အပေါင်ဒီကရီရလိုမှု"ဖြင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၆ ရက် (၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၉ ရက်)နေ့ မွန်းမတည့်မီ (၁၀း၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၁၃)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဇင်ဇင်ခိုင်)**
**ဒုတိယခရိုင်တရားသူကြီး (၁)**
**သဃ်ာန်းကျွန်းခရိုင်တရားရုံး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်တံခါးမြို့နယ်၊ အ.ထ.က (ဘာဘူကုန်း)မှ ဒုတိယအလယ်တန်းပြ နော်ဥမ္မာခိုင်နှင့် ဒေါ်နော်ဥမ္မာခိုင် [၇/ကတခ(နိုင်)၁၃၃၈၂၃]သည် တစ်ဦးတည်းဖြစ်ပြီး၊ ၎င်း၏ဖခင် စောသန်းထွန်းမြင့်(ခ) ဦးစောသန်းထွန်းမြင့်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်တံခါးမြို့နယ်၊ အ.လ.က (ခွဲ) (ကဘောပလော)မှ မူလတန်းကျောင်းအုပ် စောအယ်ဟေနှင့် ဦးစောအယ်ဟေ [၇/ကတခ(နိုင်)၁၅၇၂၀၆]သည် တစ်ဦးတည်းဖြစ်ပြီး၊ ၎င်း၏ဖခင် စောအဲမယ် (ခ) ဦးစောအဲမယ်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ရတနာ
သစ်တော
ပြည့်သွေး
ကြော
သစ်တော
ရတနာ
ထိန်းသိမ်း
ပါ

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၃)၊ လူနေရပ်ကွက်အမှတ်(၁၀)ရပ်ကွက်၊ မြဟေဝန်ပန်းခြံလမ်းရှိ

(၁) မြေကွက်အမှတ်( ၇၂၇/က )၊ဧရိယာ(၂၀' × ၆၀')ရှိ ဦးတင်စိုး (TKA-၀၀၁၉၈၇)အမည်ပေါက်ပါမစ်မြေကွက်နှင့်မြေပေါ်ရှိနေအိမ်

(၂) မြေကွက်အမှတ်( ၇၂၇/ခ )၊ဧရိယာ(၂၀' × ၆၀')ရှိ ဦးမြင့်ဌေး(N/KGN-၀၁၀၃၃၉)အမည်ပေါက်ပါမစ်မြေကွက်နှင့်မြေပေါ်ရှိနေအိမ်

တို့ကိုအရောင်းအဝယ်သဘောတူကတိစာချုပ်(အဆက်ဆက်)အရ ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်စန္ဒာမွန်(၁၂/ရပသ(နိုင်)၀၃၄၉၃၉)က အရှုပ်အရှင်းကင်းရှင်းစွာဖြင့် လက်ဝယ်ထားရှိပိုင်ဆိုင်ပါကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)ပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်(၂)ကွက်၊နေအိမ်တို့နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ(၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်နေ့ရက်ကျော်လွန်ပါက မြေကွက်(၂)ကွက်နှင့်နေအိမ်များ အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာပါသည်။ ( လွှဲအပ်ညွှန်ကြားချက်များအရ )

**ဦးသန့်ဇင် (LL-B)**
အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈)
Ph-09 253995848 , 09-798420119

**ဒေါ်ဟန်နွေနိုင်( LL-B )**
အထက်တန်းရှေ့နေ(စဉ်-၂၇၄၄)
Ph-09-4200 73685

အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## သားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ကျောင်းကုန်းမြို့နယ်၊ ကညင်သုံးဆင့်ကျေးရွာအုပ်စု၊ တောင်စုကျေးရွာနေ အဖ ဦးကျော်ဦး- အမိ ဒေါ်လှလှမြင့်တို့၏ သားကြီးဖြစ်သူ မောင်လှိုင်မျိုးထက်သည် မိဘနှစ်ပါးတို့၏ဆိုဆုံးမမှုကို နားမထောင်ဘဲ မိဘတို့အား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်သည့်အပြင် မိဘတို့မှ ခွင့်မလွှတ်နိုင်သည့်ကိစ္စများကို မိမိဆန္ဒအလျောက် ထပ်မံပြုမူလာပါသဖြင့် ကျွန်တော် ကျွန်မတို့၏ သားဖြစ်သူ မောင်လှိုင်မျိုးထက်အား ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်အဖြစ် အပြီးအပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စများကိုမျှ (လုံး၀)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဖခင် ဦးကျော်ဦး** - **မိခင် ဒေါ်လှလှမြင့်**
**[၁၄/ကကန(နိုင်)၀၉၁၇၁၃]** **[၁၄/ကကန(နိုင်)၀၉၁၇၆၃]**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၅)၊ မြေကွက်အမှတ်(၁၄၂၇)၊ နတ်မောက်လမ်းဟုခေါ်တွင်သော (၄၀'x၆၀')အကျယ်ရှိပါမစ်မြေကွက်မှာ ဒေါ်မြခင်အမည်ပေါက် ပါမစ်မြေကွက်ကြီးထဲမှ တရားဝင်မခွဲစိတ်ရသေးသော ခေါင်းရင်းဘက်ခြမ်း(၂၀'x၆၀')အကျယ်ရှိ(ပါမစ်မူရင်းခြမ်း)မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်အိခိုင်ဝင်း[၇/မလန(နိုင်)၀၇၆၀၀၀] မှ မိမိသာပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းစွာဖြင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ထုတ်ဖော်ကမ်းလှမ်းပြောဆိုချက်အရ ကျွန်ုပ်မိတ်ဆွေမှ အပိုင်ဝယ်ယူရန်အတွက် စရန်ငွေများပေးချေထားပြီးဖြစ်ရာ အဆိုပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ကြည်မွန်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၀၅၂)**
**Ph:09-43114141,09-400101414**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ (၁၁) ရပ်ကွက်၊ ပြည်လမ်းနှင့်ရွှေဟင်္သာလမ်းထောင့်၊ အမှတ်(၅၁-က-၁) နှင့် အမှတ် (၅၁-က-၂) ရှိ ရွှေဟင်္သာအဆင့်မြင့်အိမ်ရာ၊ အဆောက်အဦအမှတ် (C2) (Crystal Jade Tower) မှ (၇)ထပ်ရှိ အခန်းအမှတ် (07-15)၊ (၁၅၀၀) စတုရန်းပေ အကျယ်ရှိ ကွန်ဒိုတိုက်ခန်းနှင့် တိုက်ခန်းအတွင်း ပါဝင်သော ပရိဘောဂပစ္စည်းများနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ထားရှိ ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးလှဦး [၁၂/ဗဟန(နိုင်)၀၀၄၁၈၉] + ဒေါ်ထားသန့်ဇင် [၁၂/စခန(နိုင်)၀၀၂၉၄၁] တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင် ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု စာချုပ်စာတမ်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာမာ (တရားလွှတ်တော်ရှေ့နေ စဉ်-၁၃၄၈၆)**
**B.Econ, H.G.P, D.B.L, P.G.D.L, D.L.101,WIPO (Geneva).**
**အမှတ်(၁၀၂/က)၊ မဟာဗောဂလမ်း၊ (၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၃၀၃၅၆၅၈၊ ၀၉-၇၆၆၁၇၉၃၉၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၇၄လမ်းနှင့်ကျန်စစ်သားလမ်းထောင့်၊ အမှတ်(HA/15B)၊ (၄၂)ရပ်ကွက်ရှိ GENUINE AUTO COMPANY၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်များကို ရန်ကုန်မြို့တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် စာချုပ်အမှတ် ၁၃၈၈၇/၂၀၁၆ ဖြင့် မှတ်ပုံတင်ထားပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနတွင် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေအရ ထပ်မံ၍ မှတ်ပုံတင်လျှောက်ထားပြီးဖြစ်ပါသည်။

GENUINE AUTO COMPANY သည် အထက်ပါကုန်အမှတ်တံဆိပ်များဖြင့် BAJAJ RE သုံးဘီးယာဉ်နှင့် စစ်မှန်သော အပိုပစ္စည်းများကို တရားဝင်တင်သွင်းခွင့်ရရှိ၍ တစ်ဦးတည်းမူပိုင်ဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ဖြန့်ချီရောင်းချလျက်ရှိပါသည်။

လက်ရှိအချိန်တွင် BAJAJ RE အမှတ်တံဆိပ်များကို အသုံးပြု၍ ဆင်တူယိုးမှား ပစ္စည်းများအဖြစ် အတုပြုလုပ်ဖန်တီးကာ ဈေးကွက်အတွင်း ပုံမှားရိုက်၍သော်လည်းကောင်း၊ တရားမဝင် တင်သွင်း၍ သော်လည်းကောင်း သုံးစွဲသူမိဘပြည်သူများကို ရောင်းချလျက်ရှိကြောင်း အထောက်အထားများနှင့်တကွ သိရှိရပါသည်။

ဆင်တူယိုးမှားအတုပြုလုပ်ထားသည့် အရည်အသွေးနိမ့် ပစ္စည်းများကို ဈေးကွက်ထဲတွင် မိဘပြည်သူများ ဝယ်ယူသုံးစွဲနေရခြင်းကြောင့် သုံးစွဲသူမိဘပြည်သူများမှာ ထိခိုက်နစ်နာလျက်ရှိပါသည်။

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်များကို တိုက်ရိုက်သော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုလည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ သံတူကြောင်းကွဲ၊ ဆင်တူယိုးမှား အတုပြုလုပ်၍ ရောင်းချခြင်း၊ တရားမဝင် တင်သွင်းရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်း တစ်နည်းနည်းဖြင့် မပြုလုပ်ကြရန် သတိပေးတားမြစ်ကြေညာအပ်ပါသည်။

အကယ်၍ သတိပေးတားမြစ်ကြေညာချက်ကို လိုက်နာခြင်းမပြုပါဘဲ ဆက်လက်ကျူးလွန်နေပါက ကျူးလွန်သူများနှင့်အားပေးကူညီသူများအပေါ် တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| **ဦးကျော်သူဆန်း(LL.B)** | **ဦးကျော်စွာမင်း(LL.B)** | **ဦးဇင်သူကို(LL.B)** |
|---|---|---|
| **(စဉ်-၁၅၁၉၀/၂၇-၁၂-၂၀၁၈)** | **(စဉ်-၁၁၁၆၉/၂၀-၉-၂၀၁၆)** | **(စဉ်-၁၁၆၅၅/၁၅-၁၂-၂၀၁၆)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၃၇၄)၊ ဂွန္တန်ရပ်၊ ၈၃လမ်း၊ ၃၁-၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း-၀၉-၄၅၅၄၇၇၅၅၆**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်သန်းနွဲ့
## အသက် (၇၅) နှစ်

မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဆရာကြီးဦးစိုးဝင်း၏ ဇနီးဖြစ်သူ ဆရာမကြီး ဒေါ်ခင်သန်းနွဲ့ အသက် (၇၅) နှစ်သည် ၂၇-၁၁-၂၀၂၃ ရက် (တနင်္လာနေ့)တွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်သန်းနွဲ့
## အသက် (၇၅) နှစ်

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ အဖွဲ့ဝင် ဆရာကြီးဦးစိုးဝင်း၏ ဇနီးဖြစ်သူ ဆရာမကြီး ဒေါ်ခင်သန်းနွဲ့ အသက် (၇၅) နှစ်သည် ၂၇-၁၁-၂၀၂၃ ရက် (တနင်္လာနေ့)တွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့<br>ကျန်းမာရေးဝန်ကြီးဌာန

## အားကစား
## မြှင့်တင်
## စိတ်
## လန်းရွှင်
## ဆန့်ကျင်
## မူးယစ်
## ဆေး

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်သန်းနွဲ့
## အသက် (၇၅) နှစ်

ဆရာကြီးဦးစိုးဝင်း (မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်းဗဟို ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ အဖွဲ့ဝင်) ၏ ဇနီးဖြစ်သူ ဆရာမကြီး ဒေါ်ခင်သန်းနွဲ့ အသက်(၇၅) နှစ်သည် ၂၇-၁၁-၂၀၂၃ ရက် (တနင်္လာနေ့)တွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့်<br>ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်သန်းနွဲ့
## အသက် (၇၅) နှစ်

မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းဗဟို ဥက္ကဋ္ဌ ဆရာကြီးဦးစိုးဝင်း၏ ဇနီးဖြစ်သူ ဆရာမကြီး ဒေါ်ခင်သန်းနွဲ့ အသက် (၇၅) နှစ်သည် ၂၇-၁၁-၂၀၂၃ ရက် (တနင်္လာနေ့)တွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို)

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်သန်းနွဲ့
## အသက် (၇၅) နှစ်

ဆရာကြီးဦးစိုးဝင်း (မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်းဗဟို ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ အဖွဲ့ဝင်) ၏ ဇနီးဖြစ်သူ ဆရာမကြီး ဒေါ်ခင်သန်းနွဲ့ အသက် (၇၅) နှစ် သည် ၂၇-၁၁-၂၀၂၃ ရက် (တနင်္လာနေ့)တွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးမောင်မောင်ဦးနှင့်မိသားစု<br>ဂရိတ်ဝေါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

## ဦးဘခက်(ရဲဘော် ဘခက်)

**အတိုင်ပင်ခံပုဂ္ဂိုလ်**

**မြို့မကျောင်းသား/ကျောင်းသူဟောင်းအသင်း**

## အသက်(၈၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ် (၁၄-ခ)နေ ဒေါ်ခင်မေဦး၏ ခင်ပွန်းသည် ၂၄-၁၁-၂၀၂၃ ရက် မွန်းလွဲ ၂:၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း မြို့မ မိသားစုများအား အသိပေးအကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ရှင်သိဒတ်(၁၂)လမ်း၊ အမှတ်(၆၇၈/ခ)၊ (၆)ထပ်တိုက်၏ (၆-လွှာ)တိုက်ခန်းနှင့် တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဒေါ်စုစုနိုင် [၁၂/သဃက(နိုင်)၁၆၄၀၅၈]မှ မိမိသာလျှင် တရားဝင်ပိုင်ဆိုင် ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး ဖော်ပြပါတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အခြားသူတစ်ဦးတစ်ယောက်ထံ ရောင်းချ၊ ပေါင်နှံ၊ စွန့်လွှတ်၊ ပေးကမ်း၊ လွှဲအပ်ထားခြင်းတို့မှကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်မိတ်ဆွေ ဒေါ်မေသက်ခိုင် [၁၂/ဗဟန(နိုင်)၁၀၄၁၉၇]အား ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား (စရန်ငွေ)အဖြစ် ဒေါ်စုစုနိုင်ထံ ပေးချေထားပြီးဖြစ်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇-ရက်)အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါ တိုက်ခန်း၏ အရောင်းအဝယ်ကိစ္စရပ်များအား ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ဆုမြတ်အောင် (တရားလွှတ်တော်ရှေ့နေ) စဉ်-၈၄၅၇**

**LL.B, D.B.L, D.I.L, D.I.P.L, Dip in Global English**

**PGDCWE, DL-DIP (101,202,302,317) (Switzerland)**

**အမှတ်(၁၃၂၅)၊ ရွှေပြည်သာ(၆)လမ်း၊ (၃၂)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။**

**ဖုန်း- ၀၉-၅၀၂၅၅၈၃၊ ၀၉-၉၆၅၀၂၅၅၈၃၊ ၀၉-၄၄၅၄၄၄၄၃၃**

## ဒေါ်တင်ဥ (ဝါးခယ်မ)

**B.Sc, Dip.Ed**

**အ.မ.က-၁ သာကေတ၊ အ.ထ.က-၃ ဗန်းမော်၊**

**အ.ထ.က-၁ ဗန်းမော်၊ အ.လ.က-၂ သဃ်န်းကျွန်း**

## အသက် (၉၀) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်၊ ခေမာသီရိလမ်း၊ အမှတ် (၄၈၄)၊ လေးလွှာ(B)နေ (ဦးကျော်ခင်-ဒေါ်ညို)တို့၏ သမီး၊ (ဦးချစ်တင်-ဒေါ်သောင်း)တို့၏ သမီးချွေးမ၊ ဦးစိန်ဝင်း [အ.ထ.က-၃၊ တာမွေ-ငြိမ်း)၏ ဇနီး၊ [ဦးလှသိန်း (ရဲအုပ်-ငြိမ်း)-ဒေါ်သန်းနု]တို့၏ ညီမ၊ [ဦးချစ်ဆွေ(ကြေးမုံသတင်းထောက်-ငြိမ်း)]၊ [ဦးကြည်သိန်း (မန်နေဂျာ၊ ဆောက်လုပ်-ငြိမ်း)]-ဒေါ်မိမိသိန်း [အ.ထ.က-၁၊ ကမာရွတ်-ငြိမ်း)တို့၏ အစ်မ သည် ၂၆-၁၁-၂၀၂၃ (တနင်္ဂနွေနေ့) ည ၁၀:၀၅ နာရီတွင် သျှင်ပါကူဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၇-၁၁-၂၀၂၃ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးညွန့်တင်(ချောက်မြို့)

**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)**

**(ဆည်/မြောင်း ဦးစီးဌာန)**

## အသက်(၈၅)နှစ်

အမှတ်(၃၂)၊ တေဇလမ်း၊ ကြံခင်းစုရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ [ဒေါ်တင်တင်ဝင်း(ခ)ဒေါ်ထက်ထက်မြတ်]၏ ချစ်လှစွာသောခင်ပွန်း၊ သား/သမီး ခြောက်ယောက်တို့၏ ဖခင်ကြီး၊ မြေးကိုးယောက်တို့၏အဘိုးသည် ၂၆-၁၁-၂၀၂၃ ရက်တွင် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၁-၂၃ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

[ကွယ်လွန်သူအားရည်စူး၍ ၂-၁၂-၂၀၂၃ ရက်တွင် နေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## လူသားတို့၏ ကျန်းမာရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး

## “အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြေညာချက်”

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက် (၁၅)၊ မလိခလမ်း၊ မြေကွက်အမှတ် (၈၉၉) ဟုခေါ်တွင်သော အကျယ်အဝန်း အလျား×အနံ (၄၀×၆၀)ပေ မြေကွက်သည် ဒေါ်မြင့်မြင့်အမည်ပေါက် ပါမစ်မြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်ကြီးအနက်မှ အလျား×အနံ (၁၁×၆၀) ပေမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်တိုက်အိမ်၊ ရေ+မီး အပါအဝင် အိမ်ခြံမြေနှင့် ပတ်သက်သော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးနေဝင်း (၁၂/ဗတထ(နိုင်)၀၃၁၄၆၇) မှ ၎င်းတရားဝင် လက်ရှိပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုလျှက် အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းခြင်းကို ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူ ဒေါ်ယုယုမေ (၁၂/ရကန(နိုင်)၀၁၀၁၀၇) နှင့် ဒေါ်သီသီခင် (၁၂/ရကန(နိုင်) ၀၁၁၁၅၆) တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီး၍ ကန့်ကွက်ရန်ရှိပါက (၉. ၁၂. ၂၀၂၃) ရက်နေ့ နောက်ဆုံးထားပြီး ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အထက်ဖော်ပြပါနှစ်ဦးသဘောတူ အိမ်ခြံမြေအပြီးအပိုင်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်ဝင့်ဝင့်ထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၈၀၆၉)

အမှတ် (၁၂/၁၈၉)၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း ၀၉-၂၆၁၁၀၀၁၁၃၄

## အာဖရိကဝက် အပြင်းဖျားရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

အာဖရိကဝက်အပြင်းဖျားရောဂါသည် ဝက်များတွင် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားတတ်သော ကူးစက်မြန်ရောဂါတစ်ခုဖြစ်ပြီး မိမိတို့မွေးမြူထားသော ဝက်များကို အဆိုပါရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ(လုံးဝ)ကူးစက်ခြင်းမရှိပါ၊
(၂) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊
(၃) ဝက်ခြံများနှင့် သားငါးဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
(၄) ဝက်များကို စားသောက်ဆိုင်နှင့် အိမ်များမှ စားကြွင်းစားကျန်များ ကျွေးမည်ဆိုပါက အပူပြင်းပြင်းဖြင့် ချက်ပြုတ်ပြီးမှ ကျွေးမွေးရန်၊
(၅) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ရန်၊
(၆) အသက်အရွယ်တူ ဝက်များကိုသာ အတူတူမွေးမြူရန်၊
(၇) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊
(၈) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊
(၉) ဝယ်ယူသည့် ဝက်များကို မိမိခြံရှိဝက်များနှင့်အတူ ထည့်သွင်းမွေးမြူခြင်းမပြုမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊
(၁၀) ပြည်ပမှတရားမဝင် တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်းမပြုရန်၊
(၁၁) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်၊
(၁၂) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက် သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်း သတင်းပို့ရန်၊
(၁၃) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်း ရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့ အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်နှင့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **“ပညာရေးဆိုသည်မှာ အမျိုးမျိုးသော သင်ယူလေ့လာမှုနည်းလမ်းများမှတစ်ဆင့်ရရှိသည့် အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတ၊ ကျွမ်းကျင်မှု၊ စွမ်းရည်၊ အရည်အသွေးနှင့် တန်ဖိုးများ” ဟု ဖွင့်ဆိုသည်ကိုလည်းတွေ့ရ...**

❖ **လူတစ်ယောက်သည် ပညာကို မွေးကင်းစအရွယ်ကတည်းကစပြီး ဘဝတစ်သက်တာ သင်ယူလေ့လာနေကြရခြင်းဖြစ်...**

❖ **ပညာကိုသင်ယူလေ့လာထားသည့် လူတစ်ဦးချင်းစီသည် မိမိတတ်မြောက်ထားသည့် ပညာနှင့်ဘဝကို ပြည့်စုံအောင်မြင်အောင် တည်ဆောက်နိုင်မည်ဖြစ်သကဲ့သို့ မိမိကိုယ်တိုင်နှင့် မိမိပတ်ဝန်းကျင် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေပြီး လူ့အသိုက်အဝန်းကို အထောက်အကူပြုစေနိုင်မည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ်၊ မေလ ၁၈ ရက်နေ့တွင် ပြုလုပ်သော မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၃)ဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## MFF Futsal Championship 2023 ပြိုင်ပွဲဗိုလ်လုပွဲသို့ VUC အသင်းနှင့် Generations အသင်း တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၂၇**

MFF Futsal Championship 2023 ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို နိုဝင်ဘာ ၂၇ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ကျင်းပရာ လက်ရှိချန်ပီယံ VUC အသင်းနှင့် Generations အသင်း ဗိုလ်လုပွဲ တက်ရောက်ခဲ့သည်။

ဆီမီးဖိုင်နယ် ပွဲစဉ်များတွင် လက်ရှိချန်ပီယံ VUC အသင်းက M–Millions အသင်းကို ကိုးဂိုး–တစ်ဂိုး၊ Generations အသင်းက MIU အသင်းကို သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ လက်ရှိချန်ပီယံ VUC အသင်းသည် ဂိုးပြတ်နိုင်ပွဲနှင့်အတူ ဗိုလ်လုပွဲအဆင့်သို့ ထပ်မံတက်ရောက်နိုင်ခဲ့သည်။

**စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ❂**



VUC အသင်းနှင့် M–Millions အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

**ယနေ့ ဖတ်စရာ**

**စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ကျပ် ၅၀၀၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ**

စာမျက်နှာ » ၈

**တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ**

စာမျက်နှာ » ၂၈

## MNL ပြိုင်ပွဲတွင် ရှေ့ဝတီနှင့် ဒဂုံစတား နိုင်ပွဲရပြီး ကချင်ယူနိုက်တက် တန်းဆင်းခဲ့ရ


**နေပြည်တော် နိုဝင်ဘာ ၂၇**

၂၀၂၃ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၂၀) နောက်ဆုံးနေ့ကို နိုဝင်ဘာ ၂၇ ရက်က ဆက်လက်ကျင်းပရာ ရှေ့ဝတီနှင့် ဒဂုံစတားအသင်း နိုင်ပွဲရပြီး ကချင်ယူနိုက်တက်အသင်း တန်းဆင်းခဲ့ရသည်။

စာမျက်နှာ ၂၀ ကော်လံ ၅ သို့ ❍



ရှေ့ဝတီယူနိုက်တက်အသင်းနှင့် ကချင်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



## လေဖိအားနည်းရပ်ဝန်းဆက်လက်တည်ရှိနေ

**နေပြည်တော် နိုဝင်ဘာ ၂၇**

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော မလက္ကာရေလက်ကြားတို့တွင်ဖြစ်ပေါ်နေသောလေဖိအားနည်းရပ်ဝန်းသည်ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်–အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာနိုင်ကာ နိုဝင်ဘာ ၂၉ ရက်တွင် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်း၌ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ထိုမှတစ်ဆင့် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ကာ ဒီဇင်ဘာ ၁ ရက်တွင် ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ